# ရဲမြလွင်

# ဂျပန်အံ့ဖွယ်ပုံပြင်များ



THE COUPLE

## ဒို့တာဝန်အရေးသုံးပါး

* ပြည်ထောင်စုမပြိုကွဲရေး ဒို့အရေး
* တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး ဒို့အရေး
* အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး ဒို့အရေး

## ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက် ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေးဦးတည်ချက်(၄)ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး၊
* အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး၊
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး၊
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး၊

## စီးပွားရေးဦးတည်ချက်(၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး၊
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက် အောင် တည်ဆောက်ရေး၊
* နိုင်ငံတော်စီးပွားရေး တစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး၊

## လူမှုရေးဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး။
* အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး
* လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး။

စာအုပ် (၈)

# ရဲမြလွင်

# ဂျပန်အံ့ဖွယ်ပုံပြင်များ

THE COUPLE

၇၃ (F) ဒုတိယထပ်၊ စမ်းချောင်းလမ်း၊
စမ်းချောင်း၊ ရန်ကုန်။
ဖုန်း - ၅၁၂၀၄၆

စာမူခွင့်ပြုချက်အမှတ် - [၅၆/၂၀၀၄ (၇)]
မျက်နှာဖုံးခွင့်ပြုချက်အမှတ် - [၆၀/၂၀၀၄ (၁၀)]

ပုံနှိပ်ခြင်း - ပထမအကြိမ်၊ ဒီဇင်ဘာလ၊ ၁၉၉၃
ရဲမြလွင်စာပေ
- ဒုတိယအကြိမ်၊ နိုဝင်ဘာလ၊ ၂၀၀၄
The Couple
အုပ်ရေ - ၁၀၀၀
မျက်နှာဖုံး - ကိုဇင် (Star)
ကွန်ပျူတာစာစီ - Dream City
မျက်နှာဖုံးဖလင် - Stars
အတွင်းဖလင် - ပုံရိပ်ရှင်
စာအုပ်ချုပ် - ကိုမြင့်

ဦးသန်းဆွေ (ယာယီ-၇၆၀)၊ Unity စာပေ
၃၆၊ အပေါ်ဆုံးထပ်၊ ဟသ်ာတလမ်း၊ စမ်းချောင်းမြို့နယ်၊
ရန်ကုန်မြို့မှထုတ်ဝေ၍
ဒေါ်ခင်အေးမြင့် (၀၅၉၀၁)၊ ရာပြည့်အော့ဖ်စက်
အမှတ် ၁၉၉၊ လမ်း ၅၀၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့တွင်
မျက်နှာဖုံးနှင့်အတွင်းစာသားများကို ပုံနှိပ်သည်။

တန်ဖိုး - ၅၀၀ ကျပ်

# မာတိကာ


| | | |
|---|---|---|
| ၁။ | ဘဝင်မြင့်သော ပန်းသည် | ၁ |
| ၂။ | မီးသွေးဖုတ်သမား၏အိပ်မက် | ၃ |
| ၃။ | ပိုးကောင်ကလေးဖြစ်သွားသော ဦးချမ်းသာ | ၈ |
| ၄။ | ကြွက်နန်းတော် | ၁၆ |
| ၅။ | မြေခွေးမနှင့် လယ်သမား | ၁၉ |
| ၆။ | မာဂဓဦးထုပ် | ၂၂ |
| ၇။ | မြင်းဖြစ်သွားသော ခရီးသည်များ | ၂၂ |
| ၈။ | လက်နှစ်ဖက်ပြတ် သတို့သမီး | ၂၇ |
| ၉။ | သီချင်းဆိုသော အရိုးခေါင်းခွံ | ၃၇ |
| ၁၀။ | ခေါင်းပေါ်က တည်ပင် | ၄၂ |
| ၁၁။ | စည်ပိုင်းသည်နှင့် ထူးဆန်းသောတစ္ဆေ | ၄၄ |
| ၁၂။ | နတ်ဆင်းရဲနှင့် နတ်ချမ်းသာ | ၄၆ |
| ၁၃။ | ကတိတည်သူ | ၅၀ |
| ၁၄။ | ကတိပျက်သူ | ၅၅ |
| ၁၅။ | ယမမင်း၏ရှေ့တော်မှောက်ဝယ် | ၆၀ |
| ၁၆။ | အမေကိုစွန့်ပစ်သောသား | ၆၄ |
| ၁၇။ | ဦးကပ်စေးတို့သားအဖ | ၆၇ |

၁၈။ ဆင်၏အလေးချိန်ကိုကိုင်နည်း ၇၁
၁၉။ ဟာနဆကဂျီဂျီး (သို့) ပန်းများကိုပွင့်စေသော အဘိုးအို ၇၄
၂၀။ နင်းတောခု ဘုရင်မင်းမြတ် ၇၇
၂၁။ ဂျပန်ရိုးရာ စကားပုံ ပုံပြင်များ ၈၀
၂၂။ ဆိုင်းအောနေ့အုမ ၈၂
၂၃။ မောဘဆန်းဆင်း ၈၄
၂၄။ မောတောနော မောခုအာမိ ၈၆
၂၅။ ထဇောခု ၈၈

၂၆။ အုရရှို မားတားရော ၉၀
၂၇။ ကျောက်သားမှာ မြားစိုက်သလို ၉၃
၂၈။ မြင်းသေ၏အရိုး ငွေငါးရာဖိုး ၉၄
၂၉။ နွားဆွဲ၍ ကျောင်းထဲရောက်ရသည် ၉၆
၃၀။ မုဂ္ဂျန်း (အနုလုံ ပဋိလုံ) ၉၇
၃၁။ ကျောဆန်းဘောရှို ၉၈
၃၂။ ကျေးဇူးသိသော ခွေးကလေးဟာကျီ ၁၀၀
၃၃။ မော်မော်တားရော ၁၀၂

# ပထမအကြိမ် ထုတ်ဝေစဉ်က

## စာရေးသူ၏ အမှာစာ

"ဂျပန် အံ့ဖွယ်ပုံပြင်များ" ကို ဂျပန်ဘာသာမှ မြန်မာဘာသာသို့ တိုက်ရိုက်ပြန်ဆိုခဲ့ပါသည်။

ဤပုံပြင်များကို တည်းဖြတ်ပေးခဲ့သူများမှာ ၇ နှစ်သားအရွယ် ကျွန်တော်၏သား မောင်သက်ဖူးလွင်နှင့် ၁၀ နှစ်သမီးအရွယ် ကျွန်တော့် သမီး နီနီရဲလွင် တို့ ဖြစ်ကြပါသည်။ ကျွန်တော်သည် ညစဉ်ညတိုင်း ဂျပန်ပုံပြင်များကိုဖတ်၍ သားနှင့်သမီးအား ပြောပြခဲ့ပါသည်။ သားနှင့် သမီးတို့က "ဒီပုံပြင်ကဖြင့် ပျင်းစရာကြီး၊ ဒီပုံက မကောင်းဘူး"ဆိုသော ပုံပြင်များအား ချန်လှပ်၍ "ဒီပုံက နားထောင်လို့ကောင်းတယ်" "ဒီပုံက စိတ်ဝင်စားစရာကောင်းတယ်" ဆိုသော ပုံပြင်များကို ရွေးချယ်၍ ရေးသား ခဲ့ပါသည်။

ယခုခေတ် ပုံပြင်ရေးသားသူအချို့သည် ကလေးများ၏ ပင်ကို သဘာဝအား မေ့ထားကြဟန်တူပါသည်။ သူတို့သည် ကလေးများအား "လူကြီး အငယ်စားကလေးများ"ဟု မှတ်ယူထားကြသည့်အတွက် သူတို့ ရေးသားသောပုံပြင်များမှာ ကလေးများအတွက် မဟုတ်တော့ဘဲ လူကြီးဖတ် ပုံပြင်များ ဖြစ်သွားတတ်ပါသည်။ အမှန်တော့ ကလေးသည် ကလေးသာဖြစ်

ပါ၏။ ကလေးတို့၏ဦးနှောက်နှင့် အသိဉာဏ်ဖွံ့ဖြိုးမှုသည် (animation) ခေါ် စိတ်ကူးယဉ်ခြင်းအဆင့်မှ စတင်ကြပါသည်။

ကလေးများသည် အဘိုးအဘွားနှင့် မိဘဆရာသမားများပြောသော ဒဏ္ဍာရီပုံပြင်များကို နှစ်ခြိုက်ကြပါသည်။ နတ်သမီးပုံပြင်များထဲမှ စုန်းမကြီးကိုသော်လည်းကောင်း၊ နတ်မြင်းပျံကိုသော်လည်းကောင်း၊ လူပုကလေးများကိုသော်လည်းကောင်း စိတ်ဝင်စားနေတတ်ကြပါသည်။ ထိုအရာများအား ကျိုးကြောင်းမဆက်စပ်သောကြောင့်၊ ယုတ္တိမရှိသောကြောင့်ဟု မသိကျိုးကျွန်ပြုပါက ကလေးများ၏သဘာဝကို ပစ်ပယ်ရာကျနေပါလိမ့်မည်။

ဤပုံပြင်ကို ဖတ်ရှုမိသော ကလေးသူငယ်များသည် ကျွန်တော့်သားနှင့် သမီးတို့ကဲ့သို့ နှစ်သက်သဘောကျသည်ဆိုပါက ကျွန်တော်ကြိုးစားရကျိုးနပ်ပြီဟု ဆိုရပါမည်။

**ရဲမြလွင်**

# ဘဝင်မြင့်သော ပန်းသည်

ရှေးရှေးတုန်းက ရွာတစ်ရွာမှာ အလွန်ဆင်းရဲတဲ့ ပန်းသည်ယောကျ်ား တစ်ယောက် ရှိသတဲ့။ ဒီပန်းသည်ယောကျ်ားဟာ ဆင်းရဲလွန်းလို့ တဲကုပ် ကလေးတစ်ခုမှာ တစ်ယောက်တည်း နေထိုင်ရရှာတယ်။ သူ့မှာ မိဘ ညီအစ်ကိုမောင်နှမ တစ်ယောက်မှမရှိတဲ့အပြင် ရွာထဲက မိန်းမပျိုတွေက လည်း ဆင်းရဲလွန်းတဲ့ သူ့ကို ဘယ်သူကမှ အိမ်ထောင်မပြုလိုကြဘူးတဲ့။

ရောင်စုံဖူးပွင့်နေတဲ့ ပန်းများကို ရောင်းချနေရသည့်တိုင်အောင် သူ့အဖို့တော့ တစ်နေ့မှ ပျော်ပိုက်တယ်လို့ မရှိရှာဘူးပေါ့ကွယ်။ ပန်းသည် ဟာ နေ့တိုင်း မြို့ထဲကိုလည်ပြီး "ပန်းဗျို့... ပန်းယူကြဦးမလား" လို့ အော်ဟစ်ရောင်းချနေပေမယ့် တစ်နေ့မှ သူ့ပန်းတွေဟာ ရောင်းကုန်တယ် လို့ မရှိရှာဘူးတဲ့။

မြို့ထဲကပြန်တဲ့အခါ ရောင်းမကုန်လို့ကျန်တဲ့ ပန်းစည်းကလေးတွေ ကို ချောင်းထဲပစ်ချပြီး "ရေနတ်သမီးကို ဆက်ကပ်ပါတယ်ခင်ဗျာ" လို့ ပြောလိုက်သတဲ့။ အဲဒီအခါမှာ ရေတွေဟာ ပတ်ချာလည်ပြီး ပန်းတွေကို စုပ်ယူသွားရောတဲ့ကွယ်။

တစ်နေ့တော့ မိုးတွေသည်းထန်စွာ ရွာချတာပေါ့။ ပန်းသည်ဟာ မြို့ကနေအပြန် ချောင်းကိုဖြတ်ကူးမယ်လုပ်တဲ့အခါမှာ ချောင်းရေကျပြီး

တံတားကြီးပါ ရေထဲကို မျောပါသွားရောတဲ့ကွယ်။

"ဒုက္ခပါပဲ၊ ဒီလိုဆို ရွာကို ဘယ်လိုလုပ်ပြီး ပြန်ရပါ့မလဲ"

ပန်းသည်ဟာ ချောင်းနံဘေးမှာ အကြံအိုက်ပြီး ငေးငိုင်ကာ မတ်တတ် ရပ်နေတဲ့အခါ ချောင်းထဲက လိပ်ကြီးတစ်ကောင် ဘွားခနဲ ပေါ်လာရောတဲ့။

အဲဒီနောက် လိပ်ကြီးက "ကျုပ်ကျောပေါ် မြန်မြန်တက်ပါ"လို့ ပြောတဲ့ပုံစံမျိုးလုပ်ပြပြီး ပန်းသည်ရဲ့ခြေရင်းကို တိုးလာသတဲ့။ ပန်းသည်က ကြောက်ကြောက်လန့်လန့်နဲ့ လိပ်ကြီးရဲ့ ကျောကုန်းကိုလည်းဖက်လိုက်ရော လိပ်ကြီးဟာ ရေထဲကို ဝုန်းခနဲပြန်ဆင်းပြီး ငုပ်သွားတော့တာပေါ့။ ရုတ်တရက် ပန်းသည်ဟာလည်း လိပ်ကြီးကိုဖက်ရင်း မျက်စိကို တအားမှိတ်ကာ လိုက်ပါသွားရာကနေ "ဝေါ ... ဝေါ ... ဝေါ" ဆိုတဲ့ ရေသံကြီးနဲ့အတူ သတိမေ့သလို ဖြစ်သွားပါရောကွယ်။

ပန်းသည် သတိရလို့ မျက်စိဖွင့်ကြည့်လိုက်တော့ အလွန်လှပ ဆန်းကြယ်တဲ့ ရေအောက်ကမ္ဘာကို ရောက်ရှိနေတာကို တွေ့ရတော့တာ ပေါ့။ ပုံသဏ္ဍာန်အမျိုးမျိုး အရောင်အမျိုးမျိုး တောက်ပနေကြတဲ့ ငါးကလေး တွေကလည်း ရေထဲမှာ အေးချမ်းငြိမ်သက်စွာ ကူးခတ်နေကြတာကို တွေ့ နေရပြန်တယ်။ အဲဒီအချိန်မှာ ပန်းသည်ဟာ ...

"အမြဲတမ်း ပန်းလှလှကလေးတွေကိုလှူတဲ့ ပန်းသည်ကြီးကို ကျေးဇူးတင်ပါတယ်ရှင်"

ဆိုတဲ့ သိမ်မွေ့နူးညံ့တဲ့ အသံတစ်သံကို ကြားလိုက်ရတော့တယ်။ မကြာခင် သူလှူထားတဲ့ ပန်းခိုင်တွေဟာ စက်ဝိုင်းကြီးတစ်ခုလို ဝိုင်းကြီး ပတ်ပတ် ချာချာလည်နေပြီး ပန်းဝိုင်းကြီးရဲ့အလယ်မှာတော့ အလွန်လှပတဲ့ ရေနတ်သမီးကလေးတစ်ပါး ရေကူးနေတာကို တွေ့လိုက်ရသတဲ့။

"ပန်းတွေပေးခဲ့တာကို ကျေးဇူးဆပ်တဲ့အနေနဲ့ ဒီကလေးကိုခေါ်ပြီး မွေးစားဖို့ ပေးလိုက်ပါ့မယ်"

ရေနတ်သမီးကလေးဟာ ကလေးတစ်ယောက်ကို မချီလာပြီး ပန်းသည်ကိုပေးသတဲ့။

"ဒီကလေးကို ဂရုစိုက်ပြီး မွေးပါရင်၊ သူ့ကို ကောင်းကောင်းမွေးထားရင် ပန်းသည်ကြီးလည်း ကြံစည်သမျှ အောင်မြင်ပြီး လိုတရပါလိမ့်မယ်"

အမှန်တော့ ရေနတ်သမီး ယူလာပေးတဲ့ ကောင်ကလေးက တစ်စက်မှ မလှရှာဘူးကွဲ့။ မျက်ချေးထူလပျစ်၊ နှပ်ချေးတွဲလောင်းနဲ့ ပါးစပ်ကလည်း သွားရည်တွေယိုစီးနေတယ်။ ပန်းသည်က အဲဒီနှပ်ချေးထူကလေး ကို ကောက်ချီလိုက်တဲ့အခါ နှပ်ချေးထူလေးက "ရှလွတ်"လို့ နှပ်ချေးကို ရှုပ်လိုက်တယ်။ အဲဒီအခါ ပန်းသည်ယောကျ်ားနှင့် နှပ်ချေးထူကလေးဟာ "ဝုန်း"ဆို ပန်းသည်ရဲ့အိမ်ရှေ့ကို ရောက်သွားကြရောတဲ့ကွယ်။

"အင်း... တို့နှစ်ယောက်နေဖို့ဆိုရင်တော့ ဒီတဲကုပ်ကလေးက သေးလွန်းတယ်ကွာ"

ပန်းသည်က အဲဒီလို ညည်းတွားပြလိုက်တဲ့အခါ နှပ်ချေးထူကလေးက နောက်တစ်ခါ "ရှလွတ်"ဆိုပြီး နှပ်ချေးရှုပ်လိုက်ပြန်သတဲ့။ အဲဒီအခါ ပန်းသည်ယောကျ်ားရဲ့ တဲကုပ်ကလေးဟာ "ဝုန်း"ဆို အလွန်ထည်ဝါခန့်ညားတဲ့ အိမ်ကြီးတစ်အိမ်အဖြစ် ပြောင်းလဲသွားတော့တာပဲတဲ့ကွယ်။ ပန်းသည်ယောကျ်ားလည်း သူနဲ့ပါလာတဲ့ နှပ်ချေးထူကလေးရဲ့ အစွမ်းသတ္တိကို အရမ်းအံ့ဩသွားပြီး...

"တယ်စွမ်းပါလားကွ နှပ်ချေးထူရ၊ ဒီလိုဆိုရင် မင်း ဟောဒီ ငါ့အင်္ကျီအဟောင်းကြီးကို သစ်လာအောင် လုပ်ပေးနိုင်ပါ့မလား"လို့ ပြောလိုက်ပြန်သတဲ့။ ဒီအခါမှာလည်း နှပ်ချေးထူကလေးက "ရှလွတ်"လို့ နှပ်ချေးရှုပ်လိုက်တဲ့အခါမှာ ပန်းသည်ရဲ့ဟောင်းနွမ်းတဲ့အင်္ကျီအဝတ်အစားတွေဟာ အလွန်လှပဆန်းကြယ်တဲ့ အဝတ်အစားအသစ်အဖြစ် တစ်ခါတည်း ပြောင်းသွားပါရောတဲ့။ ပန်းသည်ကလည်း သူ့လောဘကို မသတ်နိုင်သေးဘူးတဲ့။

"နောက်ထပ် အိမ်မှာခိုင်းဖို့ အစေအပါးတွေ လိုချင်တယ်ကွာ"လို့ သူကပြောလိုက်တဲ့အခါ နှပ်ချေးထူကလေးက 'ရှလွတ်'လို့ နှပ်ချေးရှုပ်လိုက်

တော့ သူတို့ရှေ့မှာ “အိမ်စေယောကျ်ားသုံးယောက်နဲ့ မိန်းမနှစ်ယောက်’ ပေါ်လာပြန်ရောတဲ့။

“ပိုက်ဆံလိုသေးတယ်ကွာ၊ ရွှေဒင်္ဂါးသေတ္တာတွေကို ဖန်ဆင်းပေးပါဦး”

အဲဒီအခါမှာလည်း နှပ်ချေးထူကလေးက ‘ရှလွတ်’ ဆိုပြီး နှပ်ချေးရှုပ်လိုက်တဲ့အခါ ရွှေဒင်္ဂါးတွေအပြည့်ပါတဲ့ သေတ္တာကြီးဆယ်လုံး ပေါ်လာတော့သတဲ့။

ဒီလိုနဲ့ ဆင်းရဲသား ပန်းသည်ယောကျ်ားဟာ ခဏချင်း ချမ်းသာကြွယ်ဝသွားတာပေါ့ကွယ်။ သူလည်း ချမ်းသာလာရော ရွာထဲကလူတွေဟာ သူ့ကို ခင်မင်ချင် အသိအကျွမ်းလုပ်ချင်လာကြတော့တာပေါ့။ ပန်းသည်ယောကျ်ားကလည်း သူ့အိမ်လာသမျှလူတွေကို ကျွေးမွေးဧည့်ခံလိုက်တာ နံနက်ကနေ ညမိုးချုပ်တဲ့အထိ သူ့အိမ်မှာ ဧည့်သည်ပြတ်တယ်ရယ်လို့ မရှိဘူးတဲ့။ လာသမျှ ဧည့်သည်တွေကလည်း ပန်းသည်ကြီး ချောမောကြောင်း၊ ကျက်သရေရှိကြောင်း၊ ငွေကြေးချမ်းသာကြောင်း အမျိုးမျိုးမြှောက်ပင့်ပြီး ညာစားသွားကြသတဲ့။ ဒါကိုပဲ ပန်းသည်ယောကျ်ားဟာ သဘောကျနေပြီး တစ်ယောက်တည်း မြို့ထဲမှာ ယောင်လည်လည် ပန်းရောင်းခဲ့ရတဲ့ ဘဝကို မေ့သွားသတဲ့ကွယ်။

အဲဒီအတောအတွင်း ပန်းသည်ဟာ နှပ်ချေးထူကလေးကို တဖြည်းဖြည်း မျက်မုန်းကျိုးကာ အမြင်ကတ်လာတယ်တဲ့ကွယ်။ နှပ်ချေးထူကလေးကလည်း ဘယ်ဧည့်ခံပွဲကိုပဲသွားသွား နှပ်ချေးတွဲလောင်း သွားရည်တွဲလောင်းနဲ့ တကောက်ကောက်လိုက်နေသတဲ့။ ကြာတော့ ပန်းသည်ဟာ သည်းမခံနိုင်တော့ဘဲ . . .

“မင်းကိုကြည့်ရတာ ရွံစရာကောင်းလွန်းလို့ ငါဖြင့် အန်တောင်အန်ချင်တယ်၊ မင်းနဲ့နေရတာလည်း ကျက်သရေမရှိဘူး၊ ဒီတော့ မင်း ငါ့အိမ်က ထွက်သွားရင် ကောင်းမယ်”လို့ အော်ငေါက်ကြိမ်းမောင်းပြီး အိမ်ကနှင်ချတော့သတဲ့။ နှပ်ချေးထူကလေးဟာ ရုတ်တရက် ဝမ်းနည်းသလို

မှိုင်တွေသွားပြီးတဲ့နောက်မှာ ပန်းသည်အိမ်ပေါ်ကနေ တဖြည်းဖြည်းချင်း ထွက်ခွာသွားသတဲ့ကွယ်။ ပန်းသည်ရဲ့ ခြံဝင်းဂိတ်ပေါက်ဝကို ရောက်တဲ့အခါ ‘ရှလွတ်’ဆိုတဲ့ နှပ်ချေးထူကလေးရဲ့ နှပ်ချေးရှုပ်သံကို ကြားလိုက်ရပြီးတဲ့နောက်မှာ ပန်းသည်ယောကျာ်းပိုင်တဲ့ အိမ်အကြီးကြီးရယ်၊ အခိုင်းအစေတွေရယ်၊ ရွှေဒင်္ဂါးသေတ္တာတွေရယ်ဟာ အားလုံးပျောက်ကွယ်သွားပြီး ပန်းသည်ယောကျာ်းဟာလည်း နဂိုအတိုင်းပဲ တဲကုပ်ကလေးထဲမှာ ဟောင်းနွမ်းတဲ့အင်္ကျီနဲ့ ကျုံ့ကျုံ့ကလေးထိုင်ပြီး ကျန်ရစ်ခဲ့ပါလေရောတဲ့ကွယ်။

❑

# မီးသွေးဖုတ်သမား၏ အိပ်မက်

ကျုပ်ကတော့ မီးသွေးဖုတ်သမားပါပဲဗျာ။ ကျုပ်အဖေလည်း မီးသွေးဖုတ်သမားပဲဗျ။ ကျုပ်အဖေရဲ့အဖေ ကျုပ်အဘိုးလည်း မီးသွေးဖုတ်သမားပဲ။ ကျုပ်အဘိုးရဲ့အဖေလည်း မီးသွေးဖုတ်သမားပဲ ဖြစ်ခဲ့မှာ သေချာပါတယ်ဗျာ။

အဲ . . .အဲ . . . ဒီနေ့တော့ ကျုပ် မီးသွေးဖုတ်တဲ့အလုပ်ကို စွန့်လိုက်ပြီဗျို့။ မြို့ကိုသွားရဦးမယ်။ ကဲလေ ပြောနေကြာတယ် မြို့ကို စောစောရောက်အောင် ခပ်သုတ်သုတ်ကလေးလစ်မှ။

ခင်ဗျားပဲ စဉ်းစားကြည့်စမ်းပါဗျာ။ ဒီနေ့ ဒီအချိန်အထိ နံနက်မိုးလင်းကနေမိုးချုပ် မီးသွေးတွေကြားမှာ တစ်ကိုယ်လုံး မည်းသည်းနေအောင် လုပ်နေရပေမယ့် ကျုပ်တို့ဘဝက လူမွေးမပြောင်ပါဘူး။ အရင်တုန်းကလည်း ဆင်းရဲသားပဲ။ ခုလည်း ဆင်းရဲသားပဲ။ လူ့ဘဝဆိုတာ ဘယ်မှာလာလို့ပျော်နိုင်တော့မှာလဲဗျာ။ ဒါကြောင့်လည်း ကျုပ်က ဒီမီးသွေးဖုတ်တဲ့ နုံချာတဲ့အလုပ်ကို အပြီးအပိုင် စွန့်လွှတ်လိုက်ရတာပေါ့။ ဒီလိုဆိုတော့ မင်းဘာလုပ်စားမလဲလို့ ခင်ဗျားက မေးမယ်။

ဒီလိုဗျ၊ ကျုပ် ညက အိပ်မက်ဆန်းတစ်ခု မက်တယ်။ အိပ်မက်ထဲမှာ မုတ်ဆိတ်မွေးဖြူဖြူကြီးနဲ့ အဘိုးအိုကြီးတစ်ယောက်ကို တွေ့ရတယ်ဗျ။ သူက ကျုပ်ကို ဒီလိုပြောပြတယ်။

"မောင်မင်း ဒီတောင်ပေါ်ကဆင်းပြီး မြို့ထဲကို ရောက်အောင်သွားပါ၊ အဲဒီမြို့ထဲမှာ 'မီဆိုးကိုင်'လို့ခေါ်တဲ့ တံတားတစ်ခုကို တွေ့လိမ့်မယ်၊ အဲဒီတံတားပေါ်မှာ ဖွဲနဲ့ရပ်နေရင် မောင်မင်းအတွက် ကုသိုလ်ထူးလာလိမ့်မယ်"တဲ့။

အား အား မောလိုက်တာဗျာ။ ခုချက်ချင်း အသက်ထွက်တော့ မတတ်ပါပဲ။ မြို့ကလည်း ရောက်ဖို့ တော်တော်လိုသေးတယ်။ ဒါပေမဲ့ ရပ်နေလို့မဖြစ်သေးဘူးဗျို့။ တော်ကြာ မြို့မရောက်ဘဲ မီးသွေးဖုတ်သမားဘဝကို ပြန်ရောက်သွားဦးမယ်။ ကဲ...ကဲ... ဆက်ပြေးလိုက်ဦးမှ။

သွားပါများ ခရီးရောက်ဆိုတာ တယ်ပြီး မှန်တာပဲဗျို့။ မြို့ကိုတောင် မြင်ရပြီ။ ဟိုးက မြစ်ပေါ်ကတံတားဟာ အဘိုးကြီးပြောတဲ့ မီဆိုးကိုင်တံတားများလား မပြောတတ်ဘူး။ ဒါဆို သိပ်မှမဝေးတော့ဘဲ။ သုတ်သုတ်ကလေး လစ်လိုက်ဦးမှ။

ကျုပ်ဖြင့် ဘယ်လိုအရပ်မျိုးရောက်နေတယ်လို့ မပြောတတ်တော့ပါဘူးဗျာ။ မြို့ထဲရောက်မှ 'မီဆိုးကိုင်' တံတားကလည်း အရှာရခက်လိုက်တာ။ ဒီမြို့မှာနေကြတဲ့လူတွေကလည်း အကြင်နာတရားဆိုလို့ တစ်စက်မှ မရှိကြဘူး။ ဘယ်သူ့ကိုမေးမေး ဆေးဖော်ကြောဖက်လုပ်ပြီး ကျုပ်ကို ပြန်မဖြေကြဘူးဗျ။ သူတို့မပြောလည်း ဘာအရေးလဲ၊ ကိုယ့်အားကိုယ်ကိုးပြီး ရှာရမှာပေါ့။ နောက်ဆုံးတော့ နေဝင်ချိန်ရောက်မှ 'မီဆိုးကိုင်'တံတားကို တွေ့ရတော့တယ်။ တံတားစုတ်ကလေးပါဗျာ။

ကျုပ်ဖြင့် အဘိုးကြီးပြောတဲ့အတိုင်း တံတားဦးမှာ မလှုပ်မယှက် ရပ်နေလိုက်တာ မိုးတောင်စင်စင်လင်းလာခဲ့ပြီ။ ဘယ်သူကများ 'ကုသိုလ်ထူး'ကို ပြောလာပါလိမ့်မလဲလို့ နားကို စွင့်ထားမိပါတယ်။ မြို့သူမြို့သားတွေကလည်း သူတို့အလုပ်နဲ့ သူတို့ဆိုတော့ တစ်ယောက်မှ ကျုပ်ကို ဂရုမစိုက်ကြပါဘူးဗျာ။ သွားသုတ်သုတ် လာသုတ်သုတ်ပါပဲ။ တစ်နေ့သာ ကုန်သွားတယ်၊ ဘယ်သူကမှ လာမပြောကြဘူးဗျို့။

ဒါနဲ့ တဖြည်းဖြည်း မိုးချုပ်လာခဲ့တော့တာပေါ့။ လေအေးတွေက လည်း တဟူးဟူးတိုက်နေလိုက်တာ ကျုပ်ဖြင့် ချမ်းလွန်းလို့ မေးခိုက်ခိုက် တုန်နေပြီဗျို့။ တံတားပေါ်မှာ ရပ်နေလိုက်တာ သုံးရက်လောက်ကြာတော့ မိုးတွေ ဝေါခနဲ ရွာချလာပြန်တယ်ဗျို့။ ကံဆိုးမသွားရာ မိုးလိုက်လို့ရွာ ဆိုတဲ့ စကားလိုပေါ့ဗျာ။ ကျုပ်ကတော့ နေပူပူ မိုးရွာရွာ မုန်တိုင်းပဲတိုက် တိုက် တစ်ယောက်ယောက်က ကုသိုလ်ထူးကို လာမပြောမချင်း ဒီနေရာက တစ်ဖဝါးမှ မခွာတော့ဘူးဗျို့။

ငါးရက်မြောက် နံနက်မှာတော့ ကျုပ်ရပ်နေတဲ့နေရာနဲ့ မလှမ်း မကမ်းမှာရှိတဲ့ တို့ဟူးဆိုင်က ဆိုင်ရှင်ကြီးဟာ ကျုပ်ဆီကို လျှောက်လာ တော့တာပဲဗျို့။

“ဟေ့လူ ဘာဖြစ်လို့ ခင်ဗျား ဒီနားမှာ ဒီလောက်အကြာကြီး ရပ် နေရတာလဲ”လို့ သူက ကျုပ်ကိုမေးတယ်။ ကျုပ်လည်း မတတ်သာတဲ့အဆုံး ကျုပ်မြင်မက်ခဲ့တဲ့ အိပ်မက်အကြောင်း သူ့ကိုပြောပြမိတာပေါ့၊ ကျုပ် စကားကိုလည်းကြားရော တို့ဟူးဆိုင်က ငနဲဟာ ဘာကိုသဘောကျသွား တယ် မသိဘူး။ သူ့ပါးစပ်ပြဲကြီးနဲ့ တဟားဟား ရယ်တော့တာပဲဗျာ။

“ဒီလိုအိပ်မက်မျိုးတော့ ကျုပ်လည်း မက်ဖူးတာပါပဲဗျ၊ ကျုပ် အိပ်မက်ထဲမှာကတော့ အဘိုးအိုကြီးက ကျုပ်တို့မြို့ကနေ ဟိုးတောင်ပေါ်ကို တက်သွားရင် မီးသွေးဖုတ်တဲ့ တဲကလေးတစ်ခုတွေ့လိမ့်မယ်၊ အဲဒီတဲရဲ့ ရှေ့တည့်တည့်မှာ ကညင်ပင်ကြီးတစ်ပင်ရှိတယ်၊ အဲဒီကညင်ပင်ကြီးရဲ့ ခြေရင်းကို တူးကြည့်လိုက်ရင် ရွှေအိုးကြီးတစ်လုံး တွေ့လိမ့်မယ်လို့ ပြောတယ်ဗျ၊ အိပ်မက်ဟာ အိပ်မက်ပါပဲဗျာ၊ ကျုပ်တော့မယုံပါဘူး”

ကျုပ်လေ တို့ဟူးသည်ရဲ့စကားကိုလည်းကြားရော နောက်ပိုင်းကို လှည့်မကြည့်တော့ဘဲ ကျုပ်အိမ်ဘက်ဆီကို တစ်ချိုးတည်း ပြေးလာခဲ့ရတော့ တာပေါ့။

ပြေးရတယ်ဗျို့ ပြေးရတယ်။ တင်ပါးနဲ့ဖဝါး တစ်သားတည်းကျ အောင် ပြေးလာလိုက်တာ၊ မြေကြီးနဲ့ထိတယ်လို့တောင် မထင်ရတော့ဘူး။ နောက်ဆုံးတော့ ကျုပ်အိမ်ကို ဆိုက်လာတော့တာပါပဲ။

မောတယ်ပန်းတယ် သဘောထားနေဖို့ အချိန်မဟုတ်တော့ဘူးဗျို့။ ကျုပ်ဟာ ချက်ချင်းပဲ အိမ်ရှေ့မှာပေါက်နေတဲ့ ကညင်ပင်ကြီးရဲ့ခြေရင်းကို ပေါက်ပြားနဲ့ တူးနေမိတော့တယ်။ ဘယ်လောက်ပဲတူးတူး ခုထက်ထိ ဘာမှ မတွေ့ရသေးပါဘူးဗျာ။ ဒီလိုနဲ့ ဆက်တူးနေတုန်း တစ်ကြိမ်မှာ 'ထောက်'ခနဲ အိုးတစ်လုံးကို ပေါက်ပြားနဲ့တူးမိတော့တာပေါ့။ အိုးအဖုံးကို ဖွင့်ကြည့်လိုက်တော့ လား… လား… ရွှေဒင်္ဂါးတွေဗျို့၊ ရွှေဒင်္ဂါးတွေ။ နည်းတာမဟုတ်ဘူး။ အိပ်မက်မက်နေတာ မဟုတ်ပါစေနဲ့ဗျာ။ ကျုပ်တော့ ဒီနေ့ကစပြီး သူဌေးကြီးတစ်ဦး ဖြစ်လာခဲ့ပြီပေါ့ဗျာ။ ဒါပါပဲ။

❑

## ပိုးကောင်ကလေးဖြစ်သွားသော ဦးချမ်းသာ

"မေမေ ဘာမှမပူနဲ့နော်၊ သား အခုပဲ ဆေးခန်းကိုသွားပြီး ဆေးဝယ်လာခဲ့မယ်"

"နေပါစေသားရယ်၊ သားမှာမှ ဆေးဝယ်ဖို့ပိုက်ဆံမရှိတာ"

"မစိုးရိမ်ပါနဲ့ မေမေရာ၊ သား နောက်တစ်ကြိမ် ဦးချမ်းသာရဲ့အိမ်ကို သွားပြီး ပိုက်ဆံချေးပါဦးမယ်"

မိဘကျေးဇူးကို အလွန်သိတတ်တဲ့ သားကလေး မောင်သန့်စင်ဟာ ဦးချမ်းသာရဲ့အိမ်ကို အပြေးကလေးရောက်သွားမိတယ်။

"ဘာကွ၊ ပိုက်ဆံထပ်ချေးပါဦး ဟုတ်လား၊ အရင်ချေးထားတဲ့ ပိုက်ဆံတွေကိုတောင် ပြန်ဆပ်မယ်စိတ်မကူးဘဲ နောက်ထပ်လာချေးတာ မလွန်လွန်းဘူးလား၊ သွား သွား တစ်ပြားမှမချေးနိုင်ဘူး"

မောင်သန့်စင်ကလေးဟာ ပိုက်ဆံချေးမရတဲ့အတွက် စိတ်ပျက်သွားပြီး ရောဂါဝေဒနာခံစားနေရတဲ့ အမေ့ဆီကို အပြေးကလေး ပြန်လာမိတယ်။ ဒီလိုပြေးလာတုန်းမှာ ခလုတ်တိုက်ပြီး လဲကျသွားရာက မေ့မြောသွားတော့တယ်။

"အလို သနားစရာကောင်းလိုက်ပါဘိ ကလေးရယ်၊ မောင်ရင့်မှာ မကျန်းမာတဲ့မိခင်ကြီးကို ပူပင်သောကရောက်နေရှာတော့ ခလုံးကိုတောင်

မမြင်နိုင်ရှာဘူးပေါ့၊ ဒီကြားထဲ အာဟာရပြည့်အောင် မစားရပြန်တော့ သတိလစ်သွားရတာပေါ့”

လမ်းပေါ်မှာ ခွေခွေကလေးလဲကျနေတဲ့ မောင်သန့်စင်ကလေးကို အခုလို ကြင်ကြင်နာနာ ပြောလိုက်တဲ့သူကတော့ ဝတ်ဖြူစင်ကြယ်ဝတ်ထားတဲ့ အဘိုးအိုတစ်ဦးပဲကွဲ့။

“မိဘကျေးဇူးကိုသိတတ်တဲ့ လူကလေးအတွက် ဘိုးဘိုးလက်ဆောင်တစ်ခုပေးပါ့မယ်ကွယ်၊ ဟောဒီမှာကြည့်စမ်း ခုံဖိနပ်ကလေးတစ်ရံ၊ ဒီဖိနပ်ကလေးရဲ့အောက်မှာက ခြေနင်းခုံတစ်ခုတည်းပါတာမို့ မကြာခဏလဲလိမ့်မယ်၊ အဲဒီလိုလဲလိုက်တိုင်း ရွှေဒင်္ဂါးတစ်ပြား ထွက်လာလိမ့်မယ်ကွဲ့၊ ဒါပေမဲ့ တစ်ခါလဲရင် လူလေးရဲ့အရပ်လည်း နည်းနည်းနိမ့်သွားမှာမို့ သိပ်တော့ လောဘမကြီးနဲ့ပေါ့ကွယ်”

မောင်သန့်စင်လည်း ဖိနပ်ကလေးကိုယူပြီး “ကျေးဇူးတင်ပါတယ် ဘိုးဘိုး”လို့ပြောကာ မော့ကြည့်လိုက်တော့ ဝတ်ဖြူစင်ကြယ်အဘိုးအိုကို မတွေ့ရတော့ဘူးတဲ့ကွယ်၊ ဒါနဲ့ မောင်သန့်စင်ဟာ ဖိနပ်ကလေးကိုစီးပြီး

“အမေ့ရောဂါပျောက်ဖို့ဆိုရင် ငါ့အရပ်နိမ့်သွားတာလောက်တော့ ကိစ္စမရှိပါဘူး”လို့ဆိုကာ လမ်းလျှောက်တယ်။ ဒီအခါမှာ ‘ခလွပ်’ခနဲ ချော်လဲပြီး ရွှေဒင်္ဂါးကလေးတစ်ပြားဟာ ‘ရွှလွင်’ခနဲ ဖိနပ်အောက်က ထွက်လာတာပေါ့။

“ဟာ… ရွှေဒင်္ဂါးတစ်ပြားပါလား၊ ဒီရွှေဒင်္ဂါးနဲ့ မေမေ့အတွက် ဆေးဝယ်မယ်၊ ပြီးတော့ ကြက်သားဆန်ပြုတ်လည်း ဝယ်တိုက်ရမယ်”

မောင်သန့်စင်ဟာ ပြောပြောဆိုဆိုနဲ့ အိမ်ကို အပြေးကလေးပြန်လာခဲ့မိတယ်။ လမ်းမှာ ဆေးနဲ့ဆန်ပြုတ်ကို ဝင်ဝယ်ပြီး သူ့မေမေကို တိုက်ကျွေးတော့တာပေါ့၊ ပြီးတော့ သူရခဲ့တဲ့ဖိနပ်ကလေးအကြောင်းကိုလည်း ပြောပြတယ်။

“မေမေ အားရပါးရစားပါ မေမေရယ်၊ သားမှာ နောက်ထပ်ဝယ်ဖို့ ပိုက်ဆံတွေရှိပါသေးတယ်”

"သာဓုကွယ်... သာဓု၊ ငါ့သားလေးရဲ့ကောင်းမှုကြောင့် မေမေလည်း ထူထူထောင်ထောင် ဖြစ်လာခဲ့ပါပြီ၊ တို့သားအမိကို ဘုရား မ တာပဲ သားရယ်၊ သား စိတ်ထားကောင်းလို့ အခုလို ထူးဆန်းတဲ့ဖိနပ်ကလေး ရတာပေါ့"

အဲဒီလို သူတို့သားအမိ ပြောနေကြတဲ့စကားကို ဦးချမ်းသာက တစ်နေရာကနေ ချောင်းပြီး နားထောင်နေတယ်တဲ့ကွယ်။ ပြီးတော့မှ အိမ်ထဲကိုဝင်လာပြီး...

"ဒီခုံဖိနပ်ကို ငါယူသွားရလိမ့်မယ်၊ ငါ့ဆီက မင်းတို့ ချေးယူထားတဲ့ အကြွေးနဲ့ ခုနှိမ်တဲ့သဘောပေါ့ကွ" လို့ဆိုကာ မောင်သန့်စင်လေးဆီက ခုံဖိနပ်ကလေးကို အတင်းလုယူပြီး သူ့အိမ်ကို ထွက်သွားတော့တာပေါ့ကွယ်။

အိမ်ရောက်တော့ ဦးချမ်းသာဟာ ဖိနပ်ကလေးကိုစီးပြီး ထပ်ကာတလဲလဲ ခလုတ်တိုက် လဲကြည့်တဲ့အခါ ရွှေပြားတွေ တစ်ပြားပြီးတစ်ပြား ထွက်လာခဲ့တော့တာပေါ့ကွယ်။

"ဟယ်... ရွှေပြားတွေ အများကြီးပါလား၊ ဒီအတိုင်းသာ ဆက်လုပ်သွားရင် ဒီကမ္ဘာပေါ်မှာ ငါဟာ အချမ်းသာဆုံးဖြစ်မှာပဲဟေ့" လို့ဆိုပြီး ဦးချမ်းသာဟာ "ခလုတ်တိုက်လဲဦးဟာ၊ ရွှေပြားထွက်ဦးဟာ" လို့ ပြောပြောပြီး သူ့အိမ်မှာ တစ်နေကုန်လဲနေလိုက်တာ လောဘကြောင့် ရပ်လို့မရတော့ဘူးတဲ့ကွယ်။

* * *

"ဟောဗျာ... ဦးချမ်းသာ"

ညရောက်လို့ ဦးချမ်းသာရဲ့အခြေအနေကို လာကြည့်တဲ့ မောင်သန့်စင်ကလေးဟာ ထူးဆန်းတဲ့အဖြစ်အပျက်ကို တွေ့လိုက်ရတယ်တဲ့ကွယ်။ ဦးချမ်းသာရဲ့ ဧည့်ခန်းကြီးထဲမှာ ရွှေဒင်္ဂါးပြားတွေဟာ တောင်ကြီး

လို ပုံနေတယ်တဲ့။ အဲဒီရွှေဒင်္ဂါးပုံကြီးရဲ့ထိပ်မှာတော့ ဦးချမ်းသာဟာ ပိုးကောင်ကလေးအရွယ်လောက် သေးသွားတဲ့တိုင်အောင် . . .

“လဲဦးကွာ လဲဦးကွာ”

လို့ ရွှေပြားတွေကို တစ်ပြားပြီးတစ်ပြား ထုတ်လုပ်နေသတဲ့ကွယ်။

❑

## ကြွက်နန်းတော်

တစ်ခါတုန်းက ရွာတစ်ရွာမှာ အလွန်အလုပ်လုပ်တဲ့ အဘိုးအိုနဲ့ အဘွားအို လင်မယားနှစ်ယောက် ရှိသတဲ့ကွယ်။

"ရှင်မရေ... ငါ ဒီနေ့ တောင်ပေါ်ကိုတက်ပြီး ထင်းခွေလိုက်ဦးမယ်၊ ဆာတဲ့အခါ စားဖို့ တစ်ခုခုလုပ်ပေးလိုက်ပါဦး"

"ဟုတ်ကဲ့ ကိုရင်"

အဘွားအိုလည်းပဲ ထမင်းဆုပ်တွေကို ဖက်နဲ့ထုပ်ပြီး ပေးလိုက်တယ်တဲ့ကွယ်။ အဘိုးအိုဟာ နေမွန်းတည့်တဲ့အထိ ထင်းခွေနေပြီးတဲ့နောက် ဆာလာတာနဲ့ အဘွားအိုပေးလိုက်တဲ့ ဖက်ထုပ်ကို ဖွင့်ကြည့်လိုက်တဲ့အခါ အလွန်မွှေးကြိုင်တဲ့ ပဲထမင်းထုပ်ကို တွေ့လိုက်ရတာပေါ့ကွယ်။ အဘိုးအိုလည်း "ဆာတာနဲ့အတော်ပဲ"ဆိုပြီး ထမင်းဆုပ်တစ်ဆုပ်ကို ကောက်ကိုင်လိုက်တဲ့အခါမှာ ဖက်ထုပ်ထဲက အကြီးဆုံးထမင်းဆုပ်ဟာ အောက်ကို ကျပြီး မြေနိမ့်ရာကို လိမ့်ဆင်းသွားပါရောတဲ့ကွယ်။ အဘိုးအိုဟာ ထမင်းဆုပ်ကြီးကို နောက်က အမီလိုက်ဖမ်းတဲ့အခါမှာ ကြွက်တွင်းတစ်တွင်းထဲကို လိမ့်ဆင်းသွားပြန်သတဲ့။

အဘိုးအိုလည်း နှမြောလွန်းလို့ ထမင်းဆုပ်ကို ကြွက်တွင်းလက်တစ်ဆုံး နှိုက်ကြည့်ပေမယ့် လုံးဝ မတွေ့ရတော့ဘူးတဲ့ကွယ်။

"ဖြစ်မှ ဖြစ်ရလေကွာ"

အဘိုးအိုဟာ စိတ်မကောင်းဖြစ်ပြီး ကြွက်တွင်းဝမှာ ငေးငိုင်နေတုန်း ကြွက်တွင်းထဲက ကြွက်ကြီးတစ်ကောင် ထွက်လာပြီး...

"ခုနက ဘဘပေးတဲ့ ပဲထမင်းဆုပ်ကြီးက သိပ်ပြီး အရသာရှိတာပဲ ခင်ဗျာ၊ ဘဘကို ကျေးဇူးဆပ်တဲ့အနေနဲ့ ကျွန်တော်တို့ကြွက်နန်းတော်ကို ခေါ်သွားပါရစေ၊ ကျွန်တော့်အမြီးကို ခပ်မြဲမြဲဆွဲထားပါ"

အဘိုးအိုဟာ ဘုမသိဘမသိနဲ့ ကြွက်ကြီးရဲ့အမြီးကို ဆွဲထားလိုက်မိတယ်။

"ကဲ... မျက်စိမှိတ်ထားလိုက်ပါ ဘိုးဘိုး"

ကြွက်ကြီးက အဲဒီလိုပြောပြီး အဘိုးကြီးကို မြေအောက်ထဲကို ဆွဲခေါ်သွားတယ်တဲ့ကွယ်။ မကြာခင်မှာပဲ ဆိုင်းသံဗုံသံတွေကို ကြားလာရတော့တယ်။

"ကဲ... ရောက်ပြီ ဘိုးဘိုး၊ မျက်စိဖွင့်လို့ရပါပြီ"

အဘိုးအိုက မျက်စိဖွင့်ကြည့်လိုက်တော့ အလွန်လှပခန့်ညားတဲ့ နန်းတော်ကြီးတစ်ခုကို တွေ့ရပြီး မြောက်မြားလှစွာသော ကြွက်တွေက "ကြိုဆိုပါတယ် ဘိုးဘိုး"လို့ ပြိုင်တူဟစ်ကြွေးကြိုဆိုပြီး ကကြခုန်ကြ သီချင်းဆိုကြသတဲ့ကွယ်။ ပြီးတော့ အဘိုးအိုကို စားကောင်းသောက်ဖွယ်တွေနဲ့ ညှေ့ခံကျွေးမွေးပြီး အပြန်မှာ ရွှေထုပ်ကြီးတစ်ထုပ် လက်ဆောင်ပေးလိုက်ကြပြန်သေးတယ်။

ဒီလိုနဲ့ အလွန်အလုပ်ကြိုးစားတဲ့ အဘိုးအိုနဲ့ အဘွားအိုတို့ဟာ ချက်ချင်း ချမ်းသာသွားကြတာပေါ့ကွယ်။ အဲဒီသတင်းကို တစ်ရွာတည်းမှာ နေထိုင်တဲ့ အလွန်လောဘကြီးပြီး စိတ်ထားယုတ်တဲ့ အဘိုးကြီးက ကြားသွားတာပေါ့ကွယ်။ စိတ်ထားယုတ်တဲ့ အဘိုးကြီးဟာ ငါလည်း သူတို့လို ချမ်းသာအောင်လုပ်မှပဲလို့ စိတ်ဆုံးဖြတ်လိုက်ပြီးတဲ့နောက်မှာ တောင်ထိပ်က ကြွက်တွင်းထဲကို ထမင်းဆုပ်တွေ ခြေထောက်နဲ့ကန်ချသတဲ့။

ထုံးစံအတိုင်း ကြွက်ကြီးထွက်လာတဲ့အခါ သူ့အမြီးကိုဆွဲပြီး အဘိုးကြီးက . . .

"ကဲ . . .ကဲ . . . ကြွက်နန်းတော်ကို မြန်မြန်ပို့စမ်းကွာ"လို့ အော်ငေါက်ခိုင်းလိုက်သတဲ့။ မကြာခင်မှာပဲ ကြွက်နန်းတော်ထဲ ရောက်သွားတဲ့အခါမှာ ကြွက်ကလေးတွေကတော့ ယခင်အဘိုးအိုလိုပဲ သီဆိုကခုန်ပြီး ကြိုဆိုကြရှာသတဲ့။

ဒါပေမဲ့ စိတ်ထားယုတ်တဲ့ အဘိုးအိုကြီးက ရွှေထုပ်တွေကို အများကြီးလိုချင်တာနဲ့ . . .

"ညောင် . . . ညောင်"လို့ ကြောင်ကြီးလိုအော်လိုက်တဲ့အတွက် ကြွက်တွေဟာ လန့်ပြီးထွက်ပြေးကြတာပေါ့ကွယ်။ ကြွက်တွေလည်း ထွက်ပြေးရော နန်းတော်ကြီးတစ်ခုလုံးမှာ မီးတွေငြိမ်းပြီး ပိန်းပိတ်အောင် မှောင်သွားတော့တယ်တဲ့ကွယ်။ အဘိုးကြီးလည်း ထွက်ပေါက်ကို ရှာမတွေ့တဲ့အတွက် မြေကြီးတွေကို လက်နဲ့ယက်ပြီး အပြင်ကိုထွက်ဖို့ ကြိုးစားရတာပေါ့၊ အဲဒီလို မြေကြီးတွေကို တူးရင်းတူးရင်းနဲ့ စိတ်ထားယုတ်တဲ့ အဘိုးကြီး ဟာ ပူးကြီးတစ်ကောင်အဖြစ် ပြောင်းလဲသွားပါရောတဲ့ကွယ်။

❑

## မြေခွေးမနှင့် လယ်သမား

နွေရာသီရဲ့နေမင်းကြီးဟာ ခေါင်းအပေါ်တည့်တည့်မှာ ချစ်ချစ်တောက် ပူပြင်းနေတော့တာပါပဲရှင်။ ကျွန်မရဲ့ရှေ့တည့်တည့် တံလျှပ်တွေထနေတဲ့ လယ်ကွင်းပြင်ကြီးရဲ့အလယ်မှာတော့ ယောကျ်ားသားတစ်ယောက်ဟာ လယ်ကွင်းရဲ့အလယ်မှာ ပေါင်းသင်နေလေရဲ့။ ကျွန်မဟာ လျှောက်ရင်း လျှောက်ရင်း ခေါင်းထဲမှာ ပြာဝေလာရာက ဘာဆိုဘာမှ သတိမရတော့ဘဲ မိုက်ခနဲ လဲကျသွားတော့တာပါပဲ။

မြေသင်းနံ့နဲ့ ယောကျ်ားသားတစ်ယောက်ရဲ့ ချွေးနံ့တွေလုံးပြီး ကျွန်မရဲ့နှာခေါင်းဝကို တိုးဝှေ့ဝင်ရောက်လာကြတာကို ကျွန်မ သတိထားလိုက်မိပါတယ်။ ကျွန်မ မျက်လုံးကို အားယူပြီး ဖွင့်ကြည့်လိုက်တော့ မေးရိုးကားကား၊ နှုတ်ခမ်းထူထူနဲ့ နေလောင်လို့ ညိုမောင်းနေတဲ့မျက်နှာပိုင်ရှင် လူညိုထွားကို စပြီး တွေ့လိုက်ရပါတော့တယ်။ ကျွန်မဟာ အဲဒီလူညိုထွားကြီးရဲ့ ရင်ခွင်ထဲကို ရောက်နေတာပေါ့ရှင်။

“ဘယ်လိုဖြစ်ရတာလဲ ကလေးမရယ်”

ကျွန်မက အားယူပြီး အဖြေပေးလိုက်ချင်ပေမယ့် ကျွန်မရဲ့နှုတ်ခမ်းတွေကို ဟဖို့ အားမရှိတော့ဘူး။

"ကဲပါလေ၊ ဒီမှာနေလို့မသင့်ဘူး ကလေးမရဲ့၊ ကျုပ်အိမ်ကို လိုက်ခဲ့၊ ကျုပ်အိမ်က သိပ်မကောင်းပေမယ့် ကလေးမ နေကောင်းသွားတဲ့ အထိတော့ နားနားနေနေ တည်းလို့ရပါတယ်"

လူညိုထွားကြီးဟာ ကျွန်မရဲ့ကိုယ်ကလေးကို ဇွေ့ခနဲ မတင်ပြီး သူ့အိမ်ဘက်ဆီကို ချီပိုးသွားပါတော့တယ်။ နှစ်ရက် သုံးရက်လောက် ကြာတော့ ကျွန်မလည်း ပြန်ပြီး ကျန်းမာလာခဲ့တယ်။

"တော်ပါသေးရဲ့ကွယ်၊ ကဲ ကဲ ကလေးမ မင်းရဲ့အိမ်ကိုပြန်လို့ ရပါပြီ"

အမှန်တော့ ကျွန်မမှာ ပြန်ဖို့အိမ်မှမရှိဘဲရှင်၊ ဟိုးဝေးလံတဲ့ တောနက်ကြီးထဲမှာ ကျွန်မ တစ်ယောက်တည်း နေရတာမဟုတ်လား၊ ဒါနဲ့ ကျွန်မက လူညိုထွားကြီးကို သူ့အိမ်မှာပဲ အလုပ်တစ်ခုခုပေးထားဖို့ တောင်းပန်ရတော့တာပေါ့။ လူညိုထွားကြီးကတော့ ပါးစပ်က ဘာမှမပြောဘဲ ခေါင်းညိတ်ပြရှာပါတယ်။ သဘောတူပါတယ်ဆိုတဲ့ အဓိပ္ပာယ်ပေါ့။

ကျွန်မလေ သူ့ရဲ့အိမ်မှာ ကြိုးစားပြီး အလုပ် လုပ်ပြပါတယ်။ သူကလည်း တကယ်ကို အလုပ်ကြိုးစားတဲ့ လူပါပဲရှင်။ ကျွန်မအဖို့တော့ ဒီလူညိုထွားကြီးရဲ့အိမ်မှာနေရတာ ဒေင်ဥယျာဉ်ကြီးထဲမှာနေရသလို သိပ်ပျော်စရာကောင်းတာပါပဲရှင်။ ကြာတော့ ကျွန်မ စိတ်တွေ ဘယ်လိုဖြစ်လာတယ် မသိဘူး၊ သူ့ကို တွယ်တာလာခဲ့မိတယ်။ အထီးကျန် ဘဝတူချင်းမို့ လားမပြောတတ်ပါဘူးရှင်၊ သူနဲ့ကျွန်မဟာ မကြာခင်မှာပဲ မေတ္တာမျှပြီး အိမ်ထောင်ကျသွားကြတယ်လို့ ဆိုကြပါစို့ရှင်။ တစ်နှစ်လောက်ကြာတော့ အလွန်ချစ်စရာကောင်းတဲ့ သားယောကျ်ားကလေးတစ်ယောက် ထွန်းကားလာခဲ့တော့တယ်။

ကလေးကလည်း အကြီးမြန်လိုက်တာရှင်။ သူ့အဖေလိုပဲ ကြီးလာရင် လူညိုထွားကြီးဖြစ်လာမှာ သေချာပါတယ်။ ကျွန်မရဲ့ခင်ပွန်းသည် ဖြစ်လာတဲ့ လူညိုထွားကြီးဟာ သားစားဖို့၊ မယားစားဖို့အတွက် အရင်ကထက် ပိုပြီးအလုပ်ကြိုးစားရှာတော့တာပေါ့ရှင်။ ကျွန်မတို့ မိသားစုအဖို့

တော့ ပျော်စရာကောင်းတဲ့နေ့တွေဟာ တစ်နေ့ပြီးတစ်နေ့ ဆက်တိုက် ရောက်လာနေခဲ့တော့တာပေါ့။

ဒါပေမယ့် တစ်နေ့မှာတော့ လူညိုထွားကြီး လယ်ထဲထွက်သွားတဲ့ အချိန်မှာ ကျွန်မက သားလေးကိုဖက်ပြီး အိပ်မောကျသွားတော့တာပေါ့။ လူညိုထွားဟာ ဘာကြောင့်ရယ်မပြောတတ်ဘူး၊ လယ်ထဲက အိမ်ကို အစောကြီးပြန်လာပြီး ကျွန်မတို့သားအမိ အိပ်ပျော်နေတာကို တွေ့သွား တော့တာပါပဲရှင်။

"လက်စသတ်တော့ မင်းက… မင်းက…"

သူ့ရဲ့ တုန်ရီတဲ့အသံကိုကြားရတော့မှ ကျွန်မလည်း ဖျတ်ခနဲ လန့်နိုးလာခဲ့တော့တယ်။ အမှန်တော့ ကျွန်မ အိပ်ပျော်နေတုန်း လုံချည် အစွန်းကနေ ကျွန်မရဲ့အမြီးက အပြင်ဘက်ကို ထွက်နေတာကိုး။ ကျွန်မ လည်း ဆတ်ခနဲ သားကလေးကို တအားဖက်တွယ်ထားလိုက်မိတယ်။ ပြီးတော့ အိမ်ထဲက တအားကုန်ထွက်ပြေးလာခဲ့မိတယ်။

"ဟေး… ဟေး… မပြေးနဲ့လေ"

ဒါပေမဲ့ ကျွန်မ ဘယ်လိုမှ ဒီအိမ်မှာနေလို့ မရတော့ပါဘူးရှင်။ ကျွန်မကိုက ကံဆိုးပါတယ်။ ဒီလောက်လှတဲ့ သားကလေးရပြီးခါမှ ခွဲခွာ ရတော့မယ်။ လေမင်းရယ် အမြန်တိုက်ပြီး ကျွန်မကို မိုးကောင်းကင်ထဲ အထိ မချီသွားပါတော့။

"မပြေးနဲ့လေ ကလေးမ"

ဒါနဲ့ ကျွန်မကလည်း ကလေးကိုချထားပြီး ဆက်ပြေးရပြန်တယ်။ တဖြည်းဖြည်းနဲ့ လူညိုထွားကြီးနဲ့ ကျွန်မရဲ့သားလေးရဲ့အသံကို မကြားရ တော့တဲ့အထိ ဝေးကွာသွားခဲ့ပြီပေါ့ရှင်။ မကြာခင်မှာပဲ ကျွန်မရဲ့ခန္ဓာကိုယ် ဟာ တဖြည်းဖြည်းနဲ့ မြေခွေးမတစ်ကောင်ရဲ့ပုံသဏ္ဍာန်ကို ပြောင်းလဲသွား တော့တာပါပဲရှင်။ သားကလေးနဲ့ လူညိုထွားကြီးရေ… တာ့တာ။

❑

## မာဂခဦးထုပ်

ဟိုးရှေးရှေးတုန်းက သစ်ခုတ်သမားတစ်ယောက်ဟာ သစ်ပင်ကြီးတွေကို ခုတ်လှဲဖို့အတွက် တောနက်ကြီးထဲကို တစ်ယောက်တည်း ဝင်လာခဲ့တယ်တဲ့ကွယ်။ တောထဲကိုသွားတဲ့လမ်းကလည်း အကွေ့အကောက်တွေ များလွန်းတော့ ဝင်္ကပါထဲကို လမ်းလျှောက်ရသလိုပဲတဲ့။ သစ်ခုတ်သမားကြီးကတော့ သွားနေကျ လာနေကျလမ်းမို့ မျက်စိလုံးဝမလည်ဘဲ ခပ်သွက်သွက်ကလေး လျှောက်လှမ်းလာခဲ့တယ်တဲ့ကွယ်။

"အလို ဒီလိုနေရာမျိုးမှာ ဘာကြောင့်များ တောခွေးတွေ စုပြုံနေကြတာပါလိမ့်"

အနားကိုသွားကြည့်လိုက်တော့ အဲဒီတောခွေးတွေဟာ တစ်ခုခုကို ဝိုင်းအုံလုယက်စားသောက်နေကြတာကို တွေ့ရတယ်တဲ့။ သူတို့ ဝိုင်းအုံစားသောက်နေတဲ့အရာက မြင်းသေကြီးတစ်ကောင် ဖြစ်နေတယ်ကွဲ့။

"ဟေ့ကောင်တွေ ဟေ့ကောင်တွေ သွားကြစမ်း၊ သူ့ခများ သနားပါတယ်ကွာ"

သစ်ခုတ်သမားကြီးက တောခွေးတွေကို မောင်းထုတ်ပြီး မြင်းသေကြီးကို မြေမှာမြှုပ်ဖို့လုပ်နေတုန်း သူ့ရဲ့ရှေ့မှာရှိတဲ့ ချုံပုတ်ထဲက တောခွေး

ပိန်ပိန်ကလေးတစ်ကောင်ဟာ မျက်လုံးအဝိုင်းသားနဲ့ မျှော်ကြည့်နေတာကို တွေ့ရသတဲ့ကွယ်။

"သြော်... သြော် မင်းကလေးက မြင်းသားမစားရသေးဘူးကိုး၊ ကဲကဲ ရော့ မြင်းသားတစ်တုံး၊ စားပြီးရင် ဒီနေရာက မြန်မြန်ထွက်သွားကွာ"

ချုံပုတ်ထဲက တောခွေးပိန်ပိန်ကလေးဟာ သစ်ခုတ်သမားကြီး ပစ်ပေးလိုက်တဲ့ မြင်းသားတုံးကိုကိုက်ချီရင်း သစ်ခုတ်သမားကြီးကို လှည့်ကြည့်လှည့်ကြည့် လုပ်ကာ တောထဲကို ဒယိမ်းဒယိုင် ဝင်ပြေးသွားပါရောတဲ့ကွယ်။

နောက်တော့ သစ်ခုတ်သမားဟာ တောနက်ထဲကို ဆက်ဝင်သွားပြီး သစ်ပင်ကြီးတွေကို ခုတ်လှဲနေတယ်တဲ့။ "ခွပ်... ခွပ်... ခွပ်" ဆိုတဲ့ သစ်ခုတ်သမားရဲ့ပုဆိန်သံဟာ တောထဲမှာ ပဲ့တင်ထပ်ပြီး ပေါ်ထွက်လာတယ်။ နောက်တော့ ပုဆိန်သံနဲ့အတူ 'ဝု...' 'ဝု...'ဆိုတဲ့ အသံတွေပါ ရောထွေးထွက်ပေါ်လာတဲ့အတွက် သစ်ခုတ်သမားက ခဏနားပြီး ကြည့်လိုက်တဲ့အခါမှာ စောစောက မြင်းသားပေးလိုက်တဲ့ တောခွေးပိန်ပိန်ကလေးက လှမ်းခေါ်နေတာကို တွေ့ရတော့တာပေါ့။

မြင်းသားစားလိုက်ရလို့ အားရှိသွားပုံပေါ်တဲ့ တောခွေးလေးဟာ သစ်ခုတ်သမားကြီးရဲ့အနားကို ကပ်လာပြီး သူ့ရဲ့ဘောင်းဘီစကိုဆွဲပြီး တစ်နေရာကို ခေါ်နေတော့တယ်။ သစ်ခုတ်သမားကြီးလည်း ပုဆိန်ကိုချပြီး တောခွေးကလေးခေါ်တဲ့နေရာကို လိုက်လာခဲ့မိတာပေါ့။ ဒီလိုနဲ့ တောခွေးကလေးနဲ့ သစ်ခုတ်သမားတို့ဟာ အလွန်နက်တဲ့ တောအုပ်ကြီးထဲကို ရောက်သွားကြတယ်။ သစ်ခုတ်သမားလည်း ဘယ်ရောက်လို့ ဘယ်ပေါက်နေမှန်းတောင် မသိတော့ဘူးတဲ့။ နောက်ဆုံးတော့ အလွန်ကြီးမားတဲ့ ဂူကြီးတစ်ခုအတွင်းကို ရောက်သွားကြတယ်။ ဂူထဲကိုရောက်တော့ အလွန်အိုမင်းနေပြီဖြစ်တဲ့ တောခွေးအိုကြီးနှစ်ကောင်က အသံရှည်ကြီးဆွဲအူလိုက်ပြီး သစ်ခုတ်သမားကို အကြိမ်ကြိမ် ဦးနှိမ်ပြီး ကန်တော့ကြသတဲ့ကွယ်။

အမှန်တော့ ဒီခွေးအိုကြီးနှစ်ကောင်ဟာ တောခွေးပိန်ကလေးရဲ့ မိဘများဖြစ်ကြပြီး မြင်းသားပေးလိုက်တဲ့ သစ်ခုတ်သမားကြီးကို ကျေးဇူးတင်လွန်းလို့ ကန်တော့နေကြတာပဲကွဲ့။ ဒါကို သစ်ခုတ်သမားကြီးက နားမလည်ရှာဘူး။ နောက်တော့ တောခွေးအိုကြီးတစ်ကောင်က ဦးထုပ်အနီကြီးတစ်ခုကို သစ်ခုတ်သမားကြီးကို ဆွဲလာပေးတယ်။

"ဒီဦးထုပ်ကို ကျုပ်က ဘာလုပ်ရမှာလဲ"

သစ်ခုတ်သမားကြီးဟာ ပြောပြောဆိုဆို ဦးထုပ်ကြီးကိုယူပြီး ဆောင်းကြည့်လိုက်တယ်။ ဦးထုပ်ကိုလည်း ဆောင်းလိုက်ပါရော–

"ဒါဟာ မာဂခဦးထုပ်လို့ခေါ်ပါတယ်"ဆိုတဲ့ လူသားတစ်ဦးရဲ့ စကားကို ပီပီသသကြားလိုက်ရတော့တယ်။

"ဒီဦးထုပ်ဆောင်းတဲ့သူဟာ ကျေးငှက်တိရစ္ဆာန်အားလုံးရဲ့စကားကို အကုန်လုံး နားလည်နိုင်ပါတယ်"

ဒီတော့မှ သစ်ခုတ်သမားကြီးဟာ သူ့ကို မြေခွေးအိုကြီးက စကားပြောနေတယ်ဆိုတာကို သဘောပေါက်သွားတော့တယ်။

"ခင်ဗျားကို ကျေးဇူးဆပ်တဲ့အနေနဲ့ ဒီဦးထုပ်ကို လက်ဆောင်ပေးလိုက်ပါရစေ"

သစ်ခုတ်သမားကြီးလည်း အလွန်ပျော်ရွှင်သွားပြီး ခွေးအိုကြီးတွေရဲ့ ဂူထဲကနေ ထွက်လာခဲ့တယ်။ လမ်းကျတော့ ယုန်ကလေးတွေ၊ သမင်ကလေးတွေ၊ ငှက်ကလေးတွေရဲ့ စကားပြောသံတွေကို အကုန်လုံးကြားလာရတော့တာပေါ့ကွယ်။ လမ်းမှာ အတော်ကလေး မောပန်းလာတဲ့အတွက် သစ်ပင်ကြီးတစ်ပင်အောက်မှာ ဝင်နားတဲ့အခါ သစ်ခုတ်သမားကြီးဟာ သစ်ပင်ပေါ်က ကျီးကန်းနှစ်ကောင် စကားပြောတာကို အခုလိုကြားလာရတယ်တဲ့ကွယ်။

"အား ... အား ... အား၊ ရှေ့နားက ရွာကသူကြီးသမီးကလေးတော့ ဒီရောဂါနဲ့ပဲ သေတော့မယ်ထင်ပါရဲ့ရှင်မရာ"

"အား ... အား ... သနားစရာကောင်းလိုက်တာရှင်"

"အမှန်တော့ သူကြီးရဲ့အပြစ်ပဲ ရှင်မရ၊ သူ့အိမ်ကြီးဆောက်တုန်းက ကြမ်းခင်းရဲ့အောက်မှာ မြွေကြီးတစ်ကောင်ကို သံနဲ့ရိုက်မိထားတယ်၊ ဒီမြွေကြီးကိုလွှတ်လိုက်ရင်တော့ သူကြီးရဲ့သမီးလေးလည်း အသက်ချမ်းသာရာရမှာပဲ"

"အ... အဟုတ်လား၊ ခက်တာပါပဲရှင်၊ ကျွန်မတို့ကျီးကန်းတွေရဲ့စကားကို လူသားတွေက နားမလည်ကြတော့ အတော်ခွကျတယ်"

"သူကြီးသမီးကလေးတော့ သနားပါတယ်ကွာ အား... အား... အ"

အဲဒီလို ကျီးကန်းတွေပြောနေကြတဲ့စကားကို သစ်ခုတ်သမားကြီးကြားတော့ အတော့်ကို အံ့သြသွားတာပေါ့ကွယ်။ ဒါနဲ့ သစ်ခုတ်သမားကြီးဟာ ချက်ချင်းပဲ သူကြီးအိမ်ဘက်ဆီကို ပြေးထွက်လာခဲ့တော့တယ်။ သူကြီးကလည်း သူ့သမီးကလေးသာ အသက်ချမ်းသာရာရရင် ဘာပဲပေးရပေးရ ပေးပါမယ်လို့ ကြေညာထားသတဲ့။ သစ်ခုတ်သမားကြီးဟာ သူကြီးအိမ်ကိုရောက်တော့ လမ်းမှာ ကျီးကန်းတွေဆီက ကြားရတဲ့စကားကို ပြန်ပြောပြတာပေါ့။

သူကြီးလည်း ချက်ချင်းပဲ လက်သမားကိုခေါ်ပြီး အိမ်ကြမ်းခင်းက ပျဉ်ပြားကို လှန်ကြည့်လိုက်တဲ့အခါ မြွေကြီးတစ်ကောင် သံမှိုနဲ့ရိုက်မိထားတာကို တွေ့ကြရတယ်တဲ့။ မြွေကြီးဟာ အစာမစားရတဲ့အတွက် ပိန်လှီနေပေမယ့် သေတော့မသေသေးဘူးတဲ့ကွယ်။ အဲဒီမြွေကြီးရဲ့ဘေးမှာကျန်တဲ့ မြွေကြီးတစ်ကောင်က အပြင်က အစာတွေယူလာပြီး ရာကျွေးနေသတဲ့ကွယ်။ သူကြီးလည်း သနားတာနဲ့ သံစွဲနေတဲ့မြွေကြီးကို သံနုတ်ပြီးလွှတ်ပေးလိုက်တယ်။ ပြီးတော့ ပိန်လှီနေတဲ့ မြွေကြီးကိုလည်း အစာကောင်းတွေ ကျွေးမွေးသတဲ့။

ထူးဆန်းတာက မြွေကြီး တဖြည်းဖြည်း ကျန်းမာလာတာနဲ့အတူ သမီးလေးရဲ့ရောဂါဟာလည်း တစ်စတစ်စ သက်သာလာပါရောတဲ့ကွယ်။ နောက်ဆုံးမှာ သံမှိုစွဲတဲ့မြွေကြီးဟာ သူ့အဖော်နဲ့အတူ ပန်းခြံထဲကို ဝင်

သွားပါရော။ အဲဒီနေ့မှာပဲ သူကြီးသမီးကလေးဟာလည်း လုံးဝ ကျန်းမာလာပြီး အိပ်ရာက ထထိုင်တော့တာပဲတဲ့ကွယ်။

သူကြီးဟာလည်း သစ်ခုတ်သမားကြီးကို ကျေးဇူးတင်လွန်းတဲ့အတွက် ဆုတော်လာဘ်တော်တွေ အများကြီး ပေးသနားတဲ့အပြင် နောက်ဆုံးမှာ သူ့သမီးနဲ့ ထိမ်းမြားပေးလိုက်သတဲ့ကွယ်။

❑

# မြင်းဖြစ်သွားသော ခရီးသည်များ

တစ်ခါတုန်းက တစ်ယောက်နဲ့တစ်ယောက် အလွန်ချစ်ခင်ကြင်နာကြတဲ့ သူငယ်ချင်းသုံးယောက်ဟာ ခရီးတစ်ခုကို အတူထွက်လာခဲ့ကြသတဲ့ကွယ်။ သူတို့ရဲ့နာမည်တွေကတော့ ဆာဖုရော၊ ဂေါ်ဆာစုနှင့် ဟဲအိဂျူးတို့ဖြစ်ကြတယ်တဲ့။ တောနက်ကြီးတစ်ခုအတွင်းကိုရောက်တော့ အလွန်ဟောင်းနွမ်းလှတဲ့ တည်းခိုဆောင်ကြီးတစ်ခုကို တွေ့ကြရသတဲ့။ ခရီးပန်းလာတဲ့ သူငယ်ချင်းသုံးယောက်ဟာ အဲဒီတည်းခိုဆောင်မှာပဲ တစ်ညတည်းခိုဖို့ ဆုံးဖြတ်လိုက်ကြတာပေါ့။ တည်းခိုဆောင်လို့သာဆိုရတယ်။ သူတို့သုံးယောက်ကလွဲလို့ တခြားတည်းခိုတဲ့လူ တစ်ယောက်ကိုမှ မတွေ့ကြရဘူးတဲ့။ ဒီလိုနဲ့ သုံးယောက်သား အမောဖြေ ရေမိုးချိုးကြတဲ့အခါ

"တည်းခိုဆောင်ကလည်း ညစ်ပတ်လိုက်တာကွာ"

"ဒီကြားထဲ အခန်းတွေကလည်း လုံပုံမပေါ်ဘူး"

"တည်းခိုဆောင်က နံချာသလောက် ပိုင်ရှင်အဘွားကြီးကလည်း အပေါက်ဆိုးပါ့ဗျာ"

"ငါတော့ ဒီတစ်ညပဲ အောင့်အည်းတည်းမယ်"

စတဲ့ အချင်းချင်း တီးတိုးစကားပြောနေကြသတဲ့။ ဒါကို တစ်ဖက်ခန်းမှာ မီးလှုံနေတဲ့ အဘွားကြီးက အတိုင်းသားကြားရပေမယ့် မသိသလို

လုပ်ပြီးနေသတဲ့။ ခဏကြာတော့ အဘွားကြီးဟာ မီးဖိုမှာ ထင်းထပ်ဆိုက်ပြီး သူ့ဘေးနားက သေတ္တာကြီးထဲကနေ လယ်သမားအရုပ်တစ်ရုပ်ကို ဆွဲထုတ်လိုက်သတဲ့ကွယ်။ ပြီးတော့ အဲဒီအရုပ်ကို မီးဖိုထဲပစ်ချလိုက်တယ်။ အဲဒီအခါမှာ လယ်သမားအရုပ်ဟာ တလှုပ်လှုပ်နဲ့ အသက်ဝင်လာပြီး မီးဖိုထဲက ပြာတွေထဲမှာပဲ ကောက်ညှင်းစပါးစေ့တွေ ကြဲချသတဲ့။ စပါးစေ့တွေက ချက်ချင်း စပါးပင်တွေပေါက်လာပြီး စပါးသီးတွေပါ သီးလာတဲ့အခါ တံစဉ်တစ်ခုနဲ့ ရိတ်ပြန်ပါရောတဲ့။ လယ်သမားဟာ ရိတ်လို့ရတဲ့ စပါးတွေကို ဆန်ဖြစ်အောင် ကျောက်ဆုံနဲ့ကြိတ်ပြီး ဆန်မှုန့်တွေဖြစ်အောင် မောင်းနဲ့ ထောင်းပြန်သတဲ့။ ဆန်မှုန့်တွေရတော့ အဘွားအိုကိုပေးလိုက်ပြီးတဲ့နောက်မှာ အဘွားအိုက လယ်သမားကြီးကို ကုပ်ကနေ ဆွဲမလိုက်တဲ့အခါ အရုပ်ကလေး ပြန်ဖြစ်သွားပြန်ရောတဲ့ကွယ်။ အဘွားအိုလည်း အဲဒီဆန်မှုန့်တွေနဲ့ ကောက်ညှင်းမုန့်လုံးတွေ ချက်ပြုတ်ထားသတဲ့။ ရေချိုးပြီး ထွက်လာကြတဲ့ ခရီးသည်သုံးယောက်ဟာ အဘွားအိုရဲ့မီးဖိုနား မီးလာလှုံကြသတဲ့။ အဘွားအိုကလည်း စောစောကလုပ်ထားတဲ့ ကောက်ညှင်းမုန့်တွေနဲ့ ခရီးသည်သုံးယောက်ကို ဧည့်ခံကျွေးမွေးတော့တာပေါ့။

"သိပ်အရသာရှိတာပဲ အဘွား"

"အဘွားက မုန့်လုပ်တာ အလွန်တော်တာပဲ"

ခရီးသည်သုံးယောက်ဟာ မုန့်တွေကို ပလုတ်ပလောင်းစားပြီး ဗိုက်ကားသွားတဲ့အခါမှာ အိပ်ရာထဲဝင်ပြီး ချက်ချင်း အိပ်ပျော်သွားပါရောတဲ့။

နောက်တစ်နေ့ မိုးလင်းတဲ့အခါမှာတော့...

"ဟ... ဒုက္ခပါပဲ၊ တို့အိပ်ရာထဲ မြင်းကြီးတွေ ရောက်နေတယ်"

"မြင်းမဟုတ်ဘူး ငါပါကွ"

"မင်း ဂေါ်ဆာစုမဟုတ်လား"

"မင်းက ဟဲအိဂျူးမဟုတ်လား"

"ကျုပ်က ဆာဗုရောပါဗျ"

"ဒုက္ခပါပဲကွာ၊ ဘယ်လိုလုပ်ကြမလဲ"

ခရီးသည် သုံးယောက်စလုံး မြင်းတွေ ဖြစ်ကုန်ကြတာပေါ့ကွယ်။ နောက်ဆုံးမှာ သူတို့ပြောတဲ့ လူစကားတွေဟာလည်း မြင်းအော်သံလို ပြောင်းလဲသွားကြပါရောတဲ့။

“ဟီ... ဟီ... ဟီ... ဟီးဟီးဟီး”

အဲဒီအခါမှာ အဘွားအိုကြီးဟာ “ဟား... ဟား... ဟား”လို့ ရယ်မောဝင်ရောက်လာပြီး မြင်းသုံးကောင်စလုံးကို ပန်းခြံထဲကို ဆွဲခေါ်သွားတော့သတဲ့ကွယ်။ အမှန်တော့ ခရီးသည်သုံးယောက်သား စားတဲ့ ကောက်ညှင်းမုန့်ထဲမှာ အပင်းဆေးတွေကို အဘွားကြီးက ထည့်ထားခဲ့လို့ အခုလို မြင်းတွေဖြစ်ကုန်ရတာပေါ့ကွယ်။ မြင်းနှာခေါင်းကြိုးတွေကို စီထပ်ထားပြန်တော့ မြင်းသုံးကောင်စလုံးဟာ အဘွားကြီးရဲ့လက်ထဲက ဘယ်လိုမှ ရုန်းထွက်လို့မရကြတော့ဘူးတဲ့ကွယ်။

မကြာခင်မှာပဲ မြင်းပွဲစားတစ်ယောက် အဘွားကြီးရဲ့အိမ်ကို ရောက်လာခဲ့တော့တယ်။ အဘွားကြီးဟာ ခရီးသည် မြင်းသုံးကောင်ကို မြင်းပွဲစားလက်ထဲကို ရောင်းပစ်ပြန်တယ်ကွယ့်။ မြင်းပွဲစားလက်ထဲကနေ သူတို့သုံးယောက်ဟာ ကုန်ဆွဲမြင်းလှည်းမောင်းသမားဆီကို အရောင်းခံရပြန်သတဲ့။ မြင်းလှည်းမောင်းသမားဟာ မြင်းသုံးကောင်ကို ကျာပွတ်နဲ့ တဖြန်းဖြန်းရိုက်နှက်ပြီး နံနက်မိုးလင်းကနေ မိုးချုပ်တဲ့အထိ မနားတမ်း ခိုင်းပြန်သတဲ့။

ရှေးတုန်းက ဂျပန်ပြည်မှာ ရုပ်သေးတွေကို တင်ဆောင်ပြီး မြင်းနှင့်ဆွဲရတဲ့ မြင်းလှည်းဇာတ်ခုံကြီးတွေကို “ဂျောရုရီ”လို့ ခေါ်တယ်ကွဲ့။ အဲဒီဂျောရုရီ မြင်းလှည်းဇာတ်ခုံကြီးတစ်ခုဟာ တစ်နေ့တော့ ခရီးသည်မြင်းသုံးကောင်ရှိတဲ့ရွာကို ရောက်လာပြီး ရွာသူရွာသားတွေကို ဇာတ်ကပြတော့တာပေါ့။ ဇာတ်ပွဲပြီးတဲ့အခါ အဲဒီဂျောရုရီဇာတ်ခုံကိုဆွဲဖို့ ဆာဗုရော ဆိုတဲ့ မြင်းကို ငှားထားသတဲ့ကွယ်။ ဆာဗုရောဟာ ဇာတ်ပွဲအပြီးကို သစ်ပင်ကြီးတစ်ပင်အောက်က စောင့်နေရသတဲ့။

ဖြစ်ပုံက အဲဒီနေ့ကပြတဲ့ဇာတ်လမ်းကလည်း လူကနေ မြင်းဖြစ်သွားတဲ့ ဇာတ်လမ်းပဲကွဲ့။ ဇာတ်လမ်းထဲမှာ မြင်းဟာ ရေကန်နံဘေးမှာ

ပေါက်နေတဲ့ သမန်းမြက်ပင်တွေထဲက မြက်အကျားကို စားလိုက်တဲ့အတွက် လူပြန်ဖြစ်လာရတယ်ဆိုပဲ။ ဇာတ်ရုံထဲကအသံတွေကို ဆာဗုရောက အတိုင်းသား ကြားနေရတာပေါ့။ ဒီဇာတ်လမ်းကိုလည်းကြားရော ဆာဗုရောက သူ့ကိုချည်ထားတဲ့ကြိုးကို တအားရုန်းကန်လိုက်တော့ ကြိုးပြတ်ပြီး လွတ်သွားတာပေါ့။ ပြီးတော့မှ ရေကန်နံဘေးက သမန်းမြက်ကျားတွေကို သွားစားလိုက်တဲ့အခါ ချက်ချင်း လူပြန်ဖြစ်သွားတော့တာပေါ့။

“အင်း… ငါတစ်ယောက်တည်း လူပြန်ဖြစ်သွားလို့မပြီးသေးဘူး၊ ဒီသမန်းမြက်ကျားတွေကို ယူသွားပြီး ငါ့သူငယ်ချင်းတွေကို ကျွေးဦးမှ”

ဆာဗုရောဟာ သမန်းမြက်ကျားတစ်ဆုပ်စီကို သူ့သူငယ်ချင်း မြင်းနှစ်ကောင်ကို ကျွေးလိုက်တဲ့အခါမှာ ဂေါ်ဆာစုနဲ့ ဟဲအိဂျူးတို့ ပြန်ဖြစ်ကုန်ပါရောတဲ့ကွယ်။ အဲဒီနောက်…

“ကဲ… တို့ကို မြင်းဖြစ်အောင်လုပ်လိုက်တဲ့ စုန်းမကြီးကို ကလဲ့စားချေကြစို့ကွာ”

လို့ပြောပြီး သူငယ်ချင်းသုံးယောက်ဟာ မူလက သူတို့တည်းခိုခဲ့တဲ့ အိမ်ကို ပြန်သွားကြသတဲ့။ အခန်းထဲကိုလည်း ရောက်ကြရော အဘွားအိုကြီးဟာ နောက်ထပ်လာတည်းတဲ့ ခရီးသည်တွေကို မြင်းလုပ်ဖို့ ကောက်ညှင်းဆုပ်တွေကို လုပ်နေတာကို တွေ့လိုက်ကြရတော့တယ်။ ဒီမှာတင်ပဲ သူငယ်ချင်းသုံးယောက်ဟာ အဘွားကြီးလက်ထဲက ကောက်ညှင်းဆုပ်တွေကို လုယူပြီး သူ့ပါးစပ်ထဲကို အတင်းထိုးသွင်းတော့တာပဲတဲ့ကွယ်။

အဲဒီလိုလည်း သွင်းလိုက်ရော အဘွားကြီးဟာ တဖြည်းဖြည်းနဲ့ မြင်းမကြီးတစ်ကောင်အဖြစ် ပြောင်းသွားပါရောတဲ့။ ဒီအခါမှာ သူငယ်ချင်းသုံးယောက်ဟာ အဲဒီမြင်းမကြီးကို တုတ်နဲ့ဝိုင်းရိုက်ကြတဲ့အတွက် မြင်းမကြီးဟာ “ဟီဟီ… ဟီဟီ”လို့အော်မြည်ပြီး တောထဲကို ထွက်ပြေးပါရောတဲ့ကွယ်။

❑

## လက်နှစ်ဖက်ပြတ် သတို့သမီး

တောတစ်ခုလုံး ပန်းရနံ့တွေနဲ့ မွှေးကြိုင်သင်းပျံ့နေတော့တာပါပဲ ကွယ်။

"အား… မွှေးလိုက်တဲ့ ပန်းရနံ့ကလေးတွေ၊ ရင်ထဲကို အေးသွား တာပဲ"

အဲဒီလိုပြောပြီး ရှေ့ကလျှောက်သွားတဲ့ မိန်းမပျိုကလေးရဲ့နောက် မှာတော့ ဓားလွတ်ကိုင် ယောကျ်ားတစ်ယောက်က ကောက်ကောက်ပါအောင် လိုက်နေလေရဲ့။ ရှေ့ကလျှောက်သွားနေတဲ့ မိန်းမပျိုကလေးရဲ့အလှဟာ ပန်းကလေးတွေနဲ့ ပြိုင်နေသလိုပါပဲ။

"ဟောဒီ ပန်းဖြူဖြူကလေးတွေက ဘာပန်းလို့ခေါ်သလဲဟင် မောင်ကြီး"

"ဒီပန်းတွေလား၊ ဒီပန်းတွေက မင်းကလေးရဲ့ သေမင်းခေါ်သံ မရဏပန်းတွေလို့သာ မှတ်လိုက်ပေတော့"

ယောကျ်ားသားရဲ့အသံဟာ တုန်တုန်ယင်ယင် ထွက်ပေါ်လာခဲ့ တယ်။ မိန်းကလေးက အံ့ဩပြီး ဝိုင်းစက်တဲ့ မျက်လုံးတွေနဲ့ လှည့်ကြည့် လိုက်တော့ ယောကျ်ားသားဟာ သူ့ရဲ့ဓားအိမ်ထဲက ဓားကို လက်ခနဲ ဆွဲ ထုတ်လိုက်ပြီး…

"ကျွန်မကို အသက်ချမ်းသာပေးပါ မောင်ကြီးရယ်"

ယောကျ်ားသားဟာ မိန်းကလေးကို သနားသလိုဖြစ်သွားတယ်။

"မင်းကလေးကို တစ်ချက်တည်း အသေခုတ်မသတ်ရက်ပါဘူး ကွယ်"

ခဏချင်းမှာပဲ ယောကျ်ားသားရဲ့ဓားဟာ မိုးပေါ်ကို နှစ်ချက်မြောက် တက်သွားတယ်။ အဲဒီအချိန်မှာ မျက်လှည့်ပြလိုက်သလို မိန်းကလေးရဲ့ လက်နှစ်ဖက်ဟာလည်း လက်မောင်းရင်းက ပြုတ်ထွက်သွားပြီး မိုးပေါ်ကို မြောက်တက်လို့သွားကြတယ်။ လက်တွေပြန်ကျလာတော့ စောစောက ပန်းဖြူဖြူကလေးတွေဟာ မိန်းကလေးရဲ့သွေးတွေနဲ့ ချင်းချင်းနီသွားကြပြီ။ လက်နှစ်ဖက် ကင်းမဲ့သွားတဲ့ မိန်းကလေးရဲ့ခန္ဓာကိုယ်ကလေးဟာလည်း ချောက်ထဲကို တလိမ့်ခေါက်ကွေး လိမ့်ကျသွားတာကို မြင်လိုက်ရတယ်။

*　　*　　*

"အင်း... ဒီကောင်မကို ကိစ္စတုံးခဲ့ပြီပေါ့၊ ကျေးဇူးပါပဲ မောင်ရင်"

လက်ပြတ်နှစ်ဖက်ကိုကြည့်ပြီး အလွန်အရုပ်ဆိုးလှတဲ့ မိန်းမကြီးက ကျေနပ်စွာပြောလိုက်တယ်။ ဒီမိန်းမကြီးဟာ စောစောက မိန်းမလှလေးရဲ့ မိထွေးပဲပေါ့ကွယ်။ ဒီမိထွေးကြီးမှာ စောစောက လက်ဖြတ်ခံလိုက်ရတဲ့ "မကြီး"ဆိုတဲ့ လင်ပါသမီးရယ်၊ မငယ်ဆိုတဲ့ "သမီးအရင်း"ရယ်ဆိုပြီး သမီးနှစ်ယောက်ရှိတယ်ကွဲ့။ ဖြစ်ပုံက အဲဒီမိထွေးကြီးဆီကို မကြီးကို အိမ်ထောင်ပြုချင်တဲ့အကြောင်း မြို့စားကြီးသားဆီက စာရောက်လာခဲ့တယ်။ မိထွေးက သမီးအရင်းမဟုတ်တဲ့ မကြီးကို မပေးစားချင်တာနဲ့ သူ့ကိုသတ်ပြီး "မကြီးတော့ ဆုံးသွားရှာပါပြီ၊ မငယ်ကိုသာယူပါ"လို့ မြို့စားကြီးသားကို စာပြန်လိုက်တယ်။ အဲဒီစာကိုလည်းဖတ်ရရော မြို့စားကြီးသားဟာ ဝမ်းနည်းလွန်းလို့ တရှုပ်ရှုပ်ငိုကြွေးပြီး "ကျွန်တော်ချစ်တာက မကြီးကိုပါ၊ မကြီးမရှိရင် နေပါစေတော့၊ မကြီးအစား မငယ်ကို မယူပါရစေနဲ့" လို့ စာပြန်လိုက်သတဲ့ကွယ်။

ဒါပေမဲ့ မကြီးဟာ ကံကောင်းထောက်မလို့ အသက်မသေရှာဘူးကွဲ့။ လက်နှစ်ဖက်ပြတ်ဒဏ်ရာကြီးနဲ့ပဲ ချောက်ထဲကတက်လာပြီး ဒယိမ်းဒယိုင်နဲ့ လျှောက်လာခဲ့တော့တယ်။ မကြာခင်မှာပဲ မြို့စားကြီး သားနေတဲ့မြို့ဘက်ဆီကို ရောက်လာခဲ့တယ်။

"အင်း… လက်နှစ်ဖက်ပြတ်နေတဲ့ ငါ့ရဲ့ကိုယ်ကို မြို့စားကြီးသားလေးကို မပြတော့ပါဘူးလေ၊ ဒါပေမဲ့ သူနေတဲ့အိမ်ကြီးကိုတော့ နောက်ဆုံးအနေနဲ့ တစ်ခါလောက် သွားကြည့်ဦးမှပဲ"

အဲဒီလို တွေးလိုက်ပြီးတဲ့နောက် မကြီးဟာ မြို့စားကြီးအိမ်အနားကို ရောက်သွားတော့တယ်။ မြို့စားကြီးရဲ့ခြံဝမှာ တည်ပင်ကြီးတစ်ပင်ရှိတယ်ကွဲ့။ အဲဒီတည်ပင်ကြီးပေါ်မှာ တည်သီးတွေကလည်း ဝင်းနေအောင် သီးနေကြလေရဲ့။

"ဟယ်… တည်သီးတွေကလည်း သီးနေလိုက်တာ ဝင်းလို့ပါလား၊ ငါလည်း ရေဆာတာနဲ့အတော်ပဲ၊ တစ်လုံးလောက်တော့ ခူးစားဦးမှ"

မကြီးဟာ လက်နှစ်ဖက်မရှိတော့တဲ့အတွက် အမြင့်မှာ သီးနေတဲ့ တည်သီးကို ပါးစပ်နဲ့ခုန်ပြီး ဟပ်နေသတဲ့။ ဒါကို မြို့စားကြီးရဲ့သားကလေးက တွေ့သွားတဲ့အခါမှာ ချက်ချင်း အိမ်ပေါ်ကဆင်းလာပြီး 'မကြီး'ကို အိမ်ထဲကို ခေါ်လာခဲ့တော့တာပေါ့။ မြို့စားကြီးသားလေးဟာ မသေမပျောက်တွေ့ရတဲ့ မကြီးကို အဝတ်အစားတွေ လဲပေးပြီး လက်ကဒဏ်ရာကို ဆေးကုပေးသတဲ့။ ပြီးတော့ သူ့ကတိအတိုင်း မကြီးကိုပဲ မြို့စားကြီးရဲ့အိမ်တော်မှာ ခမ်းနားကြီးကျယ်စွာ လက်ထပ်လိုက်ပါရောတဲ့ကွယ်။ မြို့သူမြို့သားတွေကတော့ မကြီးကို "လက်မပါတဲ့ သတို့သမီး"ရယ်လို့ ကွယ်ရာမှာ လှောင်ပြောင်ကြတာပေါ့။ ဒါပေမဲ့ အလွန်စိတ်ထားကောင်းတဲ့ မြို့စားသားဟာ သူ့ဇနီးကို ပိုလို့တောင် ကြင်ကြင်နာနာ ပြုစုယုယရှာသတဲ့။

ဒီလိုနဲ့ တစ်နှစ်ကျော်ကျော်လောက်ကြာတော့ မကြီးဟာ အလွန်ဖြူဖွေးလှပတဲ့ သားယောကျ်ားလေးတစ်ယောက်ကို ဖွားမြင်လာပါရော

ကွယ်။ အဲဒီအချိန်မှာ မြို့စားကြီးသားလေးဟာလည်း တစ်ရွာတစ်ကျေးကို ခရီးထွက်နေရရှာသတဲ့။ ဒါကြောင့် မကြီးဟာ "သားကလေးမွေးတယ် မောင်ကြီးရေ၊ သိပ်လှတာပဲ"လို့ စာတစ်စောင်ရေးပြီး လူကြုံပါးလိုက်သတဲ့။

ကံဆိုးချင်တော့ အဲဒီလူကြုံက မကြီးရဲ့မိထွေးအိမ်ကိုမှ ဆိုက်ဆိုက်မြိုက်မြိုက် ဝင်တည်းမိသတဲ့။ မကြီးတစ်ယောက် အသက်မသေသေးတဲ့အကြောင်း မြို့စားကြီးရဲ့သားနဲ့ညားလို့ သားကလေးတစ်ယောက်ပင်ထွန်းကားတဲ့အတွက် အခုသူဟာ မြို့စားကြီးရဲ့သားဆီကို စာသွားပို့မှာဖြစ်တဲ့အကြောင်း ပြောပြသတဲ့။

ဒီသတင်းကိုလည်းကြားရော မကြီးရဲ့မိထွေးဟာ မကြီးအပေါ်မှာ ပိုပြီး မနာလိုစိတ်တွေ ဝင်လာတာပေါ့။ ဒီလိုနဲ့ လူကြုံအိပ်ပျော်သွားတဲ့အခါမှာ မကြီးရဲ့စာကိုယူပြီး "မောင်ကြီးရှင် ကျွန်မမှာ သရဲလို အလွန်အရုပ်ဆိုးတဲ့ လူ့ဘီလူးလေး မွေးလာခဲ့ပါတယ်၊ စွန့်ပစ်ရမလား"လို့ ရေးထားတဲ့စာကို ထည့်ထားလိုက်ပါရောတဲ့။

ဒါပေမဲ့ စိတ်သဘောထား အလွန်ဖြူစင်တဲ့ မြို့စားကြီးသားဟာ အဲဒီစာကိုဖတ်ပြီး "ဘီလူးပဲမွေးမွေး၊ သရဲပဲမွေးမွေး ကိုယ့်ရင်သွေးပဲ ရှင်မရယ်၊ ကြင်နာစွာ ကျွေးမွေးပြုစုပါ"လို့ စာပြန်ရေးပြီး အဲဒီလူကြုံနဲ့ပဲ ပြန်ပေးလိုက်သတဲ့။

ဒီလူကြုံကလည်း အပြန်ခရီးမှာ မိထွေးအိမ်မှာ တစ်ညဝင်တည်းပြန်တယ်။ အကြံယုတ်တဲ့ မိထွေးဟာ မြို့စားကြီးသားရဲ့စာကိုယူပြီး "ဒီကလေးဟာ ကျွန်တော့်ကလေး ဟုတ်ဟန်မတူဘူး၊ သစ္စာမဲ့တဲ့ အဲဒီမိန်းမနဲ့ကလေးကို အိမ်က မောင်းထုတ်ပစ်ပါအဖေ"ဆိုတဲ့ စာကို လဲထည့်လိုက်ပါရောတဲ့ကွယ်။

မြို့စားကြီးဟာ သားရဲ့စာကို တကယ်မှတ်ထင်ပြီးတဲ့နောက် ချွေးမနဲ့ မြေးကလေးကို အိမ်ပေါ်က မောင်းချလိုက်ပြန်သတဲ့ကွယ်။ မကြီးရဲ့

ဘဝဟာ သုခချမ်းသာရနေတဲ့ အခြေအနေကနေပြီး ဒုက္ခတွင်းထဲကို ပြန်ရောက်သွားရပြန်တာပေါ့ကွယ်။

မကြီးဟာ သားကလေးကို ကျောမှာပိုးပြီး အားကိုးရာမဲ့ ထွက်လာခဲ့ရာက အတော်ကလေး ကြာတော့ ကျောပေါ်က ကလေးဟာ ဆာလောင်လို့လား မသိဘူး၊ အော်ဟစ်ငိုကြွေးလာသတဲ့။ မကြီးလည်း သားကလေး ရေဆာလို့ထင်ပါရဲ့လေလို့ တွေးပြီး ချောင်းဘေးမှာ ဒူးကလေးတုပ်ရင်း ကလေးကို မြစ်ရေသောက်နိုင်အောင် ငုံ့ပေးလိုက်တာပေါ့။ အဲဒီအချိန်မှာ ကျောကုန်းပေါ်က သားကလေးဟာ ကျောပိုးအဝတ်ပြေပြီး ဝုန်းခနဲ ချောင်းရေထဲကို ကျသွားပါရောတဲ့ကွယ်။

မိခင်ဖြစ်တဲ့ မကြီးဟာ "အမယ်လေး ဘုရားကယ်ပါ"လို့ အော်ပြီး မရှိတဲ့လက်နှစ်ဖက်နဲ့ သားကို လှမ်းဆွဲမယ်လုပ်လိုက်တဲ့အခါမှာ တကယ်ပဲ သူ့လက်နှစ်ဖက်စလုံး ပြန်ပေါက်လာပြီး ကလေးကို ဆယ်ယူလိုက်နိုင်တယ် တဲ့ကွယ်။

"ဟယ်... ငါ့လက်တွေ ပြန်ပေါက်လာပါပကော"

မကြီးဟာ မျက်ရည်တတွေတွေစီးရင်း သူ့လက်တွေကို မယုံနိုင်လောက်အောင် ပြန်ကြည့်နေတာပေါ့ကွယ်။

ထူးဆန်းတာက မကြီးရဲ့လက်နှစ်ဖက် ပြန်ပေါက်လာတဲ့အချိန်မှာ မြစ်ဘေးက နတ်ကွန်းမှာရှိတဲ့ ဘိုးဘိုးကြီး နတ်ရုပ်ကြီးဟာ လက်နှစ်ဖက် ပျောက်ကွယ်သွားတော့တယ်တဲ့ကွယ်။ မကြီးလည်း သူ့ကို ဘိုးဘိုးကြီး မတာပဲလို့ယူဆပြီး ဘိုးဘိုးကြီး နတ်ကွန်းရဲ့ဘေးမှာ မုန့်ဆိုင်ကလေးတစ်ဆိုင် ဖွင့်ကာ သားအမိနှစ်ယောက် မုန့်ရောင်းပြီး နေထိုင်သွားပါရောတဲ့ကွယ်။

အဲဒီအချိန်ကစပြီး ချောင်းဘေးက ဘိုးဘိုးကြီး နတ်ကွန်းဟာ လက်ပြတ်ဘိုးဘိုးကြီးရယ်လို့ နာမည်ကျော်ကြားပြီး လာရောက်ပူဇော်သူတွေနဲ့ စည်ကားလာသတဲ့။

တစ်နေ့တော့ မယားပျောက် သားပျောက် လိုက်ရှာနေတဲ့ မြို့စားကြီး သားလေးဟာ အဲဒီနတ်ကွန်းနားကို ရောက်လာပါရောတဲ့ကွယ်။ မြို့စား

ကြီးရဲ့သားကိုလည်းမြင်ရော မုန့်ဆိုင်ထဲက ကလေးတစ်ယောက်ဟာ 'ဖေဖေ'လို့ အော်ပြီး ပြေးလာကာ သူ့ကို ဖက်ထားသတဲ့။ သွေးက စကားပြောတယ်ဆိုတာ ဒါမျိုးပေါ့ကွယ်။ သားကလေးရဲ့အော်သံကို ကြားတဲ့အခါမှာ မကြီးလည်း ဆိုင်ထဲက ပြေးထွက်လာတာပေါ့။ မြို့စားကြီးရဲ့သားဟာ စကားတစ်ခွန်းမှမပြောနိုင်ဘဲ မျက်ရည်တွေတွေ စီးကျနေကာ သူ့သားလေးနဲ့ ဇနီးသည်ကို တအားဖက်ထားလိုက်သတဲ့။ တစ်ချိန်တည်းမှာပဲ မကြီးရဲ့ အသစ်ဖြစ်တဲ့လက်နှစ်ဖက်ဟာလည်း သူ့ယောကျ်ားရဲ့ကျောပြင်ကြီးကို မလွှတ်တမ်း ဖက်ထားပါလေရောတဲ့ကွယ်။

❑

## သီချင်းဆိုသော အရိုးခေါင်းခွံ

"ဟော… ဟော… လေအေးတွေက တိုက်နေပြန်ပြီဗျာ၊ လွမ်းစရာကြီး ဟီးဟီး"

"ကတတ် ကတတ် ကတတ်"

လေတိုက်တော့ ကျုပ်ရဲ့အောက်မေးရိုးက အပေါ်ခေါင်းခွံကို ရိုက်ခတ်တဲ့အသံပါဗျာ။ ကြောက်မနေပါနဲ့။ ပြန်တွေးကြည့်လိုက်တော့ သုံးနှစ်ကြီးများတောင် ကြာခဲ့ပြီပေါ့ဗျာ။ ကျုပ်ကို ဒီကောင်သတ်သွားတာ ရက်တွေပြောင်း၊ လတွေညောင်းလို့ သုံးနှစ်တောင်ကျော်ခဲ့ပြီဗျို့။ ကျုပ်လေ ဒီကောင်ကို စောင့်နေပါတယ်။ ခွဲကောင်းကောင်းနဲ့ စောင့်နေခဲ့ပါတယ်။ ဟော… ဟော… တိုက်နေပြန်ပြီဗျာ၊ လေစိမ်းတွေ၊ ကတတ် ကတတ် ကတတ်။

အလို… ဒီခြေသံက ဘာများပါလိမ့်။ မဟုတ်မှလွဲရော တောင်ပေါ်ကိုတက်လာတဲ့ ဒီခြေသံကို ကျုပ်ကောင်းကောင်းကြီး မှတ်မိတယ်။ ကြည့်စမ်း၊ ကျုပ် သုံးနှစ်သုံးမိုးလုံးလုံး အောင့်အည်း စောင့်ဆိုင်းနေရတဲ့ အကောင်ပါလား။ နောက်ဆုံးတော့ ကျုပ်တွက်ထားတဲ့အတိုင်း ရောက်လာခဲ့ပါပကော။

ကတတ် ကတတ် ကတတ် ကတတ်။

ကျုပ်ရဲ့မေးရိုးခိုက်သံကလည်း ခုမှ ပိုပြီးမြည်လာတယ်ဗျို့။

ဟုတ်ပြီ ဟုတ်ပြီ။ နောက်ဆုံးတော့ ကျုပ်ထင်တဲ့အတိုင်း ဖြစ်လာခဲ့ပြီ။ ကြည့်စမ်း ဒီကောင် ကျုပ်သီချင်းသံကြားရလို့ ကြောက်ဒူးတုန်နေပြီ ထင်ပါရဲ့။

ဟေ့ကောင် ဘာများ ကြောင်တောင်တောင် လုပ်နေတာလဲကွ။ ဒီမှာပါကွ ဒီမှာ၊ မင်းကလည်းကွာ ကိုယ့်သူငယ်ချင်းကို သတ်ပြီး မြှုပ်ထားတဲ့နေရာကိုတောင် မမှတ်မိတော့ဘူးလား။

ကဲ... တွေ့ပြီမဟုတ်လား။ ငါ့မှာဖြင့် တစ်ကိုယ်တည်း ပျင်းပြီး ကျန်ရစ်ခဲ့ရတာ။ ကြောက်မနေပါနဲ့၊ ငါပါကွ ဟကောင်ရ။ မင်းကိုစောင့်နေရတာ ဘယ်လောက်ကြာပြီမှတ်သလဲ။

အမယ်... မင်းက ခုမှဘယ်ပြေးမလို့လဲ။ မင်းကို ဒီအတိုင်း ဘယ်လွှတ်လိုက်လို့ဖြစ်မလဲ။ ဒီလိုသာ အလွယ်လွှတ်လိုက်ရရင် ငါ သုံးနှစ်လုံးလုံး အပင်ပန်းခံပြီး စောင့်ခဲ့ရတာ အလကားဖြစ်ကုန်မှာပေါ့ကွာ။ ကဲ ကဲ ဒီမှာထိုင်စမ်းပါဦးကွ၊ မင်း ခုလို တုန်တုန်ယင်ယင်ဖြစ်နေရင် ငါပြောစရာစကားတွေ ဘယ်ပြောလို့ဖြစ်မလဲကွ၊ ရှိကျိုဘယ်အဲရ။

မင်း ငါ့ကိုတော့ မမေ့တန်ကောင်းသေးပါဘူးနော်။ ဟိုးလွန်ခဲ့တဲ့ ခြောက်နှစ်လောက်တုန်းက မင်းနဲ့အတူတူ မြို့ကိုတက်ပြီး အလုပ်လုပ်ဖို့ ထွက်ခဲ့တဲ့ ရောခုဘယ်အဲပါကွ။ အလို မင်းကိုယ်က တဆတ်ဆတ်တုန်နေပါရော့လား။ အရင်တုန်းကလို မဟုတ်တော့ပါလား သူငယ်ချင်းရာ။ အရင်ကဆိုရင် မင်းဟာ သိပ်သတ္တိကောင်းတဲ့ကောင်။

မင်းနဲ့ငါ မြို့မှာ အလုပ်လုပ်နေကြတုန်းက မင်းက ရသမျှ အကုန်ဖြုန်းပစ်တဲ့ကောင်။ ငါကတော့ အချိန်ရှိသမျှ ကုန်းရုန်းလုပ်ပြီး မစားရက် မသောက်ရက် စုခဲ့တာလေ။ နောက်ဆုံး တို့ရွာပြန်ခဲ့တဲ့နေ့ကိုတော့ မင်း မှတ်မိမှာပေါ့။ အဲဒီနေ့မှာ မင်းရဲ့အမူအရာတွေ ပျက်နေတာကို ငါ ရိပ်မိခဲ့ပါတယ်ကွ။ နောက်ဆုံး ဒီတောင်ကုန်းပေါ်ရောက်တော့ မင်းလေ ရုတ်တရက် နောက်ကနေပြီး ငါ့ကို ဓားနဲ့ထိုးသတ်လိုက်တယ်။

"ခွင့်... ခွင့်လွှတ်ပါ သူငယ်ချင်းရာ၊ မင်းကို ငါမုန်းလို့သတ်ခဲ့တာ မဟုတ်ပါဘူး၊ ငွေ... ငွေလိုချင်လွန်းလို့ပါ"

သြော်... သြော်... ဒီလိုလား။ ထားပါကွာ၊ ခုချိန်ကျမှတော့ ငါ့စိတ်တွေလည်း တည်ငြိမ်သွားပါပြီ။ ခုလည်းပဲ မင်းကို ပြီးခဲ့တဲ့အကြောင်းတွေ စားမြုံ့ပြန်နေဖို့မဟုတ်ပါဘူးကွ။ ပြီးခဲ့တဲ့ အတိတ်ကို ပြန်ပြောနေလို့ကော ဘာအကြောင်းထူးမှာလဲ။ အတိတ်ကို အတိတ်မှာပဲ ထားခဲ့ကြပါစို့ကွာ။

"မင်း ငါ့ကို တကယ်ပဲ ခွင့်လွှတ်သလား သူငယ်ချင်း"

ဟား... ဟား... ဟား ဟား၊ ဆောရီးပဲကွာ။ ခုလိုရယ်လိုက်ရတာ ဒါတွေ ခေါက်ထားလိုက်စမ်းပါကွာ။ အခု မင်းနဲ့ အရေးတကြီး ဆွေးနွေးစရာရှိတယ်ကွ။

"ဘာများလုပ်ဦးမလို့လဲကွ"

ကဲ... မင်း ငါ့ဆီက လုယူသွားတဲ့ ငွေတွေကုန်လို့ မြို့ကိုတက်ပြီး အလုပ်လုပ်မလို့ ထွက်လာတာပဲ မဟုတ်ဘူးလား။

"အွန်း"

"ဒီလိုဆို ငါလည်း မင်းနဲ့အတူ လိုက်မှာပေါ့ကွ။ ငါ့ကို မင်းရဲ့ပခုံးပေါ်မှာ ထမ်းသွားကွာ။ မြို့ရောက်တော့ ရုံတစ်ခုဆောက်ပြီး သီချင်းဆိုပြတဲ့ အရိုးခေါင်းဆိုပြီး ပြစား၊ မဟုတ်ဘူးလား"

"သြော်... သြော်... ဒီလိုလား၊ ဒါဆို စိတ်ဝင်စားဖို့အကောင်းသားပဲကွ၊ တို့လုပ်စမ်းကြည့်ရအောင်"

"အံ့သြစရာ ကြည့်ချင်တဲ့လူများရှိရင် ဝင်ခဲ့ကြပါခင်ဗျာ၊ ဝင်ခဲ့ကြပါ၊ အသက်မဲ့တဲ့ အရိုးခေါင်းခွံက သီချင်းဆိုပြတာကို ထူးထူးဆန်းဆန်းမြင်ကြရပါမယ်၊ မကြည့်လိုက်ရရင် တစ်ခေတ်နောက်ကျသွားမယ်နော်"

ငါပြောတယ်မဟုတ်လား၊ လာလိုက်ကြတဲ့ ပရိသတ်တွေ။ ကြာရင် မင်းရဲ့အိတ်ကပ်တော့ ငွေတွေနဲ့ဖောင်းလာမှာ သေချာတယ်ကွ။ ကဲ ကဲ

ငါသီချင်းဆိုပြမယ်လို့ မင်းပရိသတ်တွေကို ပြောလိုက်တော့ကွာ။ ဒီက အဆိုကျော်က ဆိုချင်လှပြီ၊ ဟီဟိ။

“ပရိသတ်ကြီးခင်ဗျာ၊ ခုချိန်ကစပြီး အရိုးခေါင်းခွံကြီးက သီချင်းတစ်ပုဒ်နဲ့ ဖြေဖျော်ပါတော့မယ်”

“…ရွှေလသာသာ… သာသောညမှာပဲကွယ်…”

ဘာရယ်ကွ၊ ငါတို့က ဘုရင့်နန်းတော်ထဲမှာ သွားဆိုပြရမယ် ဟုတ်လား၊ ဖြစ်မှဖြစ်ပါ့မလားကွ။

“ဘယ်မသွားလို့ ဖြစ်ပါ့မလဲ၊ ဒါ ရှင်ဘုရင်ရဲ့အမိန့်ကွ၊ ဘုရင်မင်းမြတ်က မင်းသီချင်းဆိုတာကို ကြားချင်လို့တဲ့”

မင်းကကော သွားပြချင်လို့လား။

“သွားပြရမှာပေါ့ကွ ဟကောင်ရ၊ အဲဒီမှာ သွားပြလို့ ဘုရင်မင်းမြတ်က မြှောက်စားရင် ငါတို့ပြပွဲဟာ နိုင်ငံကျော်သွားပြီ၊ ပရိသတ်တွေ ဝက်ဝက်ကွဲ လာကြည့်ကြမှာပေါ့၊ ကဲကဲ သွားကြပါစို့ကွာ”

ဟော… ပြောရင်းဆိုရင်း ဘုရင့်နန်းတော်ထဲကို ရောက်လာပါပကောကွ။

“ရှီး… ဒီတစ်ခါ သေသေချာချာဆိုပြနော်”

“မှန်လှပါဘုရား၊ ဟောဒီအရိုးခေါင်းခွံကြီးက အခု သီချင်းဆိုပြပါတော့မယ်”

“………”

“ဟေ့ကောင် ရောခုဘယ်အဲ ဆိုလေကွာ”

“………”

“ဟေ့ကောင် ဘယ်လိုဖြစ်တာလဲကွ၊ ခါတိုင်းလိုပဲ ဆိုလိုက်လေကွာ ရောခုဘယ်အဲ၊ ဘာဖြစ်လို့ ငြိမ်နေရတာလဲ၊ ကဲ ဆိုစမ်းပါကွာ၊ ဘာလဲ မင်းက မဆိုချင်တော့ဘူးလား”

“………”

"ငါတောင်းပန်ပါတယ် သူငယ်ချင်းရာ၊ ဆိုပြလိုက်စမ်းပါ မင်း ငါ့ကိုစိတ်ဆိုးနေလို့လား၊ တောင်းပန်ပါတယ် ရောခုဘယ်အဲရာ၊ ငါ့ကို သနားရင် ဆိုပြလိုက်စမ်းပါ"

"........."

"စိတ်ဆိုးတော်မမူပါနဲ့ဘုရား၊ အခုပဲ ဆိုခိုင်းပြပါမယ်၊ ဟော့ကောင် ဆိုလေကွာ၊ အာအာ အသက်ကိုချမ်းသာပေးတော်မူပါ၊ အမယ်လေး သေ ပါပြီဗျ၊ အား... အား... အား... ဒုတ်"

(ဟား... ဟား... ဟား... ဟား)၂

အောင်ပြီ အောင်ပြီ ငါ့အကြံအောင်ပြီ။ ဟားဟားဟား အောင်ပြီ အောင်ပြီ၊ ခုမှ ငါ့ရဲ့အကြံအောင်ပြီ။ ငါ လက်စားချေလိုက်ရပြီ။

❑

## ခေါင်းပေါ်က တည်ပင်

ဟိုးရှေးရှေးတုန်းက ရွာတစ်ရွာမှာ သူမတူအောင် အတဲ့ ဖိုးရွှေအ တစ်ယောက်ရှိသတဲ့ကွယ်။ တစ်နေ့မှာ ဖိုးရွှေအဟာ တည်ပင်ကြီးတစ်ပင် အောက်မှာထိုင်ပြီး အရက်သောက်နေမိတယ်တဲ့ကွယ်။ ဒီအချိန်မှာ တည်ပင် ပေါ်က အမှည့်လွန်နေတဲ့ တည်သီးကြီးတစ်လုံး သူ့ခေါင်းပေါ်ကို ခွမ်း ခနဲ ကြွေကျသတဲ့။ အလွန်အပျင်းထူတဲ့ ဖိုးရွှေအဟာ သူ့ခေါင်းပေါ်မှာ ကွဲကျနေတဲ့ တည်သီးကြီးကို ဖယ်ရှားမပစ်ဘဲ သူ့အရက်ကို ဆက်သောက် မြဲ သောက်နေပါရောတဲ့ကွယ်။

ခဏကြာတော့ ခုနက ကွဲကျသွားတဲ့ တည်သီးအမှည့်ကြီးထဲက တည်စေ့ကနေ ဖိုးရွှေအရဲ့ခေါင်းပေါ်မှာ တည်ပင်ကလေးတစ်ပင် ပေါက် လာပါရောကွယ်။ နောက်တော့ တည်ပင်ကလေးဟာ တဖြည်းဖြည်းကြီးလာ ပြီး တည်သီးတွေ ခိုင်လုံးညွတ်မျှ သီးလာပါလေရောတဲ့။ ဒီတော့ ဖိုးရွှေ အရဲ့ခေါင်းဟာ လေးလံလာတာပေါ့။ ဒါပေမဲ့ ဖိုးရွှေအဟာ အရက် သောက်ပျက်မှာ စိုးတဲ့အတွက် ဒီအတိုင်းပဲ တည်ပင်ကြီးကို ဆက်ထား သတဲ့ကွယ်။

ဒီအခါမှာ ရွာထဲကလူတွေက “ဟာ… ထူးဆန်းတဲ့ တည်သီးတွေ သွားဝယ်ရအောင်”ဆိုပြီး တစ်ရွာလုံး လာဝယ်လိုက်ကြတာ ဖိုးရွှေအဟာ ပိုက်ဆံတွေ အများကြီးရပြန်သတဲ့။ ဒီတော့ ရွာထဲက တည်သီးရောင်းတဲ့

ကုန်သည်ကြီးတွေက မနာလိုဝန်တိုဖြစ်လာကြပြီး တည်သီးပင်ကြီးကို အရင်းက ခုတ်လှဲပစ်လိုက်ကြသတဲ့ကွယ်။ ဖိုးရွှေအ မျက်လုံးဖွင့်ကြည့် လိုက်တော့ တည်ပင်ငုတ်တိုကြီးကိုပဲ တွေ့ရတော့တယ်တဲ့ကွယ်။ ဒါပေမယ့် ဖိုးရွှေအဟာ ဘာမှမလုပ်ဘဲ ဒီအတိုင်းသာ ကြည့်နေပြန်သတဲ့။ မကြာခင် မှာပဲ အဲဒီတည်ပင်ငုတ်တိုကြီးရဲ့အပေါ်မှာ မှိုတွေအများကြီး ပေါက်လာ ပြန်ပါရောတဲ့။ မှိုတွေများလွန်းလို့ ခေါင်းလေးလာပေမယ့် ဖိုးရွှေအဟာ ဘာမှမလုပ်ဘဲ အရက်ကို ဆက်သောက်မြဲ သောက်နေပြန်သတဲ့။ မကြာခင် မှာပဲ ရွာထဲက လူတွေက ခေါင်းပေါ်မှာပေါက်တဲ့မှိုဟာ အလွန်ရှားတာပဲ လို့ဆိုပြီး အလုအယက် လာရောက်ဝယ်ကြပြန်ရောတဲ့။ ဒါနဲ့ ဖိုးရွှေအဟာ ပိုက်ဆံတွေအများကြီး ရလာပြန်သတဲ့။

ဒါကိုမြင်ရတဲ့ မှိုကုန်သည်တွေဟာ မနာလိုစိတ်ဖြစ်လာကြတယ်။ ဖိုးရွှေအ အိပ်ပျော်နေတုန်း မှိုပေါက်နေတဲ့ တည်ပင်ငုတ်တိုကြီးကို အမြစ် ကနေ တူးထုတ်ပစ်ကြသတဲ့။ ဖိုးရွှေအလည်း အမူးပြေလို့ မျက်စိဖွင့်ကြည့် လိုက်တော့ သူ့ခေါင်းပေါ်မှာ အပေါက်ကြီးဖြစ်နေတာကို တွေ့ရပေမယ့် ဘာမှမလုပ်ဘဲ ဒီအတိုင်းဆက်ပြီး ငြိမ်နေလိုက်တယ်တဲ့။ မကြာခင်မှာပဲ မိုးတွေ တဝေါဝေါရွာချလိုက်တော့ ဖိုးရွှေအရဲ့ခေါင်းပေါ်မှာ ရေအိုင်ကြီး တစ်အိုင်ဖြစ်လာပြီး ငါးကြင်းတွေ၊ ငါးမြစ်ချင်းတွေ အများကြီး ကူးခပ် နေတာကို တွေ့လိုက်ရသတဲ့။

မကြာခင် အဲဒီရေအိုင်ကြီးကို ရွာထဲက ငါးမျှားတဲ့လူတွေ စုပြုံ ရောက်လာကြပြီး ငါးတွေလာမျှားကြသတဲ့။ နောက်တော့ ရေအိုင်ထဲဆင်းပြီး ယက်သဲ့နဲ့ငါးဖမ်းတဲ့သူတွေ၊ ငါးငုပ်စမ်းတဲ့လူတွေပါ ထပ်ရောက်လာကြပြီး တစ်ယောက်နဲ့တစ်ယောက် အော်ဟစ်ဆူညံနေကြတော့တယ်တဲ့ကွယ်။ ဒီတစ်ခါတော့ ဖိုးရွှေအလည်း နားငြီးမခံနိုင်တော့ဘူးတဲ့။ နောက်ဆုံးမှာ သူ့လည်ပင်းကို ခလုံးကြီးကြီးဆွဲပြီး သူ့ခေါင်းပေါ်က ရေအိုင်ထဲကို ခုန် ဆင်း သေလိုက်ပါရောတဲ့ကွယ်။

❑

## စည်ပိုင်းသည်နှင့် ထူးဆန်းသောတစ္ဆေ

ဂျပန်နိုင်ငံမှာ 'ဆာတိုးရိနေ့ဇကဲ့မိုနို' လို့ခေါ်တဲ့ ထူးဆန်းတဲ့ တစ္ဆေတစ်မျိုးရှိတယ်တဲ့ကွယ်။ ဒီတစ္ဆေဟာ တစ်ခါတစ်ခါ တောထဲက ဘွားခနဲထွက်လာပြီး လူတွေရဲ့စိတ်ထဲမှာ ဖြစ်ပေါ်နေတဲ့ စိတ်ကူးတွေကို အော်ပြီးပြောတတ်သတဲ့။

ညတစ်ညမှာပေါ့ကွယ်။ နှင်းတွေကလည်း ထူပိန်းအောင် ကျဆင်းနေတယ်။ ဆာတိုးရိတစ္ဆေကြီးတစ်ကောင်ဟာ တောထဲကထွက်လာပြီး စည်ပိုင်းလုပ်ရောင်းစားတဲ့ အဘိုးအိုအိမ်နားကို ကပ်လာတော့တာပေါ့ကွယ်။ ပြီးတော့ အဘိုးကြီးရဲ့အိမ်ကို ဘုန်းဘုန်း ဘုန်းဘုန်းနဲ့ပုတ်ပြီး ခေါက်တော့တာပေါ့ကွယ်။

ဒီတော့ အဘိုးကြီးက "အင်း ဆာတိုးရိတစ္ဆေများ လာခေါက်တာလားပဲ"လို့ တွေးလိုက်မိသတဲ့။ ဒီအချိန်မှာ "ဟီး ဟီး ဟီး ဆာတိုးရိတစ္ဆေလာခေါက်တာလားပဲလို့ စိတ်ထဲမှာ တွေးနေသလား"လို့ ခေါက်လှန့်ပြီးပြောသတဲ့။

ဒီအခါမှာ အဘိုးကြီးက "ခွေးမသားတစ္ဆေကိုတော့ မှတ်လောက်သားလောက်အောင် ဆုံးမလိုက်မှပဲ"လို့ စိတ်ထဲမှာ တွေးလိုက်မိတဲ့အခါမှာ "ဝူး... ဟူး... ဟူး... အဘိုးကြီး၊ ခင်ဗျား ကျုပ်ကို ခွေးမသားတစ္ဆေ၊

မှတ်လောက်သားလောက်အောင် ဆုံးမလိုက်ဦးမှလို့ ကြံစည်နေတယ်မဟုတ်လား”လို့ ဆာတိုးရိတစ္ဆေက အော်ပြောပြန်သတဲ့။

နောက်ဆုံးတော့ “အင်း… ငါ့ဘာကိုပဲ စိတ်ကူးလိုက် စိတ်ကူးလိုက် ဒီတစ္ဆေက အကုန်သိနေတော့တာပဲ၊ မလွယ်ပါဘူးလေ”လို့ အဘိုးကြီးက စိတ်ကူးပြီး စည်ပိုင်းကြီးတစ်လုံးကို စည်ပတ်သံနဲ့ ဒေါသဖြစ်ဖြစ်နဲ့ တအားတင်းနေအောင် ပတ်နေသတဲ့။

ဒီအခါမှာ ရုတ်တရက် စည်ပတ်သံပြားက “ဖြန်းခနဲ” ပြတ်သွားပြီး အနားမှာရောက်နေတဲ့ ဆာတိုးရိတစ္ဆေရဲ့နှာခေါင်းကို “ဖြန်း”ခနဲဆိုသွားရိုက်မိတော့တာပေါ့ကွယ်။ တစ္ဆေကြီးရဲ့ ခေါင်းထဲက ကြယ်တွေ လတွေ ထွက်ကုန်တာပေါ့ကွယ်။

“အီး… အီး… အောင်မလေးဗျ နာလိုက်တာ၊ လူဆိုတဲ့သတ္တဝါဟာ အတော်ကြောက်စရာကောင်းတဲ့ သတ္တဝါပါလား၊ တစ်ခါတလေ သူတို့ဟာ ကြိုတင်စိတ်ကူးထားခြင်းမရှိဘဲ လုပ်မိလုပ်ရာလည်း လုပ်တတ်ပါလား၊ မဖြစ်ဘူး မဖြစ်ဘူး ပြေးမှ”

ဆာတိုးရိတစ္ဆေကြီးဟာ တစ်ခါတည်း တောထဲကို လစ်ပြေးတော့တာပါပဲကွယ်။

❑

## နတ်ဆင်းရဲနှင့် နတ်ချမ်းသာ

တစ်ခါတုန်းက ရွာတစ်ရွာမှာ အလွန်အလုပ်ကြိုးစားတဲ့ လယ်သမားကြီးတစ်ယောက်ရှိသတဲ့ကွယ်။ သူဟာ နေ့တိုင်း နံနက်မိုးမလင်းခင် အိမ်ကထွက်ပြီး ညမိုးချုပ်လို့ လမင်းကြီး ထွက်လာတဲ့အထိ သူ့မိန်းမနဲ့ အတူတူ လယ်ထဲမှာ အလုပ်လုပ်ရရှာတယ်တဲ့။ အဲဒီလယ်သမားကြီး လင်မယားဟာ တစ်နေကုန် တစ်နေခန်း ပင်ပင်ပန်းပန်း အလုပ်ကြိုးစား လုပ်ကိုင်ကြတဲ့တိုင်အောင် ထမင်းနပ်မှန်အောင် မစားကြရရှာဘူးတဲ့။

တစ်နှစ်မှာတော့ မိုးလေဝသက မှန်ကန်တဲ့အတွက် သီးနှံတွေ အထွက်တိုးတဲ့အပြင် ချောင်းမြောင်းတွေထဲက ငါးတွေကိုပါ အများကြီး ဖမ်းလို့ရတဲ့အတွက် သူတို့လင်မယားဟာ ချောင်ချောင်လည်လည် ဖြစ်လာခဲ့ကြသတဲ့။

“ရှင်မရေ… ခုလို တို့ချောင်ချောင်လည်လည် ဖြစ်လာခဲ့ရတာဟာ အိမ်စောင့်နတ်က မစလို့ပဲ နေမှာပေါ့ကွာ”

“ဟုတ်ပါရဲ့ရှင်၊ အိမ်စောင့်နတ်မင်းကြီးကို ကျေးဇူးတင်လိုက်တာ”

“ကဲကဲ တို့နှစ်ယောက် နတ်မင်းကြီးကို ကျေးဇူးဆပ်တဲ့အနေနဲ့ ပူဇော်ပသကြရအောင်၊ နတ်မင်းကြီးခင်ဗျား ကျွန်တော်တို့ဇနီးမောင်နှံ ပသတဲ့ စားကောင်းသောက်ဖွယ်များကို မြိန်ရေရှက်ရေ သုံးဆောင်တော်မူပါ၊ နောင်နှစ်တွေမှာလည်း မစတော်မူပါ အရှင်နတ်မင်းကြီး”

အဲဒီအချိန်မှာ သူတို့ရဲ့အိမ်ခေါင်မိုးထုပ်တန်းပေါ်က ထူးဆန်းတဲ့ အသံတစ်သံကို ကြားလာရသတဲ့။ လယ်သမားလည်း အလွန်အံ့ဩသွားပြီး ခေါင်မိုးပေါ်ကို မော့ကြည့်လိုက်တော့ အလွန်တရာ ညစ်ပတ်စုတ်ပေနေတဲ့ အဘိုးအိုကြီးတစ်ယောက်ဟာ မျက်ရည်တတွေတွေ စီးကျပြီး ငိုကြွေးနေတာကို တွေ့ရတယ်တဲ့။

"အလို... ခင်ဗျားက ဘယ်သူများပါလိမ့်"

"ဩော်... ငါလား၊ ငါက မင်းတို့အိမ်ကိုစောင့်တဲ့ နတ်ဆင်းရဲလေကွာ"

"ကျွန်တော်တို့အိမ်ကိုစောင့်တဲ့ နတ်ဆင်းရဲ ဟုတ်လား"

"ဟုတ်ပါ့ဗျာ၊ ဒါပေမဲ့ မင်းတို့လင်မယားက သိပ်ပြီး အလုပ်ကြိုးစားကြတာကိုးကွ၊ ဒီတော့ မင်းတို့ ချမ်းသာလာတာပေါ့၊ ဒါကြောင့် ငါ ဒီအိမ်ကနေ ထွက်ပေးရတော့မယ်ကွ ဟီးဟီး"

"ဖြစ်မှဖြစ်ရလေဗျာ၊ ကျွန်တော်တို့အိမ်ကိုစောင့်တဲ့ နတ်ကလည်း နတ်ဆင်းရဲရယ်လို့"

"ငါ ဒီအိမ်က ထွက်မသွားချင်ဘူးကွာ၊ ဒီမှာပဲ မင်းတို့နဲ့အတူ နေချင်တယ်"

ဒီတော့ လယ်သမားဟာ ဘာကြောင့်ရယ်မသိဘူး၊ နတ်ဆင်းရဲကို သနားသလိုလို ဖြစ်လာတယ်တဲ့ကွယ်။

"ခင်ဗျား ဒီလောက်တောင်နေချင်မှတော့ မထူးတော့ပါဘူးဗျာ၊ ကျွန်တော်တို့နဲ့ တစ်သက်လုံး အတူတူပဲနေပါတော့"

အဲဒီအချိန်မှာ ရွာဦးက ဘုန်းကြီးကျောင်းက ခေါင်းလောင်းသံတွေ တဒူဒူ ထွက်ပေါ်လာခဲ့ပါရောတဲ့ကွယ်။

"ဟာ... ဒုက္ခပါပဲ၊ နှစ်ဟောင်းကနေ နှစ်သစ်ကိုကူးတဲ့ ခေါင်းလောင်းသံတွေတောင် ကြားလာရပြီ၊ နတ်ချမ်းသာကြီး ရောက်လာတော့မှာပဲ"

ကြောက်လွန်းလို့ တုန်တုန်ယင်ယင်ဖြစ်နေတဲ့ နတ်ဆင်းရဲကို လယ်သမားလင်မယားက အားပေးရှာသတဲ့ကွယ်။

“ခင်ဗျားက နတ်ချမ်းသာကြီးကို မောင်းထုတ်ပစ်ပေါ့ဗျာ”

“ဟုတ်တာပေါ့ နတ်မင်းကြီးရယ်၊ ကဲကဲ ဟောဒီကောက်ညှင်းမုန့်ကလေးကို အားရှိသွားအောင် စားလိုက်ပါရှင်”

အဲဒီအချိန်မှာ အိမ်ထဲကို နတ်ချမ်းသာကြီး ဝင်ရောက်လာတော့တာပေါ့ကွယ်။

“ဟေ့ကောင် နတ်ဆင်းရဲ၊ မင်း ခုချက်ချင်း ဒီအိမ်ကထွက်သွားစမ်း”

နတ်ချမ်းသာကြီးက အဲဒီလို အသံကျယ်ကြီးနဲ့ နတ်ဆင်းရဲကို မောင်းထုတ်သတဲ့။

“ဒီလောက် အလုပ်ကြိုးစားတဲ့ လင်မယားရဲ့အိမ်ဟာ မင်းနဲ့မထိုက်တန်ဘူးကွ”

ဒါပေမဲ့ လယ်သမားလင်မယား မုန့်ကျွေးလိုက်လို့ အားပြည့် လာတဲ့ နတ်ဆင်းရဲက...

“ဒီအိမ်ဟာ ငါနဂိုတည်းကနေခဲ့တဲ့အိမ်ကွ၊ ထွက်မပေးနိုင်ဘူး၊ မင်းမိုက်ရင် ငါနဲ့ချမလား”

“အောင်မာ... မင်းလိုအရိုးပိန်ခြောက် နတ်ပါးမွှားကများ ငါ့ကို အန်တုတယ်ပေါ့လေ၊ ကဲကွာ ကဲကွာ”

ကြာတော့ နတ်ဆင်းရဲဟာ အင်အားချင်း မမျှတဲ့အတွက် အရှုံးပေးရမလို ဖြစ်လာတယ်တဲ့ကွယ်။ ဒီအချိန်မှာ လယ်သမားလင်မယားက...

“နတ်ဆင်းရဲ အရှုံးမပေးနဲ့၊ ခင်ဗျားနောက်က ကျုပ်တို့ရှိတယ်” လို့ဆိုပြီး နတ်ဆင်းရဲဘက်ကဝင်ပြီး ကူကြသတဲ့။ ဒီတော့ နတ်ဆင်းရဲလည်း အားပြည့်လာပြီး နတ်ချမ်းသာကြီးကို တအားကို ကိုင်ပေါက်လိုက်တာ နတ်ချမ်းသာကြီးဟာ ‘အွန့်’ခနဲ ကြမ်းပြင်ပေါ်မှာ လဲကျသွားပါရောတဲ့။

နောက်ဆုံးတော့ နတ်ချမ်းသာကြီးဟာ အင်အားချင်းမမျှတော့တဲ့ အတွက် လယ်သမားရဲ့အိမ်က တစ်ချိုးတည်းထွက်ပြေးတော့တာပေါ့ကွယ်။ အဲဒီအချိန်မှာ နတ်ချမ်းသာကြီးရဲ့လက်ထဲက 'လိုတရ တူ'ကလေးဟာ ကျကျန်ရစ်တော့တယ်တဲ့။ နတ်ဆင်းရဲက အဲဒီလိုတရတူကို ကောက်ကိုင် လိုက်ပြီး "ဟာ... အဖိုးတန်တဲ့ပစ္စည်း ကျန်ခဲ့တာကိုးကွ"လို့ ပြောကာ ချက်ချင်းပဲ...

"စပါးတွေထွက်စမ်းကွာ"

လို့ပြောပြီး တူနဲ့မြေကြီးကိုထုလိုက်သတဲ့။ အဲဒီအခါမှာ သူတို့ရဲ့ ရှေ့မှာ စပါးပုံအကြီးကြီး ပေါ်လာသတဲ့ကွယ်။

"ကဲ ရွှေတွေငွေတွေ ထွက်စမ်းကွာ"

နတ်ဆင်းရဲကြီးက နောက်တစ်ကြိမ် အဲဒီလိုပြောပြီး ထုလိုက်တဲ့ အခါ ရွှေသေတ္တာတွေ၊ ငွေသေတ္တာတွေ အများကြီး ပေါ်လာပြန်သတဲ့။

နောက်တော့ နတ်ဆင်းရဲက...

"အိမ်အကြီးကြီးတွေထွက်ကွာ၊ ဆီတွေထွက်ကွာ၊ သစ်သီးဖျော် ရည်နဲ့ အရက်ချိုတွေထွက်ကွာ၊ မွေ့ရာတွေထွက်ကွာ၊ ခုတင်တွေ၊ ကုလား ထိုင်တွေ၊ စားပွဲတွေထွက်ကွာ"လို့ အော်အော်ပြီး 'လိုတရတူ'ကို ဆက် တိုက် ထုနှက်တဲ့အခါ အဲဒီပစ္စည်းတွေလည်း တစ်ခုပြီးတစ်ခု ဆက်တိုက် ထွက်လာခဲ့တော့တယ်တဲ့ကွယ်။

လယ်သမားလင်မယားအဖို့တော့ အလွန်ထူးဆန်းနေပြီး အိပ်မက် မက်နေသလားလို့တောင် အောက်မေ့ကြရသတဲ့။ ဒါနဲ့ပဲ သူတို့လင်မယား ဟာ ချမ်းချမ်းသာသာ နေထိုင်လာခဲ့ကြရတော့တယ်တဲ့ကွယ်။ နတ်ဆင်းရဲ ဟာလည်း လယ်သမားလင်မယားနဲ့အတူ သေတစ်ပန်သက်တစ်ဆုံး နေထိုင် သွားကြတော့သတဲ့။ လယ်သမားလင်မယားက သူတို့ရဲ့အိမ်ခေါင်မိုးက ထုပ်တန်းအပေါ်ကို မော့ကြည့်လိုက်တဲ့အခါ အရင်တုန်းက စုတ်စုတ်ပြတ် ပြတ်ဖြစ်နေတဲ့ နတ်ဆင်းရဲဟာ အဝတ်အစားသစ်တွေနဲ့ ဝဝဖြိုးဖြိုးဖြစ်လာ တာကို တွေ့လိုက်ကြရသတဲ့ကွယ်။

❑

## ကတိတည်သူ

"အစ်ကိုကြီး ဆောင်းဦးပေါက်လောက်မှာ ဆက်ဆက်ပြန်ခဲ့ပါ့မယ်ကွာ"

ဟုရားမားပြည်နယ်၊ ကန်တိုရွာဦး၌ဖြစ်သည်။ မွေးဇာတိကို ပြန်လည်မည့် မွေးစားသားကြီး အာကနအား မွေးစားမိခင်နှင့် ညီဖြစ်သူတို့က ရွာဦးအထိ လိုက်ပို့နှုတ်ဆက်နေကြသည်။ ညီဖြစ်သူဟာဆဲဘဲက...

"အစ်ကိုပြန်ရမယ့် အီဇူမိုဒေသက ဝေးလံလွန်းလှပါတယ်ဗျာ၊ ဒီတော့ ပြန်လာမယ့်ရက်ကို တိတိကျကျ ဘယ်ပြောလို့ဖြစ်မလဲ၊ အစ်ကိုလာမယ့်ရက်ကိုသာ တိတိကျကျ သိရရင်တော့ ကျွန်တော်တို့က အစ်ကို့အတွက် ခမ်းခမ်းနားနား ကြိုဆိုပွဲတစ်ခု ကျင်းပနိုင်မှာပေါ့"ဟု ပြောလိုက်သည်။

"ညီလေးကလည်းကွာ၊ အစ်ကိုကြီးဟာ ဘယ်အလုပ်ကိုပဲလုပ်လုပ်၊ ဘယ်ကိုပဲသွားသွား ကတိအတိုင်း တိတိကျကျလုပ်တတ်တယ်ဆိုတာ မင်းလည်း အသိသားနဲ့၊ ဒါနဲ့ ကျိုယုံပွဲတော်က ဘယ်နေ့လဲကွ"

"စက်တင်ဘာလ ၉ ရက်နေ့ပါ"

"အေး... ဟုတ်ပြီ၊ စက်တင်ဘာလ ကိုးရက်နေ့မှာ အစ်ကိုကြီး အရောက်ပြန်လာခဲ့မယ်၊ ဟုတ်ပြီလား"

အာကနသည် ပြောပြောဆိုဆိုနှင့် မြင်းကို ဒုန်းစိုင်း၍ထွက်ခွာသွားတော့သည်။ ဟာဆဲဘဲနှင့် မိခင်တို့သည် မျက်ရည်ဝိုင်းလျက် ကျန်ခဲ့ကြတော့သည်။

*　*　*

ဂျပန်ရှေးဟောင်းစကားပုံတစ်ခုရှိသည်။

"နေနှင့်လတို့သည် ခရီးလမ်းခုလတ်တွင် ဘယ်တော့မှမရပ်" ဟူ၍ဖြစ်သည်။ ရက်လတို့သည် လျင်မြန်စွာ ကုန်လွန်သွားကြတော့၏။ ဆောင်းဦးပေါက်လာခဲ့ပြီ။ ဂန္ဓမာပန်းတို့လည်း ပွင့်စပြုပြီ။ စက်တင်ဘာလကိုးရက်နေ့ နံနက်ပိုင်းတွင် ဟာဆဲဘဲသည် ပြန်ရောက်လာမည့် အစ်ကိုအာကနအတွက် ကြိုဆိုပွဲကလေးတစ်ခု ပြင်ဆင်နေသည်။ ဧည့်ခန်းကိုရောင်စုံပန်းစက္ကူများနှင့် အလှဆင်သည်။ ပန်းအိုးများ၌ ရွှေဝါရောင် ဂန္ဓမာပန်းတို့ကို ဝေနေအောင်ထိုးထားသည်။ အစ်ကို ကြိုက်တတ်သောဆာကေအရက်နှင့် ဝက်ပေါင်ခြောက်ကိုလည်း စားပွဲပြည့်ပြင်ထားသည်။ အကြီးအကျယ် ပြင်ဆင်နေသော သားငယ်ဟာ ဆဲဘဲကိုကြည့်၍ အမေကဆိုသည်။

"အီဇူမိုဒေသဟာ ဒီကနေ မိုင်ပေါင်း ၂၅၀ တောင်ဝေးတာမဟုတ်လား သားရယ်၊ ပြီးတော့ လမ်းမှာကလည်း တောအထပ်ထပ် တောင်အသွယ်သွယ်၊ ဒီလောက်ဝေးလံခက်ခဲနေမှတော့ ဒီနေ့ မင်းအစ်ကိုကြီး မရောက်နိုင်သေးပါဘူးကွယ်၊ အပင်ပန်းခံပြီး ပြင်ဆင်နေမယ့်အစား သူလာတဲ့အထိ အရင်စောင့်တာက မကောင်းဘူးလား"

"မဟုတ်တာဘဲ အမေရာ၊ အစ်ကိုက သိပ်ကတိတည်တာ၊ သူရောက်လာလို့ ပြင်ဆင်ထားတာမတွေ့ရင် ကျွန်တော်တို့က သူ့ကိုအထင်သေးရာရောက်မှာပေါ့"

ထိုနေ့က တိမ်ကင်းစင်ပြီး ကောင်းကင်ကြီးက ကြည်လင်လှပနေသည်။ သန့်ရှင်းလတ်ဆတ်သော လေပြည်လေညင်းကလေးက အပြော

ကျယ်လှသော ကမ္ဘာမြေကြီး၏ရင်ခွင်အတွင်းဝယ် မြူးထူးဆော့ကစားနေပြန်၏။ နံနက်မိုးလင်းကတည်းက ခရီးသည်များ ကန်တိုရွာကို ဖြတ်သန်းလာနေကြသည်။ ဟာဆဲဘဲသည် ခရီးသည်တစ်ဦးချင်းကို လိုက်ကြည့်နေမိသည်။ သို့နှင့် ရွာဦးဘုန်းတော်ကြီးကျောင်းမှ ဆွမ်းစားခေါင်းလောင်းသံများ ကြားလာရတော့သည်။ အာကနပေါ်မလာသေး။ ညနေစောင်းလာခဲ့သည်။ အာကန၏အရိပ်အယောင်ကို မတွေ့ရ။ နေပင် ဝင်စပြုလာပြီ။ အာကနရောက်မလာသေး။ ဟာဆဲဘဲကတော့ ရွာတံခါးဝမှ တစ်ဖဝါးမှ မရွေ့။ အမေကဆိုသည်။

"လူ့စိတ်ဆိုတာဟာ ဆောင်းဦးကောင်းကင်လိုပဲ အမျိုးမျိုးပြောင်းတတ်တယ်တဲ့ လူလေးရဲ့၊ လူလေးပြင်ဆင်ထားတဲ့ ဂန္ဓမာပန်းတွေဟာ နက်ဖြန်အထိ လန်းနေနိုင်ပါသေးတယ်ကွယ်၊ အချိန်လည်း မရှိတော့ဘူး၊ အိမ်ကိုပြန်ပြီး အိပ်ကြပါစို့၊ နောက်တစ်နေ့မနက်ကျမှ လာကြိုကြတာပေါ့"

"အမေသာ ပြန်အိပ်ပါ၊ ကျွန်တော်ကတော့ အစ်ကိုလာဖြစ်အောင်လာလိမ့်မယ်လို့ ထင်နေတုန်းပဲ"

သို့နှင့် မိခင်ကြီးသည် အိမ်သို့ လေးကန်စွာပြန်လာခဲ့တော့၏။ ဟာဆဲဘဲကတော့ ဖွဲနပဲကြီးစွာ စောင့်မြဲစောင့်လျက်။

ညသည် လပြည့်ဝန်းကြောင့် လင်းထိန်နေ၏။ ကြယ်ကလေးများကလည်း မှိတ်တုတ်မှိတ်တုတ် လက်နေကြသည်။ ရွာသည် အိပ်မောကျလျက်ရှိပြီ။ ရွာဘေးမှ စမ်းချောင်းကလေး၏ ရေစီးသံကသာ ဆိတ်ငြိမ်မှုကို နောက်ပြောင်လျက်ရှိသည်။ တစ်ခါတစ်ခါ လယ်စောင့်တဲဘက်ဆီမှ နက်ကျား၏ဟောင်သံကို ကြားနေရသည်။ ဟာဆဲဘဲကတော့ စိတ်ရှည်ရှည်နှင့် စောင့်ဆိုင်းနေ၏။

မကြာမီ လပြည့်ဝန်းကြီးလည်း အနောက်ဘက် ဝါးရုံထိပ်တွင် အိပ်စက်အနားယူရန် ငုံ့ဆင်းဟန်ပြုလာတော့သည်။ သို့နှင့် ဟာဆဲဘဲ သံသယဝင်လာသည်။ ကြောက်ရွံ့ထိတ်လန့်စိတ်များလည်း ဖြစ်လာသည်။

သက်ပြင်းရှည်ကြီးတစ်ချက်ချပြီး ဟာဆဲဘဲရွာထဲသို့ ပြန်ဝင်တော့မည် အပြုတွင် အရပ်မြင့်မြင့် လူတစ်ယောက် အပြေးလာနေသည်ကို တွေ့လိုက်ရသည်။

"ဟာ... အစ်ကိုကြီးအာကန၊ ကျွန်တော်ဖြင့်ဗျာ မနက်တည်းက စောင့်နေလိုက်ရတာ၊ အစ်ကို တကယ်ပဲ ကတိတည်တယ်နော်၊ လာ လာ၊ ခရီးပန်းနေတုန်း အတော်ပဲ၊ အစ်ကို့အတွက် ကျွန်တော် စားစရာတွေ အများကြီးပြင်ထားတယ်"

ဟာဆဲဘဲက ခမ်းနားစွာပြင်ထားသော ဧည့်ခန်းထဲသို့ အာကနကို ဆွဲခေါ်လာသည်။

"အမေကတော့ ချက်ရပြုတ်ရလို့ ပင်ပန်းသွားပုံပေါ်တယ် အစ်ကိုရ၊ ကျွန်တော် သွားနှိုးလိုက်ဦးမယ်"

အာကနက အမေ့ကိုမနှိုးရန် ခေါင်းရမ်းပြသည်။ လက်ကာပြသည်။ ဒီတော့ ဟာဆဲဘဲလည်း အစ်ကို့သဘောအတိုင်း အမေ့ကိုမနှိုးတော့။ ကောက်ညှင်းမုန့်၊ ဝက်ပေါင်ခြောက်နှင့် ဆာကေအရက်တို့ကို အာကနရှေ့တွင် ချပေးသည်။ အာကနက တစ်တို့မျှပင်မတို့။ နောက်မှ လေသံကလေးဖြင့် တိုးတိုးဆိုလာသည်။

"ကဲ... ဘာကြောင့် နောက်ကျရတယ်ဆိုတာကို ရှင်းပြမယ် ညီလေး၊ ငါ အီဇူမိုကိုပြန်ရောက်သွားတော့ အခြေအနေတွေက အားလုံးပြောင်းကုန်ကြပြီ၊ တို့ရဲ့နယ်စားကြီး အီနားယားဟာလည်း နန်းကျသွားပြီး နယ်သားတချို့သာ အလွန်ကြင်နာတတ်တဲ့ နယ်စားကြီး အီနားယားကို သစ္စာဖောက်ပြီး အသစ်နန်းတက်လာတဲ့ နယ်စား ဇူနဲ့ဟီဆာထံမှာ သစ္စာခံနေကြပြီ။ ဒီအထဲမှာ ငါ့ရဲ့အစ်ကိုတန်ဂျီးလည်း ပါတာပေါ့၊ သူက ငါ့ကို နယ်စားကြီးဆီခေါ်သွားပြီး အဲဒီမှာအမှုထမ်းဖို့ ပြောတယ်၊ နယ်စားအသစ် ဇူနဲ့ဟီဆာဟာ ရဲရင့်ပြီး စစ်တိုက်ကျွမ်းကျင်တာမှန်ပေမယ့် ကောက်ကျစ်တယ်၊ ဒါနဲ့ ငါက အမှုမထမ်းနိုင်ဘူးလို့ ဖြောင်ဖြောင့်ပြောလိုက်တော့ တန်ဂျီးက ငါ့ကို ထောင်သွင်းအကျဉ်းချတယ်လေ၊ ငါက စက်တင်ဘာလ ၉ ရက်နေ့အရောက် ရွာကိုပြန်ဖို့ ကတိထားခဲ့တဲ့အကြောင်းပြောပြီး

လွှတ်ပေးဖို့ တောင်းပန်ပေမယ့် သူက လုံးဝလွှတ်မပေးဘူးကွ၊ ဒီနေ့နံနက်အထိ ဆိုပါတော့ကွာ”

“ဒီနေ့နံနက်အထိ ဟုတ်လား၊ အစ်ကို အီဇူမိက ဒီကနေမိုင် ၂၅၀ ကြီးများအောင် ဝေးတာမဟုတ်လား”

ဟာဆဲဘဲက ထိတ်လန့်တကြား ပြန်မေးလိုက်သည်။

“ဟုတ်တယ် ညီလေး၊ အသက်ရှင်နေတဲ့လူ ဘယ်သူမှ ဒီခရီးကို တစ်နေ့တည်းနဲ့ မလာနိုင်ပါဘူး၊ ဒါပေမဲ့ ငါက ကတိပျက်မှာ အလွန်ကြောက်တယ်၊ ကတိပျက်ရင် ငါ့ကို မင်းက အထင်သေးသွားလိမ့်မယ်၊ ထမ ယောခုအိကျိ နိကျိနိဆဲင်းလိဝေါ့ယုခု”

“(လူရဲ့ဝိညာဉ်ဟာ တစ်နေ့ကို မိုင်တစ်ထောင်ခရီး ပေါက်တယ်) ဆိုတဲ့ စကားပုံရှိတယ်မဟုတ်လား၊ ဒီတော့ ငါဟာ ခါးမှာချိတ်ထားတဲ့ ဓားနဲ့ ကိုယ့်ကိုယ်ကိုယ် အဆုံးစီရင်ပြီး ငါ့ဝိညာဉ်က အခုလိုလာနိုင်ခဲ့တာပေါ့ကွာ ငါ့ညီ၊ အမေ့ကို ကောင်းကောင်းဂရုစိုက်နော်”

အာကနသည် ပြောပြောဆိုဆိုနှင့်ပင် ရုတ်တရက် ပျောက်ကွယ်သွားတော့၏။ သို့ဖြင့် အာကနသည် ရှိထားသော ကတိအတွက် မိမိအသက်ကို သတ်သေခဲ့ပြီဖြစ်ကြောင်း ဟာဆဲဘဲ နားလည်လိုက်သည်။

နောက်တစ်နေ့နံနက်တွင် ဟာဆဲဘဲသည် အီဇူမိသို့ ခရီးထွက်ခဲ့သည်။ အီဇူမိမြို့သို့ရောက်သည့်အချိန်တွင် လွန်ခဲ့သော စက်တင်ဘာလ ၉ ရက်နေ့က အာကနသည် တန်ဂျီးအိမ်၌ “ဟာရာကီရိ” မိမိဗိုက်ကို ဓားနှင့်ဖွင့်၍ အဆုံးစီရင်ခဲ့ကြောင်း သတင်းကြားရတော့သည်။ ဟာဆဲဘဲ စိတ်မထိန်းနိုင်တော့။ တန်ဂျီးအိမ်သို့သွားကာ ဓားချင်းယှဉ်၍ ခေါင်းဖြတ်သတ်လိုက်သည်။ ဘုရင့်စစ်သားများ ဟာဆဲဘဲကိုဖမ်း၍ အကျဉ်းချထားကြသည်။ နယ်စား ဇူနဲ့ဟီဆာ ကြားသောအခါ ဟာဆဲဘဲကို ချက်ချင်းလွှတ်ပေးရန် အမိန့်ထုတ်လေသည်။ ဇူနဲ့ဟီဆာသည် ကြမ်းတမ်းရက်စက်၍ ကောက်ကျစ်သည်မှာ မှန်၏။ သို့သော် သတ္တိနှင့် သစ္စာရှိမှုကိုကား လေးစားတတ်ပေသည်။

❑

# ကတိပျက်သူ

“ကျွန်မ သေရမှာကို မကြောက်ပါဘူးရှင်၊ ကျွန်မ စိုးရိမ်တာတစ်ခုပဲ ရှိတယ်၊ ကျွန်မ သေရင် ကျွန်မ နေရာကို ဘယ်သူအစားထိုးဝင်လာမယ် ဆိုတာကို သိမသွားရမှာ”

အိပ်ရာထက်တွင် ပလက်ကလေး လဲနေသော ဇနီးက ဆိုသည်။

“စိုးရိမ်စရာမဟုတ် စိုးရိမ်ရန်ပါကော မိန်းမရာ၊ ဘယ်သူမှ ဝင်မလာပါဘူးကွ၊ အစ်ကိုလေ ဘယ်တော့မှ အိမ်ထောင်ထပ်မပြုတော့ဘူး”

အသက်တမျှချစ်ခဲ့ရသော ဇနီးသည်အား လင်သားဖြစ်သူက လှိုက်လှဲဝမ်းနည်းစွာ ဖြေသည်။

“ဒါ ဆာမူရိုင်း စစ်သည်တစ်ယောက်ရဲ့ ကတိစကားနော်”

ဇနီးသည်က ယဲ့ယဲ့ကလေး ပြုံးလိုက်ရင်း မေးလိုက်သည်။

“အစ်ကိုဟာ ကတိကို အသက်လောက် တန်ဖိုးထားတဲ့ ဆာမူရိုင်း စစ်သားပါကွယ်”

လင်သားက ဇနီးသည်၏ဆံစကလေးများကို ခပ်ရွရွကလေး သပ်ရင်း ပြောလိုက်သည်။

“ပြီးတော့ အစ်ကိုရယ်၊ ကျွန်မ သေသွားရင် ဥယျာဉ်ထောင့်မှာ ကျွန်မတို့အတူစိုက်ထားခဲ့ကြတဲ့ ချယ်ရီပင်ကလေးရဲ့အောက်မှာ မြှုပ်ပေး

ပါနော်၊ အစတုန်းကတော့ အစ်ကို နောက်ထပ်အိမ်ထောင်ပြုခဲ့ရင် ကျွန်မရဲ့ အုတ်ဂူကို အိမ်နဲ့ဝေးရာမှာ မြှုပ်ပေးပါလို့ ပြောမလို့ပါ၊ အစ်ကိုက နောက်ထပ်အိမ်ထောင် မပြုတော့ဘူးလို့ ကတိပြုလာတော့ ကျွန်မဆန္ဒကို ကျွန်မ ပွင့်ပွင့်လင်းလင်း ပြောရဲလာတယ်၊ အစ်ကိုရယ် ကျွန်မလေ အစ်ကို့အနားမှာ အမြဲနေချင်တယ်၊ ကျွန်မလေ ချယ်ရီပန်းပွင့်ကလေးတွေကိုကြည့်ရင်း အစ်ကို့အသံကလေးကို အမြဲနားထောင်နေချင်တယ်"

"အစ်ကို ကတိပြုပါတယ်ကွယ်၊ စိတ်မကောင်းစရာတွေကို မပြောပါနဲ့တော့ အချစ်ရယ်၊ ဒီလောက်လည်း ရောဂါက ဆိုးသေးတာမဟုတ်သေးပါဘူး၊ မကြာခင် ပြန်ကောင်းလာမှာပါ"

"ကျွန်မကိုယ်ကျွန်မ သိပါတယ် အစ်ကိုရယ်၊ ကျွန်မ မနေရတော့ပါဘူး၊ ဩော်... ဒါနဲ့ ဘုရားစင်က ကြေးစည်ကလေးကိုပါ ကျွန်မရဲ့ ခေါင်းထဲမှာ ထည့်လိုက်ပါနော်"

စစ်သားသည် မျက်ရည်တတွေတွေစီးကျလျက် ခေါင်းညိတ်ပြလိုက်သည်။

"ကျွန်မ ဘာမှထပ်ပြီး မတောင်းဆိုတော့ပါဘူး အစ်ကိုရယ်၊ အစ်ကိုရဲ့ ကြင်နာမှုအောက်မှာနေခဲ့ရတဲ့ အချိန်ကလေးတွေကို ကျွန်မ အမြဲတမ်း အမှတ်ရသွားမယ်နော်"

ထို့နောက် ဇနီးသည်၏မျက်လုံးအစုံ မှိတ်သွားတော့သည်။ ရုတ်တရက် အိပ်မောကျသွားသော ကလေးငယ်တစ်ယောက်နှယ်ပါတကား။ ဇနီးသည်မှာ သေဆုံးသွားမှ ပို၍လှလာသည်ဟုပင် ထင်ရသည်။ သူမ၏ မျက်နှာကလေးတွင် အပြုံးရိပ်များ ဖုံးအုပ်ထားသည်မဟုတ်ပါလား။

ဆာမူရိုင်း စစ်သားကြီးမှာ ကတိအတိုင်း ဇနီးသည်ကို ချယ်ရီပင်၏ အောက်၌ အုတ်ဂူလှလှကလေးဖြင့် သင်္ဂြိုဟ်ပေးလိုက်သည်။ ပြီးတော့ ခေါင်းထဲတွင် ဘုရားစင်မှ ကြေးစည်ကလေးကိုပါ ထည့်ပေးလိုက်သေးသည်။

*

ဇနီးသည်ဆုံးပြီး ၁၂ လအကြာတွင် ဆာမူရိုင်းစစ်သား၏ဆွေမျိုးများက နောက်အိမ်ထောင်ပြုဖို့ နားချလာကြတော့သည်။

"အရွယ်ရှိသေးတာပဲ ငါ့တူရာ၊ ပြီးတော့ ကိုယ်က ဆာမူရိုင်းစစ်သား မဟုတ်လား၊ သားထောက်သမီးခံမရှိဘဲ သေသွားရင် မင်းရဲ့ဂူကို ဘယ်သူက လာပြီး ရှိခိုးမှာလဲ"

"တစ်ပင်လဲမှ တစ်ပင်ထူဆိုတဲ့ စကားလည်းရှိသားပဲ မဟုတ်လား၊ ငါ့မောင်ရဲ့"

"အိမ်မှာ ထိန်းသိမ်းစောင့်ရှောက်မယ့်လူတော့ လိုတာပေါ့ကွာ"

ကြာတော့ ဆာမူရိုင်းစစ်သား ယိုင်သွားသည်။ အသက် ၁၇ နှစ်အရွယ် မိန်းမလှကလေးတစ်ယောက်နှင့် နောက်အိမ်ထောင်ပြုလိုက်သည်။ သူကလေးကလည်း ရုပ်ချော သဘောကောင်းကလေးမို့ ဆာမူရိုင်းစစ်သားကြီးခမျာ ကြင်နာရပြန်လေသည်။

သို့ဖြင့် သူတို့၏ ပျားရည်ဆမ်းနေ့ရက်များသည် လျှင်မြန်စွာ ကုန်ဆုံးသွားတော့သည်။ တစ်ညတွင် ဆာမူရိုင်းစစ်သားသည် ရှိုးဂွန်းဘုရင်၏ ရဲတိုက်တွင်စောင့်ရန် တာဝန်ကျလာသောကြောင့် ဇနီးသည် အသစ်စက်စက်ကလေးကို တစ်ယောက်တည်း ထားခဲ့ရတော့သည်။ ဇနီးသည်ကလေးမှာ တစ်ယောက်တည်း အားငယ်ပြီး ကျန်ရစ်ခဲ့သည်။ လင်တော်မောင်မရှိသည့် ညမို့လား မပြောတတ်၊ ညသည် ခါတိုင်းထက် ပို၍ထူးခြားနေ၏။ စိတ်ထဲ၌လည်း လေးလံချောက်ချားနေဘိတော့သည်။ အကြောင်းမည်မည်ရရ မရှိ။ မိမိရှုရှိုက်ရသော လေသည်ပင်လျှင် ခါတိုင်းထက် အေးစက်လေးလံနေသယောင် ခံစားရ၏။

သန်းခေါင်ယံအချိန်ရောက်သည်အထိ မျက်လုံးများက ကြောင်နေကြသည်။ ထိုစဉ် ခြံထောင့်ဆီမှ ခွေးတစ်ကောင်က လေးလေးတွဲ့တွဲ့ အသံရှည်ကြီးဖြင့် အူလိုက်သံကို ကြားလာရသည်။ ပြီးတော့ မုန်တိုင်းကျသလို မြောက်လေအေးများက တဟူးဟူး တိုက်ခတ်လာသည်။ လေတိုက်သံများကြားတွင် ကြေးစည်သံလိုလို အသံတစ်မျိုး ရောပါလာပြန်သည်။

အချိန်မတော် ဘယ်သူများ ဘုရားရှိခိုး အမျှဝေနေပါလိမ့်ဟု မိန်းကလေးက တွေးလိုက်သည်။ သို့သော် ထိုကြေးစည်သံမှာ မိမိ၏အခန်းနားသို့ ကပ်လာသည့်အလား ပို၍ပို၍ ကျယ်လောင်လာခဲ့သည်။ ထိုစဉ် မိန်းကလေးမှာ ခေါင်းထဲ၌ မိုက်ခနဲဖြစ်ပြီး မျက်လုံးများ ပြာဝေသွားတော့သည်။ မိမိမျက်လုံးကို အားယူ၍ဖွင့်ကြည့်လိုက်တော့ တံခါးဝတွင် ဝတ်စုံအဖြူကြီးကို ဝတ်ဆင်ထားသော မိန်းမတစ်ယောက်ကို တွေ့လိုက်ရသည်။

"ဟဲ့...ကောင်မ၊ ဒါ ငါ့အိမ်၊ ဒီအိမ်ရဲ့အိမ်ရှင်မဟာ ငါပဲ၊ ခုချက်ချင်း ဆင်းသွား၊ နင် ဘာကြောင့်ဆင်းသွားရတယ်ဆိုတာကို ဘယ်သူ့ကိုမှ မပြောရဘူး၊ အထူးသဖြင့် ငါ့လင် ဆာမူရိုင်းစစ်သားကို ဖွင့်ပြောလိုက်ရင် နင့်ကို ငါကုပ်ချိုးသတ်မယ်"

စူးရှသောအသံရှင် ထိုမိန်းမသည် မျက်စိအောက်၌ တဖြည်းဖြည်းမှုန်ဝါးပျောက်ကွယ်သွားတော့သည်။ မိန်းကလေး၏ ခန္ဓာကိုယ်တစ်ခုလုံးတွင် ချွေးစေးတို့ဖြင့် အေးစက်တောင့်တင်းကာ အရုပ်ကြိုးပြတ် ဖြစ်သွားရတော့သည်။ သို့ဖြင့် "မိုးမြန်မြန်လင်းပါစေ"ဟု ဆုတောင်းကာ ရှည်လျားလှသော အချိန်နာရီများကို သည်းခံ၍ ကုန်ဆုံးစေရတော့သည်။ ဤကြေးစည်သံအိပ်မက်သည် ဆာမူရိုင်း ပြန်မလာမီ သုံးညတိုင်တိုင် ဆက် တိုက်မြင်မက်ခဲ့လေသည်။

*

ဆာမူရိုင်းစစ်သည် ပြန်ရောက်လာသည့်နံနက်တွင် မိန်းကလေးက ဆိုသည်။

"ကျွန်မ အိမ်ပြန်ချင်တယ် မောင်ကြီးရယ်၊ ပြီးတော့ မောင်ကြီးနဲ့လည်း ကွာရှင်းပါရစေ"

"ဘာ... မင်း ဘယ်လိုပြောလိုက်တာလဲ၊ ဒီမှာမပျော်လို့လား"

မိန်းကလေးက ခေါင်းခါပြသည်။

"ဒါဖြင့်ရင် ဒီအိမ်မှာရှိတဲ့ အစေအပါးတစ်ယောက်ယောက်ကများ မင်းကိုရန်လုပ်လို့လား"

မိန်းကလေးက ခေါင်းယမ်းပြန်၏။

"ဒါဖြင့်ရင် ဘာဖြစ်လို့လဲ"

"ကျွန်မ မောင်ကြီးကို မပေါင်းချင်တော့လို့ပါ"

မိန်းကလေးက မျက်ရည်စတို့ဖြင့် ဤအကြောင်းပြချက်တစ်ခုကိုသာ တွင်တွင်ပြောပြနေသည်။ ပြီးတော့ အိမ်ကိုပြန်ပို့ပေးဖို့ ထပ်ခါတလဲလဲ ပူဆာနေပြန်သည်။ ကြာတော့ ဆာမူရိုင်းစစ်သားကြီး လက်လျှော့ကာ ပြန်ပို့လိုက်ရတော့သည်။

ဆာမူရိုင်း စစ်သားကြီးသည် စိတ်ပျက်အားငယ်စွာဖြင့် ပန်းခြံထဲတွင် တစ်ကိုယ်တည်း လေးလံစွာ လမ်းလျှောက်နေသည်။ ပြီးတော့ ချယ်ရီပင်ရင်းရှိ မိမိဇနီးကြီး၏အုတ်ဂူပေါ်တွင် လေးကန်စွာ ထိုင်ချလိုက်သည်။ ထိုစဉ် ချယ်ရီပင်ဘက်ဆီမှ အဖြူရောင် ချယ်ရီပန်းပွင့်များ သူ့ကျောကုန်းပေါ်သို့ ရုတ်တရက် ကြွေကျလာကြလေသည်။ မျက်နှာများ တတ်လာပြီဖြစ်သော လင်သားအား ချစ်ဒေါသဖြင့် ဒဏ်ခတ်သည့်အနေနှင့် ဇနီးသည်က ပစ်ချလိုက်သော ပန်းပွင့်များဖြစ်နေကြမလား မပြောတတ်တော့ပေ။

❑

## ယမမင်း၏ ရှေ့တော်မှောက်ဝယ်

အရှင်သူမြတ်မွန်ဂခုရှောနင်းက ဟောကြားတော်မူခဲ့ဖူးသည်။

"ဘုရား၊ တရား၊ သံဃာတည်းဟူသော ရတနာသုံးပါးမှတစ်ပါး အခြားကိုးကွယ်ရာမရှိ၊ အခြားအခြားသော နတ်ဘုရားများအား ကိုးကွယ် ဆည်းကပ်မိပါက လတ်တလော ပေးသောကောင်းကျိုးသည် နောင်အခါ ဆိုးကျိုးအဖြစ် ပြောင်းလဲလာတတ်ကုန်၏။

ဤစကား မှန်လေစွတကား။

ဧကရာဇ်ဘုရင် ရှောမူလက်ထက်က ဖူးရှုကီနော့ရှင်းဟူသော လူ တစ်ယောက်သည် ဆာနုကီပြည်နယ် ယာမာဒါဂေါရီဟူသော ရွာကြီး၌ နေသတဲ့။ သူ့တွင် ရှုမငြီးသည့် တစ်ဦးတည်းသောသမီး ကီနုမယ်လည်း ရှိသည်။ ကီနုမယ်သည် ယာမာဒါဂေါရီရွာ၌ ကွမ်းတောင်ကိုင်ဟု ခေါ်ရ လောက်အောင် ချောမောလှပ တောင့်တင်းသည်။ ကီနုမယ်ကလေး ၁၈ နှစ်သမီး အရွယ်ရောက်လာသောအခါ ယာမာဒါဂေါရီရွာကြီး၌ ကပ်ရောဂါ ကြီးတစ်ခု ဆိုက်ရောက်လာလေတော့သည်။ ကီနုမယ်လည်း ထိုရောဂါ စွဲကပ်ခြင်း ခံရလေသည်။ သူ့ဖခင် ဖူးရှုကီနော့ရှင်းသည် ကပ်ရောဂါနတ် မင်းကြီးအား သမီးကလေးအား ကယ်မပါရန် စားကောင်းသောက်ဖွယ် အမျိုးမျိုးဖြင့် ပသပူဇော်လေတော့သည်။

ကီနုမယ်သည် အိပ်ရာထဲတွင် ရက်ပေါင်းများစွာ မေ့မြောနေပြီးနောက် တစ်ညနေတွင် သတိပြန်လည်လာခဲ့သည်။ ထို့နောက် မိမိသတိမေ့မြောနေစဉ် မြင်မက်ခဲ့ရသော အိပ်မက်ဆန်းကို မိဘများအား ပြန်လည်ပြောပြလေသည်။

"ကျွန်မ ကပ်ရောဂါ နတ်မင်းကြီးနဲ့ တွေ့ခဲ့တယ် အဖေ၊ နတ်မင်းကြီးက ကျွန်မကို 'ကလေးမ မင်းရဲ့မိဘတွေက မင်းအသက်ကို ကယ်တင်ဖို့အတွက် ငါ့ကို အတင်းပူဇော်ပသနေကြတယ်ကွဲ့၊ ခက်တာက ငါ့အနေနဲ့ မင်းရဲ့အသက်ကို ကယ်တင်ဖို့ မတတ်နိုင်တော့ဘူး၊ ငါတတ်နိုင်တာက မင်းရဲ့ခန္ဓာကိုယ်ထဲမှာ တခြားလူရဲ့ အသက်ဝိညာဉ်သွင်းပေးတာပဲ၊ တခြားလူဆိုတာက မင်းနဲ့နာမည်တူတဲ့ မိန်းကလေးဖြစ်ရမယ်နော်၊ မင်းနဲ့နာမည်တူတဲ့ မိန်းကလေးတစ်ယောက်လောက် မင်းအသိထဲမှာ မရှိဘူးလား' လို့ ပြောတယ်၊ ဒီတော့ ကျွန်မက အူတရိဂေါရိဆိုတဲ့ရွာမှာ ရှိပါတယ်လို့ ပြောလိုက်တာပေါ့၊ ဒီတော့ ငါ့ကိုလိုက်ပြစမ်းဆိုပြီး အူတရိဂေါရိရွာက ကျွန်မနဲ့နာမည်တူတဲ့ ကီနုမယ်ရဲ့အိမ်ကို ခေါ်သွားတယ်။ အိမ်ထဲရောက်တော့ ဟိုက ကီနုမယ်ဟာ မီးဖိုချောင်ထဲမှာ ပန်းကန်ဆေးနေတာကို တွေ့ရတယ်။ ကျွန်မက သူပဲလို့ ပြောလိုက်တဲ့အခါ နတ်မင်းကြီးက သူ့လွယ်အိတ်ထဲက လုံနဲ့တူတဲ့အရာကြီးနဲ့ ကီနုမယ်ကို ထိုးသတ်လိုက်တယ်၊ နောက်တော့ ကျွန်မ အိပ်မက်က လန့်နိုးလာတယ်"

ကီနုမယ်သည် မိမိ၏အိပ်မက်ကို ပြောပြပြီး ခဏအကြာတွင် နောက်တစ်ကြိမ် ပြန်လည်မေ့မြောသွားပြန်လေသည်။ သုံးရက်လုံးလုံး သတိမရတော့။ သို့နှင့် မိဘများက လက်လျှော့ရတော့မလိုဖြစ်လာသည်။ သို့သော် သုံးရက်မြောက် ညနေပိုင်းတွင် ရုတ်တရက် ထထိုင်လေတော့သည်။ အိပ်ရာမှထထချင်း...

"ဟင်... ဒါကျွန်မအိမ်လည်း မဟုတ်ပါလား၊ ရှင်တို့ ဘယ်သူတွေလဲ၊ ကျွန်မ မိဘတွေလည်း မဟုတ်ကြပါလား"ဟု ကယောင်ကတမ်းပြော၍ ထွက်ပြေးလေတော့သည်။

အူတရိဂေါရိရွာ၌လည်း ထူးထူးဆန်းဆန်း ကီနုမယ်ဆိုသော မိန်းကလေးသည် ရုတ်တရက် ကွယ်လွန်သွားသည်။ မိဘများက ကီနုမယ်ကို ကျကျနန မီးသဂြိုဟ်လိုက်လေသည်။ ကွန်လွန်သွားခဲ့ပြီဖြစ်သော ကီနုမယ်၏ ဝိညာဉ်သည် ယမမင်းထံသို့ ရောက်ရှိသွားလေတော့သည်။ ယမမင်းသည် ကီနုမယ်ကို တွေ့လျှင်တွေ့ချင်း...

"ဟ လူမှားကုန်ပြီကွ၊ သေဖို့စာရင်းထဲမှာပါတာက ဒီကီနုမယ် မဟုတ်ဘူး၊ ယာမာဒါဂေါရိရွာက ကီနုမယ်ပဲ၊ သွား သူ့ကိုပြန်ပို့လိုက်ကြ" ဟု ပြောလိုက်လေသည်။ ထိုအခါ အူတရိဂေါရိရွာမှ ကီနုမယ်က...

"ယမမင်းကြီးရှင်၊ အခုဆိုရင် ကျွန်မ သေဆုံးခဲ့တာ သုံးရက်မြောက်ခဲ့ပါပြီ၊ ယခုအချိန်လောက်ဆိုရင် ကျွန်မ မိဘများက ကျွန်မ ခန္ဓာကိုယ်ကြီးကို မီးသင်္ဂြိုဟ်ပြီးလို့ ပြာဖြစ်လောက်ပါပြီ၊ အခုချိန်ကျမှ ပြန်လို့လည်း အကြောင်းမထူးတော့ပါ"ဟု လျှောက်ထားပြောဆိုလေသည်။ ထိုအခါ ယမမင်းကြီးက...

"မစိုးရိမ်ပါနဲ့ ကီနုမယ်၊ မင်းရဲ့ဝိညာဉ်အတွက် ကိုယ်ခန္ဓာအသစ်ကို ငါပေးမယ်၊ ယာမာဒါဂေါရိရွာမှာ မင်းနဲ့နာမည်တူတဲ့ တခြားကီနုမယ် တစ်ယောက်ရှိသေးတယ်၊ သူ့ရဲ့ခန္ဓာကိုယ်ထဲမှာ မင်းရဲ့ဝိညာဉ်ကို ထည့်ပေးပြီး သူ့ရဲ့ဝိညာဉ်ကို ငါ့ဆီခေါ်လာရလိမ့်မယ်"ဟု ပြန်လည်ဖြေကြားလိုက်လေသတည်း။

ယာမာဒါဂေါရိရွာမှ မိဘများသည် မိမိတို့သမီးလေးသုံးရက်တိုင်တိုင် မေ့မြောနေရာမှ ယခုကဲ့သို့ ထပြေးသွားသဖြင့် အလွန်အံ့ဩနေကြသည်။ ပါးစပ်မှလည်း "ဒါ ကျွန်မအိမ်မဟုတ်ဘူး၊ ကျွန်မအိမ်မဟုတ်ဘူး"ဟု အော်ဟစ်နေပြန်သဖြင့် မိဘများက အဖျားလွန်၍ ကယောင်ကတမ်းပြောဆိုတာပဲ ဖြစ်မည်ဟုယူဆကာ နောက်မှ အမီလိုက်လာကြလေသည်။ သို့နှင့် အူတရိဂေါရိရွာသို့ ရောက်ရှိသွားကြသည်။ ထိုရွာမှ ကီနုမယ်၏ အိမ်ထဲသို့ ရောက်သွားသောအခါ...

"အင်း အခုမှပဲ စိတ်အေးရတော့တယ်၊ အမေ သမီး ပြန်လာပြီလေ အမေရဲ့"ဟု ကီနုမယ်က အဘွားကြီးကို ဆိုလိုက်လေသည်။

အူတရိဂေါရီရွာမှ မိဘများသည် သူ့အား အရူးမလေးတစ်ယောက်ဟု ထင်မှတ်ကာ

"အခု သမီး ဘယ်ကနေလာတာလဲကွဲ့"ဟု မေးမြန်းကြလေသည်။

"သေရွာက ပြန်လာတာလေ အမေရဲ့၊ ဒါပေမဲ့ ကျွန်မရဲ့ဝိညာဉ်ဟာ ကျွန်မရဲ့ခန္ဓာကိုယ်နဲ့အတူတူ မဟုတ်တော့ဘူး၊ တခြားလူရဲ့ခန္ဓာကိုယ်နဲ့ ပြန်လာရတာပါ"

ကီနုမယ်က မိမိကြုံတွေ့ခဲ့ရသော အဖြစ်အပျက်များကို မိဘများအား အသေးစိတ်ရှင်းပြလိုက်လေသည်။ အူတရိဂေါရီရွာမှ မိဘများလည်း ဘာကိုယုံရမှန်းမသိအောင် ဖြစ်သွားကြလေတော့သည်။ ထိုစဉ် ယာမာဒါဂေါရီရွာမှ မိဘများလည်း ရောက်လာကြပြီး မိန်းကလေးအား ဖြစ်ခဲ့သမျှကို ပြန်ပြောခိုင်းရာ အထက်ပါအတိုင်း တထေရာတည်း ဖြစ်နေလေတော့သည်။ သို့နှင့် နှစ်ဖက်မိဘများမှာ အကြံအိုက်နေရရှာလေတော့သည်။ အတန်ကြာမှ အူတရိဂေါရီရွာမှ မိဘများက ဆိုသည်။

"ကဲကဲ ဒီမိန်းကလေးရဲ့ ကိုယ်ခန္ဓာက ရှင်တို့သမီးပဲထားလိုက်ပါတော့၊ ဒါပေမဲ့ မိန်းကလေးရဲ့ ဝိညာဉ်ကတော့ ကျွန်မတို့သမီး ဖြစ်နေတယ်၊ ဒီလိုလုပ်ရင် မကောင်းဘူးလား၊ ကီနုမယ်ကလေးကို နှစ်ဖက်မိဘအားလုံးက ကိုယ့်သမီးပဲလို့ ယူဆလိုက်ကြရင်လေ"

"ဟာ… ကောင်းသားပဲ"

သို့ဖြင့် ကီနုမယ်ကလေးသည် မိဘလေးပါး၏ သမီးကလေးဖြစ်လာခဲ့ပြီးနောက် ထိုမိဘများ ကွယ်လွန်သောအခါ နှစ်ဖက်စလုံးမှ အမွေများကို ရရှိသွားလေတော့သည်။

❑

## အမေကို စွန့်ပစ်သောသား

ရှေးတုန်းက ဂျပန်ပြည်ဟာ အလွန်ဆင်းရဲတဲ့ တိုင်းပြည်တစ်ပြည် ဖြစ်ခဲ့သတဲ့ကွယ်။ ဂျပန်ပြည်ရဲ့ အကျယ်အဝန်းဟာ မြန်မာပြည်ရဲ့ ထက်ဝက်လောက်ပဲရှိပြီး တောင်တန်းတောင်စွယ်တွေ ပေါများလွန်းလို့ စိုက်ပျိုးလုပ်ကိုင်စားသောက်ဖို့ မြေဧရိယာဟာလည်း အလွန်ကျဉ်းမြောင်းတာပေါ့ကွယ်။ ဒါ့အပြင် လူဦးရေကလည်း အလွန်များတဲ့အတွက် အိမ်ထောင်စုတစ်ခုအတွက် လုပ်ကိုင်စားသောက်ဖို့ရတဲ့ မြေအကျယ်အဝန်းဟာ အလွန်ကျဉ်းမြောင်းတာပေါ့။

ဒီတော့ လူတွေဟာ အတော်ကြီးကို ဆင်းရဲခဲ့ကြတာပေါ့ကွယ်။ မိသားစုများတဲ့ အိမ်တွေဆိုရင် အရွယ်ရောက်လာတဲ့ သားသမီးတွေကို မြို့မှာတက်ပြီး အစေခံလုပ်ခိုင်းရသတဲ့။ တချို့ဆိုရင် ရောင်းတောင်ရောင်းစား ပစ်ကြရတာပေါ့ကွယ်။ အဲ အသက်အရွယ်အိုမင်းပြီး ဘာမှမလုပ်နိုင်တဲ့ အဘိုးအိုတွေ၊ အဘွားအိုတွေကျတော့ လူသူမနီးတဲ့ တောကြီးထဲကို သွားပြီး စွန့်ပစ်ကြရရှာသတဲ့။ အဘိုးအို အဘွားအိုတွေဟာ တောထဲမှာပဲ အစာငတ်ရေငတ်ဖြစ်ပြီး သေဆုံးသွားကြရရှာတာပေါ့ကွယ်။

တစ်ခါတုန်းက ရွာတစ်ရွာမှာ ယာမာမိုတိုဆိုတဲ့ လယ်သမားတစ်ယောက် ရှိသတဲ့။ သူ့မှာ ကလေးက ငါးယောက်ရှိပြီး အသက်အရွယ်

အိုမင်းလှပြီဖြစ်တဲ့ မိခင်ကြီးတစ်ယောက်ကိုပါ ကျွေးမွေးစောင့်ရှောက်ထား ရရှာသတဲ့။ တစ်နှစ်မှာတော့ ယာမာမိုတိုတို့ရွာမှာ မိုးအလွန်ခေါင်တဲ့အတွက် သီးနှံထွက်ညံ့လာတယ်တဲ့ကွယ်။ ယာမာမိုတိုတို့ မိသားစုဟာ ထမင်းကို တောင် ဝအောင်မစားနိုင်ဘဲ တစ်နေ့မှာ တစ်ခါလောက် ဆန်ပြုတ် ပြုတ် သောက်ကြရတာပေါ့။ ဒါတောင် ဆန်ပြုတ်ကိုတောင် လောက်ငအောင် မသောက်ကြရဘူးတဲ့။ ဒီတော့ ဇနီးဖြစ်သူက "အစ်ကိုရယ်၊ အိမ်မှာအမေ အိုကြီးရှိနေတာ ဆန်ပိုကုန်နေတာပေါ့၊ ရွာထဲက တခြားလူတွေလိုပဲ အမေ့ကို တောထဲကိုသွားပြီး စွန့်ပစ်လိုက်ပါလား" လို့ အကြံပေးလာသတဲ့။

ဟာမာမိုတိုဟာ ရတ်တရက် သူ့မိခင်ကြီးကို စွန့်ပစ်ရမယ်ဆိုတော့ အတော်ကြီးကို ဝမ်းနည်းသွားသတဲ့။ သူငယ်စဉ်ကတည်းက ဒုက္ခအမျိုးမျိုး ခံပြီး ကျွေးမွေးပြုစုခဲ့တဲ့ ကျေးဇူးကလည်း ရှိသေးတယ်မဟုတ်လားကွယ်။ ဒါပေမဲ့ အိမ်က ဆန်အိုးထဲမှာလည်း ဆန်က တဖြည်းဖြည်း လျော့ပါး လာတော့ ယာမာမိုတိုခမျာ ဘာလုပ်လို့ ဘာကိုင်ရမှန်းမသိအောင်ဖြစ်ပြီး ငေးငိုင်နေသတဲ့ကွယ်။ သားရဲ့အခြေအနေကို ရိပ်စားမိတဲ့ မိခင်အိုကြီးက–

"လူလေး နက်ဖြန် အမေ့ကို တောထဲကို ပို့ပေးပါတော့ကွယ်၊ လူ လေးကို အမေ စိတ်မနာပါဘူး၊ အမေ နားလည်ပါတယ်" လို့ ပြောရှာ သတဲ့။

*

နောက်တစ်နေ့ရောက်တော့ ယာမာမိုတိုဟာ သူ့မိခင်ကြီးကို ကျောမှာပိုးပြီး အိမ်ကနေထွက်ခဲ့သတဲ့။ ယာမာမိုတိုဟာ မတတ်သာလို့သာ မိခင်ကြီးကို စွန့်ပစ်ရတယ် ရင်ထဲက နာနေသတဲ့ကွယ်။ ဒီလိုနဲ့ သစ်ပင် တွေ အလွန်ထူထပ်တဲ့ တောလမ်းအတိုင်း အမေအိုကြီးကို ထမ်းပိုးပြီး လာခဲ့တာပေါ့ကွယ်။

ထူးဆန်းတာက အမေအိုကြီးဟာ လမ်းတစ်လျှောက်လုံး သစ်ကိုင်း တွေကို ချိုးချိုးပြီး လမ်းမှာ ပစ်ချနေသတဲ့ကွယ်။ သားက "အမေ ဘာ လုပ်နေတာပါလိမ့်" လို့ သံသယဝင်လာတာနဲ့ . . .

"အမေ ဘာဖြစ်လို့ ကျောပေါ်မှာ ငြိမ်ငြိမ်လိုက်မလာဘဲ သစ်ကိုင်းတွေကို ချိုးချိုးပြီး ပစ်ချနေရတာလဲဗျာ"

လို့ မေးလိုက်တာပေါ့။ ဒီတော့ အမေအိုကြီးက ပြောသတဲ့။

"လူလေး တောက အလွန်နက်တယ်ကွဲ့၊ အမေ့ကို စွန့်ပစ်ထားပြီး လူလေး အိမ်ပြန်တဲ့အခါ မျက်စိလည် လမ်းမှားသွားနိုင်တယ်၊ အချိန်မီ ပြန်မရောက်ရင် အိမ်က သမီးနဲ့မြေးကလေးတွေ စိတ်ပူနေကြလိမ့်မယ်၊ ဒါကြောင့်မို့ လူလေး အပြန်လမ်းမှာ လမ်းကိုမှတ်မိအောင်လို့ သစ်ကိုင်းစကလေးတွေ ချိုးချနေရတာပါကွယ်"

မိခင်ကြီးရဲ့စကားကို ကြားတဲ့အခါမှာ သားဖြစ်သူ ယာမာမိုတိုဟာ မိခင်ကြီးကိုဖက်ပြီး ကျူကျူပါအောင် ငိုကြွေးတော့တာပေါ့ကွယ်။ ပြီးတော့မှ...

"သားကိုခွင့်လွှတ်ပါ အမေ၊ သားမှားခဲ့ပါတယ်၊ ကျွန်တော်တို့ ဘယ်လောက်ပဲငတ်ငတ် အမေ့ကို သေတဲ့အထိ မစွန့်ပစ်တော့ပါဘူး"လို့ ပြောပြီး သူ့အမေကြီးကို ကျောပေါ်ပိုးကာ ရွာဘက်ဆီကို ထမ်းပြီး ပြန်လာခဲ့တော့တယ်တဲ့ကွယ်။

❑

## ဦးကပ်စေးတို့ သားအဖ

တစ်ခါတုန်းက ရွာတစ်ရွာမှာ အလွန်ကပ်စေးနဲတဲ့ 'ကြင်'ဆိုတဲ့ အဘိုးကြီးရှိသတဲ့ကွယ်။ ကြင်ဟာ သူတစ်ပါးက ကပ်စေးနဲတယ်လို့ အပြောခံရရုံတင်မကသေးဘူး၊ သူ့ကိုယ်သူလည်း ငါဟာ ဒီကမ္ဘာမှာ ကပ်စေးအနဲဆုံးပဲလို့ ထင်မိသတဲ့။

ဒါပေမဲ့ 'ကြင်'ဟာ သူ့ထက်ကပ်စေးနဲတဲ့ 'စော'ဆိုတဲ့ အဘိုးကြီးတစ်ဦး တခြားရွာတစ်ရွာမှာရှိတဲ့အကြောင်း သတင်းကြားလာရသတဲ့။ စောက အမြဲပြောပြောနေတဲ့ စကားတစ်ခု ရှိတယ်ကွဲ့။

"ငါတို့ကတော့ကွာ ထုတ်ရမှာဆိုရင် ကိုယ့်လျှာကိုတောင် အပြင်ဘက်ကို ထုတ်ရမှာနှမြောတယ်"

ကြင်ဟာ စောရဲ့သတင်းကိုလည်းကြားရော သူ့သားကိုခေါ်ပြီး ဒီလိုပြောသတဲ့။

"လူလေး ငါတို့သားအဖ ကပ်စေးနဲပြီး ချွေတာစားသောက်ခဲ့တာ ဘယ်လောက်အထိ ချွေတာခဲ့တယ်ဆိုတာ မင်းအသိပဲနော်၊ ဒီထက် ချွေတာရရင်လည်း ဘာမှမစားဘဲနေကြရုံပဲကွ၊ ဒါပေမဲ့ တစ်ဖက်ရွာက စောဆိုတဲ့ အဘိုးကြီးက ငါ့ထက် ကပ်စေးနဲတယ်လို့ သတင်းထွက်နေတယ်၊ အဲဒါ သူ ဘယ်လိုနေထိုင်စားသောက်နေတယ်ဆိုတာ သိရအောင် ငါ့သား သူ့အိမ်ကို အလည်သွားပြီး လေ့လာပါလား"

"ဟုတ်ကဲ့ အဖေ၊ 'ပညာလို အချိန်မဆွဲနဲ့' ဆိုတဲ့ စကားပုံအတိုင်း အခုပဲ ကျွန်တော် သွားပြီးလေ့လာပါမယ်"

သားဖြစ်သူဟာ ချက်ချင်း အိမ်က ထသွားမယ်လုပ်တော့ ကြင်က ခဏတားထားပြီး ပိုက်ဆံငါးပြားထုတ်ပေးကာ ဒီလိုပြောသတဲ့။

"ကိုယ့်ထက် ကပ်စေးနဲတဲ့ ဆရာကြီးအိမ်ကို သွားရမှာဆိုတော့ လက်ဆောင်လေးဘာလေး ပါမသွားလို့မသင့်ဘူးကွ။ ကဲကဲ ဈေးကိုအပြေးကလေးသွားပြီး စက္ကူပါးပါးတစ်ရွက်လောက် သွားဝယ်စမ်းပါဦးကွာ"

သားဖြစ်တဲ့သူကလည်း တစ်ရွာလုံးမှာ အစေ့စပ်ဆုံးဖြစ်လေတော့ စက္ကူဆိုင်ကနေ ပိုက်ဆံငါးပြားတည်းနဲ့ စက္ကူအပါးဆုံးနှစ်ရွက်ရအောင် ဈေးအပေါဆုံး စက္ကူတွေကို ဝယ်လာခဲ့သတဲ့။

"တော်တယ်ဟေ့ ငါ့သားသိပ်တော်တယ်၊ နှစ်ရွက်ကြီးများတောင် ရလာတော့ နှစ်ဆတိုးလာတာပေါ့ကွ"

အဘိုးကြီးကြင်ဟာ အတော်ကြီးကျေနပ်သွားပြီး စက္ကူတစ်ရွက်ကို နောက်ထပ်တစ်ဝက် ထပ်ဖဲ့လိုက်ပြီး အဲဒီစက္ကူပေါ်မှာ ဝက်ခေါင်းပုံတစ်ပုံ ရေးလိုက်ပြီး ...

"ဒါဆို ဆရာကြီးစောကို လက်ဆောင်ပေးရတာ မျက်နှာမငယ်တော့ဘူးပေါ့ကွာ" လို့ပြောကာ ခြင်းတောင်းအကြီးကြီးတစ်ခုထဲကို ထည့်ပေးလိုက်တာပေါ့ကွယ်။ ကြင်ရဲ့သားဟာ အဲဒီခြင်းတောင်းကြီးကိုထမ်းပြီး တစ်ဖက်ရွာက ဦးကပ်စေး ဆရာကြီးစောရဲ့အိမ်ကို ထွက်ခွာလာခဲ့တော့တယ်။

ဒါပေမဲ့ သူရောက်သွားတဲ့အချိန်မှာ ဆရာကြီးစောက အိမ်မှာ မရှိဘူးကွဲ့။ သူ့သားပဲရှိတယ်။ စောရဲ့သားက အိမ်ထဲက ထွက်လာတဲ့ အခါမှာ ကြင်ရဲ့သားက...

"ကျွန်တော် ဆရာကြီးစောရဲ့ဆီမှာ ပညာသင်ယူဖို့ လာခဲ့တာပါ၊ ဟောဒါ ကျွန်တော့်အဖေက ဆရာကြီးအတွက် ပေးလိုက်တဲ့ လက်ဆောင်

ပါ”လို့ဆိုပြီး သူထမ်းလာတဲ့ခြင်းကြီးကို ကမ်းပေးလိုက်သတဲ့။ ဒီအခါမှာ စောရဲ့သားက

“အလို တယ်အဖိုးတန်တဲ့လက်ဆောင်ပါလား၊ ကျေးဇူးတင်လိုက်တာဗျာ၊ ဒါပေမဲ့ အားတော့နာပါရဲ့၊ အဖေ အပြင်ထွက်သွားပါတယ်” လို့ ပြန်ပြောပြီး ခြင်းကြီးထဲက ဝက်ခေါင်းပုံဆွဲထားတဲ့ စက္ကူကို ထုတ်ယူလိုက်သတဲ့။ ပြီးတော့...

“ကျေးဇူးတင်တဲ့အနေနဲ့ ပြန်ပြီး လက်ဆောင်ပေးရဦးမှာပေါ့ဗျာ၊ သိပ်တော့ အဖိုးမတန်ပါဘူး၊ လိမ္မော်သီးသုံးလုံးလောက် ပြန်ပြီး လက်ဆောင်ပါးလိုက်ပါ့မယ်၊ အင့် အင့် အင့်”

လို့ ပါးစပ်ကပြောပြီး သူ့လက်နှစ်ဖက်ကို လိမ္မော်သီးလိုဝိုင်းကာ ခြင်းထဲကို ပြန်ထည့်ပေးတဲ့ပုံသဏ္ဌာန်မျိုး လုပ်ပြသတဲ့။

ကြင်ရဲ့သားဟာ အဲဒီခြင်းကြီးကို ရိရိသေသေထမ်းလာပြီး ရွာကို ပြန်လာခဲ့ကာ သူ့အဖေ ကြင်ကို ပေးတဲ့အခါမှာ ဘာမှမတွေ့ရတဲ့အတွက်

“ဟွန်း... တော်တော့်ကို ကပ်စေးနဲတဲ့ စောပဲ၊ စက္ကူကလေးတစ်ရွက်တောင် ပြန်မပေးလိုက်ဘူး”လို့ ညည်းရှာတော့သတဲ့။

*

ညနေပိုင်းရောက်တော့ တစ်ဖက်ရွာကစောလည်း သူ့အိမ်ကို သူပြန်ရောက်လာတာပေါ့။ အိမ်မှာစောင့်နေတဲ့ သားက နေ့လယ်က တစ်ဖက်ရွာက ကြင်ရဲ့သား ပညာသင်ရအောင် လာသွားတဲ့အကြောင်း ပြောပြတဲ့အခါ စောက အလျင်စလို...

“ဘာများ လက်ဆောင်ပေးသွားသေးလဲကွ”

လို့ မေးသတဲ့။ ဒီတော့ သားဖြစ်တဲ့လူက ကြင်ပေးလိုက်တဲ့ ဝက်ခေါင်းပုံဆွဲထားတဲ့ စက္ကူပိုင်းကလေးကို ထုတ်ပေးလိုက်တဲ့အခါ

“ဟား ဟား ဟား၊ တယ်ဟုတ်ပါလား”လို့ ပြောပြီး သဘောကျနေသတဲ့။ ကြင်ရဲ့ ကပ်စေးနဲပုံကို ချီးကျူးတာလည်း ဖြစ်နိုင်တာပေါ့ကွယ်။ ဒါနဲ့ ...

"မင်းက ဘာများ လက်ဆောင်ပြန်ပေးလိုက်သေးလဲကွ"

လို့ မေးတဲ့အခါမှာ သားဖြစ်သူက...

"လိမ္မော်သီးသုံးလုံး ပေးလိုက်ပါမယ်လို့ဆိုပြီး ဟောဒီလို ဟောဒီလို ထည့်ပေးလိုက်တယ် အဖေ"လို့ဆိုကာ လက်ကို သုံးခါဝိုင်းပြီး လုပ်ပြတာပေါ့။ သူ့သားလုပ်ပြတာကိုမြင်လိုက်ရတဲ့ အဘိုးကြီးဇောဟာ သူ့ရင်ဘတ် သူထုပြီး သူ့သားကို အသံကျယ်ကြီးနဲ့ ခုလို ကြိမ်းမောင်းလိုက်သတဲ့။

"အလည်း အပေါ့ ငါ့သားရာ၊ ဘာဖြစ်လို့ လက်ကို အဲဒီလောက် အကြီးကြီး ကွင်းပေးလိုက်ရတာလဲ၊ သေးသေးလေး ကွင်းပေးလိုက်ရင် တော်လောက်ရောပေါ့"

❑

## ဆင်၏အလေးချိန်ကို တိုင်းနည်း

တစ်ခါတုန်းက ဘုရင်ကြီးတစ်ပါးဆီကို တခြားတိုင်းပြည်တစ်ပြည်မှ ဆင်ကြီးတစ်ကောင် လက်ဆောင်ပါးလာခဲ့သတဲ့။ ဘုရင်ကြီးရဲ့တိုင်းပြည်က လူတွေဟာ တစ်ခါမှ ဒီလောက်ကြီးမားလှတဲ့ တိရစ္ဆာန်ကြီးကို မမြင်ဖူးကြတဲ့အတွက် အလွန်အံ့သြပြီးလာရောက်ဝိုင်းအုံ ကြည့်ရှုကြတာပေါ့ကွယ်။ ဒီအခါမှာ ဘုရင်ကြီးက သူ့ရဲ့မှူးမတ်ကြီးတွေကို...

"ဒီဆင်ကြီး ဘယ်လောက်လေးတယ်ဆိုတာ ချိန်ကြည့်ကြစမ်းဟဲ့" လို့ ခိုင်းလိုက်တယ်တဲ့။ ဒါနဲ့ မှူးကြီးမတ်ကြီးတွေကလည်း ဆင်ကြီးကို ချိန်ကြည့်ဖို့ ချိန်ခွင်အကြီးကြီးကို လိုက်ရှာတော့တာပေါ့။ ရှေးတုန်းက ဆိုတော့ ဒီလောက်ကြီးတဲ့ ဆင်ကြီးကိုချိန်ဖို့ ချိန်ခွင်ကို ဘယ်မှာရှာလို့ ရမှာလဲကွယ်။ မှူးကြီးမတ်ကြီးတွေဟာလည်း အတော့်ကို အကျပ်ရိုက်ကုန်ကြတာပေါ့။ ဆင်ကြီးကို ချိန်တွယ်ဖို့ အမျိုးမျိုး ဆွေးနွေးကြဲဆကြပေမယ့် ဘယ်လိုမှ အဖြေမတွေ့ကြဘူးတဲ့ကွယ်။

မတတ်သာတဲ့အဆုံးမှာ ဆင်ကြီးရဲ့အလေးချိန်ကို ချိန်နိုင်တဲ့လူရှိရင် ဆုတော်လာဘ်တော်များ ချမည်ဆိုတဲ့ ကြော်ငြာဆိုင်းဘုတ်တွေကို တစ်တိုင်းပြည်လုံးမှာ လျှောက်ကပ်ထားကြရှာတာပေါ့။

ဒါပေမဲ့ ဘယ်သူမှ ဆင်ကြီးကိုချိန်ဖို့ ရောက်မလာကြဘူးတဲ့ကွယ်။

တစ်နေ့မှာ ကောင်လေးတစ်ယောက်ရောက်လာပြီး

"ကျွန်တော် ဆင်ကြီးရဲ့အလေးချိန်ကို ချိန်ပါရစေ"လို့ ပြောလာသတဲ့။ မှူးကြီးမတ်ကြီးတွေက မဖြစ်စလောက် ကောင်လေးကိုတွေ့တော့ အထင်သေးကြတာပေါ့။ "ဒီလောက်ငယ်တဲ့ ချာတိတ်က ဆင်အကြီးကြီးကို ချိန်လို့မရနိုင်ပါဘူးကွာ"လို့ ကဲ့ရဲ့ကြပြန်သတဲ့။ ဒါပေမဲ့ တခြားနည်းလမ်းကလည်း မရှိတော့ အဲဒီကောင်လေးကိုပဲ ဆင်ကြီးကို ချိန်ကြည့်ခိုင်းဖို့ ဆုံးဖြတ်လိုက်ရတာပေါ့။

ကောင်လေးက ဆင်ကြီးကို မြစ်ကမ်းဘက်ဆီကို ဆွဲခေါ်လာခဲ့တော့သတဲ့။ မှူးကြီးမတ်ကြီးတွေနဲ့ ပြည်သူပြည်သားတွေဟာလည်း ကောင်လေး ဘယ်လိုချိန်မယ်ဆိုတာကို သိချင်တာနဲ့ အများကြီး စုဝေးပြီး လာရောက်ကြည့်ရှုကြတာပေါ့။

ပထမဆုံး ကောင်လေးက ဆင်ကြီးကို မြစ်ကမ်းမှာ ဆိုက်ထားတဲ့ ဖောင်ကြီးတစ်ခုပေါ်ကို မောင်းတင်လိုက်တယ်ကွဲ့။ ဆင်ကြီး ဖောင်ပေါ်ရောက်တော့ ဖောင်ကြီးဟာ ရေထဲကို နည်းနည်းနစ်သွားတာပေါ့ကွယ်။ ဒီအခါမှာ ကောင်လေးဟာ ရေထဲကိုဆင်းပြီး ဖောင်ကြီး ရေထဲမှာနစ်မြုပ်တဲ့နေရာကို အိုးမဲခဲနဲ့ခြစ်ပြီး မှတ်ထားလိုက်တယ်။ ပြီးတော့ ဆင်ကြီးကို ဖောင်ပေါ်ကဆင်းစေပြီး အနားမှာကြည့်နေတဲ့ လူတွေကို ဖောင်ပေါ်ကို ကျောက်ခဲတွေ အများကြီး တင်ခိုင်းသတဲ့။ ကျောက်ခဲတွေ တင်လိုက်တဲ့အတွက် ဖောင်ကြီးဟာ တဖြည်းဖြည်း ရေထဲကို နစ်မြုပ်လာခဲ့တာပေါ့။ စောစောက ဆင်ကြီးတက်နေတုန်း နစ်သွားတဲ့ ဖောင်အမှတ်လောက်ရောက်တော့ ကောင်လေးက…

"တော်ပြီဗျို့ ကျောက်ခဲတွေကို ဆက်ပြီး မတင်ကြနဲ့တော့၊ ကဲ ကဲ ဟောဒီဖောင်ပေါ်က ကျောက်ခဲတစ်လုံးစီကိုယူပြီး ချိန်ခွင်နဲ့ချိန်ကြည့်ကြပါ၊ ပြီးတော့ ကျောက်ခဲအားလုံးရဲ့ အလေးချိန်တွေကို စုစုပေါင်းပေါင်းကြည့်လိုက်၊ အဲဒါ ဆင်ကြီးရဲ့အလေးချိန်ပါပဲ"လို့ ပြောလိုက်သတဲ့ကွယ်။

ဝိုင်းဝန်းကြည့်ရှုနေကြတဲ့ မှူးကြီးမတ်ကြီးများနဲ့ ပရိသတ်ကြီးဟာ "တယ်ပြီးဉာဏ်ကောင်းတဲ့ကလေးပဲ"လို့ တဖွဖွ ချီးကျူးကြသတဲ့ကွယ်။ ပြီးတော့ ဘုရင်ကြီးကလည်း အဲဒီကောင်လေးကို ဆုတော်လာဘ်တော်တွေ အများကြီး ချီးမြှင့်လိုက်သတဲ့။

❑

## ဟာနဆကဂျီဂျီး (သို့) ပန်းများကိုပွင့်စေသော အဘိုးအို

ဟိုးရှေးရှေးတုန်းက ရွာတစ်ရွာမှာ အလွန်စိတ်ထားကောင်းတဲ့ အဘိုးအိုတစ်ဦး ရှိတယ်တဲ့ကွယ်။ အဲဒီအဘိုးအိုကြီးရဲ့အိမ်မှာ ခွေးကလေး တစ်ကောင် မွေးထားတယ်တဲ့။ ခွေးကလေးကို ချစ်စနိုးနဲ့ 'ပေါ့ကျီ' လို့ နာမည်ပေးထားသတဲ့။ အဘိုးအိုဟာ ခွေးကလေး ပေါ့ကျီကို သားသမီး တစ်ယောက်လို ချစ်ခင်တွယ်တာပြီး ပေါ့ကျီကလည်း အဘိုးအိုကို ဖခင် တစ်ယောက်လို ချစ်ခင်မြတ်နိုးရှာတယ်တဲ့ကွယ်။

တစ်နေ့မှာ အဘိုးအိုနဲ့ခွေးကလေး ပေါ့ကျီဟာ လယ်တောထဲကို ဟင်းရွက်ဟင်းသီးခူးဖို့ ထွက်လာကြသတဲ့။ လယ်ကွက်ရဲ့ ထောင့်တစ်နေရာ ကို ရောက်တော့ ပေါ့ကျီက "ဝုတ် ဝုတ် ဘဘ ဘဘ ဒီနေရာမှာ တူး ကြည့်ပါ"လို့ ဟောင်ပြီး ပြောတယ်တဲ့။ အဘိုးအိုကလည်း ပေါ့ကျီ ပြောတဲ့ နေရာကို တူးကြည့်လိုက်တဲ့အခါမှာ မြေကြီးထဲက အလွန်အဖိုးတန်တဲ့ ရတနာတွေအပြည့်ပါတဲ့ ရွှေအိုးကြီးတစ်လုံးကို တွေ့ရတဲ့အတွက် အဘိုးအို ဟာ ချမ်းသာကြီးပွားသွားတော့တယ်။

အဲဒီသတင်းကို အိမ်နီးနားချင်း အဘိုးအိုက ကြားသတဲ့။ အဲဒီ အဘိုးအိုဟာ အလွန်လောဘကြီးလွန်းလို့ သူ့ကို တစ်ရွာလုံးက ဦးလောဘ လို့ ခေါ်တာပေါ့။ ဦးလောဘက စိတ်ထားကောင်းတဲ့ အဘိုးအိုထံက

"ခွေးကလေးပေါ့ကျီကို ခဏငှားပါဗျာ"လို့ပြောပြီး လယ်ထဲကို ခေါ်သွားတယ်တဲ့ကွယ်။

လယ်ထဲကိုလည်းရောက်ရော ဦးလောဘဟာ ပေါ့ကျီကို တုတ်နဲ့ရိုက်ပြီး "ဟောင်စမ်းကွာ၊ ရွှေအိုးရှိတဲ့နေရာကို ပြစမ်းကွာ"လို့ အတင်းအဓမ္မခိုင်းတော့တာပေါ့။ ခွေးကလေးလည်း ဦးလောဘကို ကြောက်တာနဲ့ "ဝုတ် ဝုတ် ဒီနေရာမှာ ရှိပါတယ်ဗျာ"လို့ ဟောင်ပြီးပြရတော့တာပေါ့။ ဦးလောဘက ပေါ့ကျီဟောင်ပြတဲ့နေရာ တူးကြည့်လိုက်တဲ့အခါ မြေကြီးထဲက ရွှေအိုးကြီးထွက်မလာဘဲ မစင်ထုပ်ကြီး ထွက်လာတော့တယ်တဲ့။ ဦးလောဘလည်း အလွန်စိတ်ဆိုးသွားပြီး ခွေးကလေးပေါ့ကျီကို လယ်ကွင်းထဲမှာပဲ တုတ်နဲ့ရိုက်သတ်လိုက်တော့တယ်။

စိတ်ထားကောင်းတဲ့ အဘိုးအိုဟာ ခွေးကလေးပေါ့ကျီအတွက် အလွန်စိတ်မကောင်းဖြစ်ပြီး လယ်ကွင်းထဲမှာပဲ ပေါ့ကျီကို မြေမြှုပ်သင်္ဂြိုဟ်လိုက်တယ်။ ပြီးတော့ ပေါ့ကျီရဲ့မြေပုံကလေးပေါ်မှာ သစ်ပင်ကလေးတစ်ပင်စိုက်ထားခဲ့တယ်တဲ့ကွယ်။ ဒီလိုနဲ့ အဲဒီသစ်ပင်ကလေးဟာ တဖြည်းဖြည်းကြီးထွားလာခဲ့တော့တယ်။ သစ်ပင်ကလေးကြီးလာတော့ စိတ်ထားကောင်းတဲ့ အဘိုးအိုက အဲဒီသစ်ပင်ကို ခုတ်ပြီး ဆန်ဖွပ်တဲ့မောင်းကလေးတစ်ခုဖြစ်အောင် လုပ်လိုက်တယ်တဲ့ကွယ်။ ထူးဆန်းတာက အဲဒီမောင်းထဲကို ဆန်တွေထည့်ပြီး ဖွပ်လိုက်တဲ့အခါမှာ ဆန်စေ့တွေအားလုံးဟာ ရွှေစကလေးတွေအဖြစ် ပြောင်းလဲလာခဲ့တယ်တဲ့ကွယ်။

ဒီသတင်းကိုကြားတဲ့ ဦးလောဘဟာ စိတ်ထားကောင်းတဲ့ အဘိုးအိုထံက မောင်းကလေးကို ငှားသွားပြန်သတဲ့။ ဦးလောဘဟာ အိမ်ရောက်လို့ ဆန်စေ့တွေကို ထည့်ထောင်းတဲ့အခါမှာ ဆန်စေ့တွေဟာ မစင်ပုပ်တွေအဖြစ် ပြောင်းလဲသွားတော့တယ်တဲ့ကွယ်။ ဦးလောဘလည်း အလွန်ဒေါသထွက်သွားပြီး မောင်းကလေးကို မီးရှို့ဖျက်ဆီးပစ်တော့တာပေါ့။

ဒီသတင်းကိုကြားတဲ့ စိတ်ထားကောင်းတဲ့ အဘိုးအိုဟာ မောင်းကလေးကို မီးရှို့လို့ထွက်လာတဲ့ ပြာတစ်ဆုပ်ကို ကျုံးယူပြီး သူ့အိမ်က

ပန်းပင်ရင်းမှာ ပုံထားသတဲ့။ နောက်နေ့ကျတော့ ပန်းပင်ကနေ အလွန်လှပတဲ့ ပန်းပွင့်ကလေးတွေ ပွင့်လာတော့တယ်တဲ့ကွယ်။ အဲဒီအချိန်မှာ ဘုရင်ကြီးတစ်ပါးဟာ စိတ်ထားကောင်းတဲ့ အဘိုးအိုရဲ့ပန်းပွင့်ကလေးတွေကို တွေ့သွားတဲ့အတွက် အဘိုးအိုကို ဆုတော်လာဘ်တော်တွေ အများကြီးပေးသနားလိုက်သတဲ့ကွယ်။

ဦးလောဘကလည်း ဘုရင်ကြီး နန်းတော်ကိုသွားပြီး သူလည်းလှပတဲ့ ပန်းပွင့်ကလေးတွေပွင့်အောင် စိုက်တတ်ပါတယ်၊ အိမ်ကိုလိုက်ပြီး ရှုစားတော်မူပါလို့ပြောကာ ဘုရင်ကြီးကို အိမ်အထိခေါ်လာခဲ့သတဲ့။ အိမ်ကိုရောက်လို့ ဦးလောဘက ပြာတွေကို ဆုပ်ပြီး ပန်းပင်ရင်းမှာ ပုံလိုက်ရော ရုတ်တရက် ပြာတွေဟာ "ဖုန်း"ခနဲ ပေါက်ကွဲပျံ့လွင့်ပြီး ဘုရင်ကြီးရဲ့ မျက်လုံးထဲကို ဝင်သွားတော့တယ်။ ဘုရင်ကြီးလည်း အလွန်စိတ်ဆိုးတော်မူတဲ့အတွက် ဦးလောဘကို ထောင်သွင်းအကျဉ်းချထားလိုက်ရောတဲ့ကွယ်။

❑

# နင်းတောခ ဘုရင်မင်းမြတ်

အေဒီ ၄ ရာစုနှစ်လောက်တုန်းက ဂျပန်ပြည်မှာ ၁၆ ဆက်မြောက် မင်းဆက်အဖြစ် နင်းတောခဘုရင်မင်းမြတ် စိုးစံအုပ်ချုပ်တော်မူခဲ့သတဲ့ကွယ်။ နင်းတောခဘုရင်မင်းမြတ်ဟာ အကြင်နာတရားနှင့်ပြည့်စုံပြီး တိုင်းသူပြည်သား လူအများကို ရင်ဝယ်သားကဲ့သို့ ကရုဏာထားကာ မျှမျှတတ အုပ်ချုပ်တော်မူခဲ့တယ်။

တစ်နေ့တော့ နင်းတောခ ဘုရင်မင်းမြတ်ဟာ နန်းတော်ရဲ့အထက်ဆုံး ဘုံခန်းမပေါ်ကိုတက်ပြီး အရပ်လေးမျက်နှာသို့ ကြည့်ရှုတော်မူသတဲ့။ ဘုရင်ကြီး ကြည့်တော်မူတဲ့အချိန်ဟာ တိုင်းသူပြည်သား လူအများတို့ နံနက်စာ ချက်ပြုတ်ကြတဲ့အချိန်ဖြစ်ပေမယ့် ဘယ်အိမ်ရဲ့မီးဖိုချောင်ကမှ မီးခိုးထွက်တာကို တွေ့တော်မမူရဘူးတဲ့ကွယ်။ ဘုရင်ကြီးလည်း အတော်ကို အံ့သြသွားပြီး အနားမှာ ခစားနေတဲ့ မှူးမတ်ကြီးကို “ဟဲ့ အမတ်ကြီး အခုအချိန်ဟာ ထမင်းချက်ချိန်ဖြစ်ပါလျက်နဲ့ ဘယ့်အတွက်ကြောင့် တိုင်းသူပြည်သား လူအများရဲ့အိမ်က မီးခိုးတစ်စက်မှ မထွက်ရတာလဲ”လို့ မေးတော်မူသတဲ့။ အဲဒီအခါမှာ အမတ်ကြီးက “မှန်လှပါဘုရား၊ ယခုနှစ်များတွင် မိုးလေမမှန်ပါသောကြောင့် သီးနှံအထွက်ညံ့ကာ တိုင်းသူပြည်သား

အပေါင်းမှာ အစာရေစာရှားပါး၍ အငတ်ဘေးဆိုက်နေကြရပါသည်ဘုရား”လို့ လျှောက်ထားသတဲ့။

ဘုရင်ကြီးလည်း အခြေအနေကို နားလည်တော်မူသွားပြီးတဲ့နောက်မှာ “ဒီလိုဆို ငါ့ရဲ့ပြည်သူပြည်သားတွေဟာ အလွန်သနားစရာ ကောင်းနေပြီပေါ့ အမတ်ကြီးရယ်၊ ကဲကဲ ဒီနှစ်ကစပြီး နောက်ထပ်သုံးနှစ်အထိ အခွန်တော်များပေးဆပ်ရန် မလိုဘူးလို့ အမိန့်ထုတ်လိုက်ပါကွယ်”လို့ မိန့်ကြားတော်မူသတဲ့။ ဘုရင်ကြီးရဲ့အမိန့်ကိုကြားရတဲ့ တိုင်းသူပြည်သားတွေဟာဝမ်းသာလွန်းလို့ မျက်ရည်များတောင် လည်လာကြသတဲ့ကွယ်။

နောက်သုံးနှစ်ကြာတဲ့အခါမှာ ဘုရင်ကြီးဟာ နန်းတော်ရဲ့အထက်ဆုံးဘုံအဆင့်ကိုတက်ပြီး ရှုစားတော်မူပြန်သတဲ့။ အဲဒီအခါမှာ အရပ်လေးမျက်နှာမှာရှိတဲ့ အိမ်အသီးသီးက မီးခိုးများတလူလူထွက်နေတာကို တွေ့တော်မူရသတဲ့။ ဘုရင်ကြီးလည်း အလွန်ဝမ်းမြောက်တော်မူသွားပြီး အနီးကမိဖုရားကြီးကို “အင်း အခုမှပဲ ငါကိုယ်တော်မြတ် တကယ်ချမ်းသာတော့တယ်”လို့ မိန့်ကြားလိုက်တယ်တဲ့ကွယ်။

မိဖုရားကြီးဟာ ဘုရင်ကြီးရဲ့စကားကို နားမလည်နိုင်တဲ့အတွက် “ဘယ်လိုအဓိပ္ပာယ်နဲ့ မိန့်ကြားတော်မူတာလဲဘုရား”လို့ လျှောက်ထားတဲ့ အခါဘုရင်ကြီးက “တိုင်းသူပြည်သားတွေ ချမ်းသာလာတာဟာ ငါကိုယ်တော်မြတ် ချမ်းသာလာတာနဲ့ အတူတူပဲပေါ့ နှမတော်၊ တိုင်းသူပြည်သားတွေဆိုတာဟာ ငါကိုယ်တော်မြတ်စိုးစံနေတဲ့ ဟောဒီတိုင်းပြည်ရဲ့ အုတ်မြစ်အုတ်ချပ်တွေပဲပေါ့ကွယ်”လို့ မိန့်ကြားတော်မူသတဲ့။ ဒီလိုနဲ့ ဘုရင်ကြီးဟာ နောက်ထပ်သုံးနှစ် အခွန်ကင်းလွတ်ခွင့် ပြုလိုက်ပြန်တဲ့အတွက် တိုင်းသူပြည်သားတွေဟာလည်း ပိုပြီးချမ်းသာကြွယ်ဝလာကြသတဲ့။ ခြောက်နှစ်လောက် ကြာပြီးတဲ့အခါမှာတော့ တိုင်းသူပြည်သားတွေဟာ အလွန်အမင်းချမ်းသာလာကြတဲ့အတွက် ဘုရင်ကြီးအား မိမိတို့ထံမှ အခွန်တော်များကောက်ယူတော်မူပါရန် တောင်းပန်ပြီး အခွန်တော်များကို ပြည့်ပြည့်ဝဝပေးဆပ်လာကြတော့တယ်။ မိမိတို့ကို ရင်ဝယ်သားကဲ့သို့ သနားတော်မူတဲ့

ဘုရင်ကြီးရဲ့ စိတ်ထားမြတ်ကို ဂုဏ်ပြုတဲ့အနေနဲ့ တိုင်းသူပြည်သားတွေဟာ အလွန်တရာမှ ခမ်းနားကြီးကျယ်လှတဲ့ နန်းတော်ကြီးတစ်ခုကိုလည်း ဘုရင်ကြီးအတွက် ဆောက်လုပ်ပေးကြသတဲ့ကွယ်။

❑

## ဂျပန်ရိုးရာ စကားပုံ ပုံပြင်များ

"လူ့ဘဝတစ်သက် ထမင်းအိုးတစ်ခါပွက်တဲ့ အိပ်မက်"

တစ်ခါတုန်းက ရွာတစ်ရွာမှာ ရောဆေးလို့ခေါ်တဲ့ လူရွယ်တစ်ယောက် ရှိသတဲ့ကွယ်။ သူဟာ အလွန်ရိုးသားပြီး အလုပ်ကြိုးစားသူဖြစ်လေတော့ ရွာမှာနေရတာကို မပျော်ပိုက်ဘူးတဲ့။ ဒါနဲ့ မြို့တက်ပြီး ကိုယ်ထူးကိုယ်ချွန် လုပ်ကိုင်စားသောက်မယ်လို့ ဆုံးဖြတ်ပြီး ရွာက ထွက်လာတယ်တဲ့ကွယ်။ လမ်းခရီးတစ်ဝက်ရောက်တော့ ထမင်းဆိုင်တစ်ဆိုင်မှာ နေ့လယ်စာစားဖို့ ဝင်နားသတဲ့။ အဲဒီအချိန်မှာ ထမင်းဆိုင်ကလည်း ထမင်းမကျက်သေးဘူးတဲ့။ ထမင်းအိုးတည်ခါစပဲ ရှိသေးတယ်တဲ့ကွယ်။

ရောဆေးဟာ ထမင်းအကျက်ကို စောင့်နေတုန်း ရောအောဆိုတဲ့ ခရီးသွားဧည့်သည်တစ်ယောက်နဲ့ စကားလက်ဆုံကျမိသတဲ့။ သူတို့နှစ်ယောက်ဟာ လူ့ဘဝအကြောင်းနဲ့ ပတ်သက်ပြီး ဟိုဟိုဒီဒီ ဆွေးနွေးကြရင်း ခရီးပန်းလာတဲ့ ရောဆေးဟာ ရောအောဆိုတဲ့ ခရီးသည်ထံက ခေါင်းအုံးကိုငှားပြီး အိပ်ပျော်သွားပါရောတဲ့ကွယ်။ အိပ်ပျော်သွားတုန်း ရောဆေးဟာ အခုလို အိပ်မက်မက်သတဲ့။

သူဟာ အလွန်ချမ်းသာကြွယ်ဝတဲ့ သူဌေးသမီးနဲ့ အိမ်ထောင်ကျပြီး အရာရှိအရာခံကြီးတစ်ယောက် ဖြစ်လာသတဲ့။ အကြိမ်ပေါင်းများစွာ

အသက်ဘေးတွေနဲ့ ရင်ဆိုင်ရပေမယ့် သူ့ကို ကယ်မယ့်သူတွေ ပေါ်လာခဲ့သတဲ့။ ဒါနဲ့ သားသမီးငါးယောက်ပင် ထွန်းကားပြီး အသက်ကြီးလာတဲ့အခါ ဘုရင့်ထံပါးမှာ သက်တော်ရှည်အမတ်ကြီးအဖြစ် ခစားနေရသတဲ့ကွယ်။

ဖျတ်ခနဲ နိုးလာတော့မှ ရောဆေးဟာ သူအိပ်မက် မက်နေမှန်းသတိထားလိုက်မိသတဲ့ကွယ်။ ထမင်းဆိုင်ရဲ့ မီးဖိုထဲကို လှမ်းကြည့်လိုက်တော့ ထမင်းအိုးဟာ အခုမှ စပွက်ခါစပဲ ရှိသေးသတဲ့။ ဒီတော့မှ ရောဆေးဟာ လူတွေခံ့မက်နေကြတဲ့ လူ့ဘဝဆိုတာ ထမင်းအိုးတစ်ခါပွက်မျှသာ ရှိပါလားလို့ နားလည်သွားပြီး ခရီးသည်ကြီး ရောအောရဲ့ခေါင်းအုံးကို ပြန်ပေးလိုက်သတဲ့ကွယ်။

❑

## ဆိုင်းအောနေ့အုမ

“ကံထမ်းလာတာကို မမြင်ရ၊ အဘိုးအိုရဲ့မြင်းမ”

တစ်ခါတုန်းက တိုင်းပြည်တစ်ပြည်နဲ့ အခြားတိုင်းပြည်တစ်ပြည်ရဲ့ နယ်စပ်မှာ အဘိုးအိုတစ်ဦး နေထိုင်သတဲ့။ တစ်နေ့တော့ အဘိုးအိုမွေးထားတဲ့ မြင်းမကလေးဟာ တစ်ဖက်တိုင်းပြည်ထဲကို ထွက်ပြေးသွားပါရောတဲ့။ ရွာထဲကလူတွေဟာ ဒီသတင်းကိုလည်းကြားရော စိတ်မကောင်းကြတဲ့အတွက် အဘိုးအိုကို လာရောက်အားပေးကြသတဲ့။ ဒီအခါမှာ အဘိုးအိုက...

“မဟုတ်တာဗျာ၊ မြင်းမလွတ်ပြေးတာဟာ ကံကောင်းတာလို့ကော မဆိုနိုင်ဘူးလား”လို့ ပြောပြီး ဘာမှမဖြစ်သလို နေလိုက်သတဲ့။ မကြာပါဘူး၊ အဘိုးအိုရဲ့မြင်းမဟာ အလွန်တရာ ချောမောလှပတဲ့ သိန္ဓောမြင်းကြီးကို တခြားနယ်ထဲက ခေါ်လာပါရောတဲ့။ ဒီအခါမှာ ရွာထဲကလူတွေက အဘိုးအို သိပ်ကံကောင်းတာပဲလို့ လာရောက် ချီးမွမ်းကြပြန်သတဲ့။ ဒီအခါမှာ အဘိုးအိုက...

“မဟုတ်တာဗျာ၊ သိန္ဓောမြင်းကြီး ပါလာတာ ကျုပ်အတွက် ကံဆိုးတယ်လို့ကော မပြောနိုင်ဘူးလား”လို့ ပြောပြီး မျက်နှာမရွှင်မပျ ဖြစ်နေပြန်ရောတဲ့။ ဒီအတောအတွင်းမှာပဲ အဘိုးအိုရဲ့သားလေးဟာ သိန္ဓော

မြင်းကြီးကို တက်စီးတုန်း မြင်းပေါ်ကလိမ့်ကျကာ ပေါင်ကျိုးသွားတော့သတဲ့။ ဒီတော့ ရွာထဲကလူတွေက အဘိုးအို ကံဆိုးရှာတာပဲလို့ ပြောပြီး အားပေးပြန်သတဲ့။ ဒီအခါမှာ အဘိုးအိုက…

"မဟုတ်တာဗျာ၊ ကျုပ်သား ပေါင်ကျိုးတာဟာ ကံကောင်းတယ်လို့ကော မပြောနိုင်ဘူးလား" လို့ ပြောပြီး ပျော်ပျော်ရွှင်ရွှင်နေသတဲ့။ မကြာခင်မှာပဲ တိုင်းပြည်ကြီးနှစ်ပြည် အချင်းချင်း စစ်ခင်းကြတော့သတဲ့။ ရွာထဲက သန်သန်မာမာ လူရွယ်တွေဟာ စစ်ထဲမှာပါသွားပြီး အကုန်လုံး တိုက်ပွဲကျကုန်သတဲ့။ အဘိုးအိုရဲ့သားလေးကတော့ ဒုက္ခိတမို့ စစ်ထဲ မလိုက်ရဘဲ အသက်ရှင်ကျန်ရစ်သတဲ့ကွယ်။

❑

## မောဘဆန်းဆင်း

"မောရှိရဲ့အမေ၊ နေရာသုံးခါပြောင်း"

ပညာရှိမောရှိ ကလေးဘဝတုန်းက သူနဲ့သူ့မိခင်ဟာ သင်္ချိုင်းကုန်းနားမှာ နေကြတယ်တဲ့ကွယ်။ မောရှိကလေးဟာ တခြားကလေးတွေနဲ့အတူတူ ဆော့တဲ့အခါမှာ သူတွေ့နေကျ ပတ်ဝန်းကျင်ကို အတုခိုးပြီး...

"လူသေကောင်လုပ်တမ်း" ကစားကြသတဲ့။ ပြီးတော့ အလောင်းကို မြေမြှုပ်တမ်း ကစားကြပြန်သတဲ့။ ဒါကို မြင်ရတဲ့ မိခင်ကြီးက

"အင်း... ဒီနေရာဟာ ကလေးတွေနေဖို့ မသင့်တော်တဲ့နေရာပဲ လို့ဆိုပြီး ဈေးကြီးတစ်ခုရဲ့အနားကို ပြောင်းကြပြန်ရောတဲ့။ ဈေးနားရောက်တဲ့အခါကျတော့ မောရှိကလေးက...

"ဝယ်ကြဦးမလားနော် ကြက်သွန်တွေ၊ အာလူးတွေ"လို့ အော်အော်ပြီး ဈေးရောင်းတမ်း ကစားပြန်ပါရောတဲ့။ ဒီအခါမှာ မိခင်ကြီးက

"ဒီနေရာမှာလည်း ကလေးတွေနေလို့ မသင့်ပါဘူးလေ"လို့ဆိုပြီး စာသင်ကျောင်းတစ်ကျောင်းရဲ့အနီးကို ပြောင်းသွားသတဲ့။ စာသင်ကျောင်းနားရောက်တော့မှ မောရှိကလေးဟာ သူငယ်ချင်းတွေနဲ့ စာသင်တမ်း ကစားနေတော့တယ်တဲ့။ ဒါကိုတွေ့တော့မှ မောရှိရဲ့မိခင်ကြီးဟာ ရင်အေးသွားပြီး...

"ဒီနေရာဟာ ကလေးတွေနဲ့ အသင့်တော်ဆုံးပဲ"လို့ ဆုံးဖြတ်ကာ အမြဲနေထိုင်သွားတော့တယ်တဲ့ကွယ်။

ကဲ... ကလေးတွေရဲ့ပညာရေးမှာ ပတ်ဝန်းကျင်ဟာ ဘယ်လောက် အရေးကြီးတယ်ဆိုတာ ဒီပုံပြင်ကလေးက သက်သေပြနေတာပေါ့ကွယ်။

❑

## မောတောနော မောခုအာမိ

"မောခုအာမိဟာ မောခုအာမိပါပဲ"

ယာမာတိုးပြည့်ရှင်ဘုရင်ကြီး ဂျွန်းရှော နတ်ရွာစံတုန်းက သူ့ရဲ့သားတော် ဂျွန်းကဲကလေးဟာ လူလားမမြောက်သေးဘူးတဲ့ကွယ်။ ဒီတော့ သူ့ဖခင်ရဲ့ ထီးမွေနန်းလျာကို မဆက်ခံနိုင်သေးဘူးပေါ့။ ဒီသတင်းကိုသာ ရန်သူတွေက ကြားသွားရင် သူ့ရဲ့ယာမာတိုးနန်းတော်ကို ချက်ချင်း လာရောက် တိုက်ခိုက်ကြမှာ သေချာတာပေါ့။

ဒါကိုစိုးရိမ်တဲ့ ဘုရင်ကြီး ဂျွန်းရှောဟာ သူနဲ့အသံချင်းအလွန်တူတဲ့ မျက်မမြင်အဘိုးကြီး မောခုအာမိကို တောရွာကနေ နန်းတော်ကို ခေါ်ကာ အလုံပိတ်ထားတဲ့အခန်းထဲကနေပြီး မိမိကိုယ်စား ဘုရင်ကြီးလို ပြောဆိုဆုံးမဖို့ သေတမ်းစာထဲမှာ ရေးထားခဲ့သတဲ့။

ဒီလိုနဲ့ မောခုအာမိဟာ ဘုရင်အတုလုပ်ပြီး နန်းတော်ကြီးထဲမှာ နှစ်ရှည်လများ နေခဲ့ရသတဲ့။ ဂျွန်းကဲမင်းသားလေး လူလားမြောက်လာတဲ့ အချိန်ကျတော့ မောခုအာမိဟာ ဂျွန်းရှောဘုရင်ကြီးလို အယောင်ဆောင်နေဖို့ မလိုတော့ဘူးပေါ့ကွယ်။ ဒါကြောင့် ဂျွန်းကဲက မိမိရဲ့ဖခင်ကြီး ကွယ်လွန်သွားခဲ့ပြီဖြစ်ကြောင်း တိုင်းပြည်ကို ကြေညာကာ ထီးနန်းဆက်ခံသတဲ့။

ငွန်းရှောဘုရင်ကြီး ဟန်ဆောင်နေခဲ့ရတဲ့ မောခုအာမိဟာလည်း မလိုအပ်တော့တဲ့အတွက် သူ့ရဲ့မူရင်းနေရာ တောရွာကိုပဲ ပြန်ပို့လိုက်သတဲ့ကွယ်။

❑

## ထဲဇောခ

"မလိုဘဲ မြွေကိုခြေထောက်တပ်"

တစ်ခါတုန်းက သူဌေးကြီးတစ်ဦးဟာ အရက်ခွက်တစ်ခွက်တည်းကို အရက်ငှဲ့ပြီး တပည့်တွေကိုခေါ်ကာ

"ကဲ မင်းတို့သောက်ကြပေတော့"

လို့ တိုက်သတဲ့။ သူတိုက်တဲ့တပည့်တွေက အများကြီးဆိုတော့ အရက်ခွက် တစ်ခွက်တည်းကို ဝိုင်းသောက်လို့မဖြစ်ဘူးပေါ့ကွယ်။ ဒါနဲ့ တပည့်အားလုံးဟာ အခုလို တိုင်ပင်ကြသတဲ့။

"ကဲ တို့တစ်တွေ မြေကြီးပေါ်မှာ မြွေရုပ်အရေးပြိုင်ကြရအောင်၊ အရင်ဆုံးပြီးတဲ့လူက အရက်ခွက်ကို ယူသောက်ကြေးပေါ့"

သူတို့အားလုံး အဲဒီဆုံးဖြတ်ချက်ကို သဘောတူပြီး အပြိုင်အဆိုင် မြွေရုပ်ကိုရေးကြသတဲ့။ ဒီအခါမှာ တပည့်တစ်ယောက်ဟာ မြွေကို အစောဆုံးပြီးတဲ့အတွက် အရက်ခွက်ကို ဘယ်လက်နဲ့ လှမ်းယူလိုက်ပြီး

"တွေ့လား၊ ငါအရင်ဆုံးပြီးတယ်ကွ ဟား ဟား၊ မင်းတို့ကို မြွေမှာ ခြေထောက်တွေတောင် တပ်ပြနိုင်သေးတယ်"လို့ဆိုကာ ညာဘက်လက်နဲ့ မြွေရုပ်မှာ ခြေထောက်တွေတပ်ပြသတဲ့။

ဒီအခါမှာ ဒုတိယပြီးတဲ့လူက

“ဟော့ကောင် မြွေမှာ ခြေထောက်မပါဘူးကွ၊ မင်းဆွဲတာ မြွေရုပ်မဟုတ်ဘူး၊ ဒါကြောင့် မြွေရုပ်ကို ငါအရင်ဆုံး ပြီးတာ”

လို့ ပြောပြီး ပထမလူဆီက အရက်ခွက်ကို ယူသောက်လိုက်ပါရောတဲ့ကွယ်။

❑

## အုရရှိမားတားရော

ဟိုးရှေးရှေးတုန်းက ရွာတစ်ရွာမှာ အုရရှိမားလို့ခေါ်တဲ့ တံငါသည်တစ်ယောက်ရှိသတဲ့။ တစ်နေ့မှာ အုရရှိမားဟာ ငါးဖမ်းဖို့ ပင်လယ်ကမ်းစပ်ကိုသွားတဲ့အခါ ကလေးများ စုအုံပြီး ဆူညံနေတာကို တွေ့ရတယ်။ အုရရှိမားက သွားကြည့်လိုက်တဲ့အခါ ကလေးတွေဟာ လိပ်ကြီးတစ်ကောင်ကိုဖမ်းပြီး စနေကြတာကို တွေ့လိုက်ရတယ်။ အုရရှိမားတားရောဟာ အဲဒီလိပ်ကြီးကို သနားသွားပြီး ကလေးတွေကို “လိပ်ကြီးကို မစကြပါနဲ့ကွာ၊ သနားပါတယ်”လို့ တောင်းပန်ရှာတယ်။ ကလေးတွေကအုရရှိမားတားရောရဲ့စကားကို နားမထောင်ဘဲ လိပ်ကြီးကို ဆက်ပြီးစနေကြပြန်ရောတဲ့ကွယ်။ ဒါနဲ့ အုရရှိမားတားရောက “ဒီလိုဆိုရင် အဲဒီလိပ်ကြီးကို ဦးဦးကိုရောင်းပါလားကွာ”လို့ပြောပြီး ကလေးတွေထံကဝယ်ယူလိုက်သတဲ့။ ပြီးတော့မှ လိပ်ကြီးကို ပင်လယ်ထဲကို ပြန်လွှတ်လိုက်တယ်တဲ့ကွယ်။

နောက်သုံးရက်လောက်ကြာတဲ့အခါ အုရရှိမားဟာ ပင်လယ်ထဲမှာ လှေတစ်စင်းနဲ့ ငါးမျှားနေတုန်း နောက်ကနေပြီး “အုရရှိမားစံအုရရှိမားစံ”လို့ ခေါ်တဲ့အသံတစ်သံကို ကြားလိုက်ရတယ်။ ဘယ်သူကများ ခေါ်တာပါလိမ့်လို့ လှည့်ကြည့်လိုက်တဲ့အခါမှာ အုရရှိမားဟာ လိပ်

ကြီးတစ်ကောင်ကို တွေ့လိုက်ရတယ်တဲ့ကွယ်။ အဲဒီလိပ်ကြီးဟာ လှေနံဘေးကို ကူးလာပြီး အုရရှိုးမားကို အကြိမ်ကြိမ် ကန်တော့နေပြန်သတဲ့ကွယ်။ ပြီးတော့ လိပ်ကြီးက...

"တလောတုန်းက ကယ်ဆယ်ခဲ့တဲ့အတွက် ကျေးဇူးတင်ပါတယ်ဗျာ၊ ကျွန်တော်ဟာ ခင်ဗျားကယ်တင်ခဲ့တဲ့ လိပ်ကြီးပါ၊ ကဲကဲ ကျွန်တော့်ကျောကုန်းပေါ်ကို တက်ပါ၊ ခင်ဗျားကို ရေနဂါးနန်းတော်ကို ပို့ပေးပါ့မယ်"လို့ ပြောသတဲ့။ အုရရှိုးမားတားရောလည်း အလွန်ပျော်သွားပြီး လိပ်ကြီးရဲ့ကျောကုန်းပေါ်ကို တက်လိုက်တော့တာပေါ့။ အဲဒီနောက် လိပ်ကြီးဟာ အုရရှိုးမားကို ကျောပိုးပြီး ပင်လယ်ရဲ့အောက်ဆုံးပိုင်းအထိ ငုပ်ဆင်းသွားသတဲ့။

ပင်လယ်ရဲ့အောက်ခြေဟာ ဥယျာဉ်ကြီးတစ်ခုလိုပဲ အလွန်လှပဆန်းကြယ်တယ်တဲ့ကွယ်။ မကြာခင်မှာပဲ အုရရှိုးမားနဲ့ လိပ်ကြီးတို့ဟာ အင်မတန် ခမ်းနားကြီးကျယ်တဲ့ ရေနဂါးနန်းတော်ကြီးကို ဆိုက်ရောက်သွားကြတော့တယ်။ နန်းတော်ထဲမှာတော့ အလွန်တရာ လှပချောမောတဲ့ အော်တောဟီမဲ့ဆမလို့ခေါ်တဲ့ ရေနဂါးမင်းသမီးကလေး နေထိုင်သတဲ့ကွယ်။ နဂါးမင်းသမီးကလေးဟာ အုရရှိုးမားကို တွေ့တွေ့ချင်း ခင်မင်သွားပြီး စားကောင်းသောက်ဖွယ်တွေနဲ့ ကျွေးမွေးဧည့်ခံတယ်တဲ့။ အုရရှိုးမားလည်း အလွန်ပျော်သွားပြီး အိမ်ကို ပြန်ဖို့တောင် မေ့သွားသတဲ့ကွယ်။

နောက်တစ်နေ့ရောက်တော့ အုရရှိုးမားဟာ သူ့ရဲ့မိဘတွေကို သတိရလာပြီး အိမ်ကိုပြန်ချင်တဲ့စိတ်တွေ ပေါ်လာတော့တာပေါ့။ နှစ်ရက်သုံးရက်လောက်ကြာတော့ အုရရှိုးမားက နဂါးမင်းသမီးကလေးကို ခုလိုတောင်းပန်သတဲ့။

"ခုလို ဧည့်ခံကျွေးမွေးပြုစုခဲ့တာ ကျေးဇူးအများကြီးတင်ပါတယ်ဗျာ၊ ဒါပေမဲ့ ကျွန်တော့်ဖေဖေနဲ့မေမေကို အောက်မေ့တဲ့အတွက် ဒီနေ့ပဲ ပြန်ပါရစေ"

နဂါးမင်းသမီးလေးလည်း အုရရှီးမားကို ဆက်နေပါဦးလို့ တောင်းပန်ပေမယ့် မရဘူးတဲ့။ နောက်ဆုံးမှာ နဂါးမင်းသမီးကလေးဟာ အုရရှီးမားအတွက် အလွန်လှပတဲ့ သေတ္တာကလေးတစ်လုံးကို လက်ဆောင်အဖြစ် ပေးလိုက်တယ်။ ပြီးတော့ “ဒီသေတ္တာကလေးကို ဘယ်တော့မှ မဖွင့်ပါနဲ့”လို့လည်း အကြိမ်ကြိမ် သတိပေးလိုက်သတဲ့ကွယ်။ အုရရှီးမားလည်း အဲဒီသေတ္တာကလေးကို ရင်ဝယ်ပိုက်ပြီး လိပ်ကြီးရဲ့ကျောပေါ်ကို တက်စီးကာ အိမ်ကိုပြန်လာခဲ့သတဲ့ကွယ်။

အုရရှီးမားဟာ သူအမြဲတမ်းငါးမျှားနေခဲ့တဲ့ ပင်လယ်ကမ်းခြေကို ပြန်ရောက်လာခဲ့ပေမယ့် ပတ်ဝန်းကျင်ရှုခင်းတွေကတော့ လုံးဝပြောင်းလဲနေတာကို တအံ့တသြ တွေ့လိုက်ရတယ်တဲ့ကွယ်။ သူ့ရဲ့အိမ်၊ သူ့ရဲ့မိဘနဲ့ သူငယ်ချင်းတွေကို တစ်ယောက်မှ မတွေ့ရတော့ဘူးတဲ့။ အုရရှီးမားအဖို့တော့ အိပ်မက်မက်နေသလို ခံစားနေရတာပေါ့ကွယ်။ ဒါနဲ့ အုရရှီးမားဟာ ဟိုဟိုဒီဒီ လျှောက်ပြီးကြည့်ပြန်သတဲ့။

ဒီလိုနဲ့ အသိအကျွမ်းတစ်ယောက်မှမတွေ့ရလို့ ပျင်းရိငြီးငွေ့လာတဲ့ အုရရှီးမားဟာ နဂါးမင်းသမီးလေးပေးလိုက်တဲ့ သေတ္တာကလေးကို ဖွင့်ကြည့်လိုက်မိသတဲ့။ အဲဒီအခါမှာ သေတ္တာကလေးထဲက အဖြူရောင်မီးခိုးတွေဟာ ရှူးခနဲ ပန်းထွက်လာပြီး အုရရှီးမားရဲ့ ခန္ဓာကိုယ်ကို ဝိုင်းအုံလိုက်တယ်တဲ့ကွယ်။ အဲဒီလို ဝိုင်းအုံလိုက်တဲ့အခါ အုရရှီးမားဟာ တဖြည်းဖြည်းနဲ့ အလွန်အိုမင်းတဲ့ ဆံဖြူသွားကျိုး အဘိုးအိုကြီးတစ်ယောက်အဖြစ် ပြောင်းလဲသွားပါရောတဲ့ကွယ်။

❑

## ကျောက်သားမှာ မြားစိုက်သလို

တစ်ခါတုန်းက တိုင်းပြည်တစ်ပြည်မှာ လေးပစ်အလွန်တော်တဲ့ 'ရီကော'ဆိုတဲ့ စစ်သည်တော်တစ်ဦးရှိသတဲ့။

တစ်နေ့တော့ ရီကောဟာ ကိုင်းပင်တွေရဲ့ကြားမှာ ကျားကြီးတစ်ကောင်ကို တွေ့လိုက်ရသတဲ့။ ရီကောဟာ သူ့ရဲ့လေးကိုင်းကြီးကို အားကုန်ဆွဲပြီး ရှိသမျှအင်အားတွေနဲ့ ကျားကြီးကို တည့်တည့်မှန်အောင် ပစ်ချလိုက်သတဲ့ကွယ်။

'ဒုတ်'ဆိုတဲ့အသံနဲ့အတူ မြားဟာ သူပစ်လိုက်တဲ့အရာထဲကို စိုက်ဝင်သွားတာပေါ့။ ဒါနဲ့ ရီကောဟာ အနားကိုသွားကြည့်လိုက်တော့ သူပစ်လိုက်တဲ့အရာဟာ ကျားမဟုတ်ဘဲ ကျောက်ဆောင်တစ်ခုဖြစ်နေတာကို တွေ့ရသတဲ့။

ဒါပေမဲ့ မြားကတော့ ကျောက်သားထဲကို ထက်ဝက်လောက် စိုက်ဝင်နေတယ်တဲ့ကွယ်။

အဲဒီအချိန်ကစပြီး "ကိုယ်လုပ်ရမယ့်အလုပ်ကို ဇွဲကောင်းကောင်းနဲ့ ကြိုးစားပြီး လုပ်ရင် ဘယ်လိုခက်ခဲတဲ့ အလုပ်ဖြစ်ဖြစ် အောင်မြင်နိုင်တယ်" ဆိုတဲ့သဘောကို ပြောတဲ့အခါ ဂျပန်တွေက

"အိချိနီထစုယာ"ဆိုတဲ့ စကားပုံကို ထည့်သုံးလာကြတာပေါ့ကွယ်။

❑

## မြင်းသေ၏အရိုး၊ ငွေငါးရာဖိုး

ဟိုးရှေးရှေးတုန်းက ဘုရင်ကြီးတစ်ပါးဟာ ဆုတော်ငွေတစ်ထောင်ထုတ်ပြီး "တစ်နေ့ကို မိုင်တစ်ထောင်ပြေးနိုင်တဲ့ မြင်းရှိရင်ဝယ်မယ်"လို့ ကြေညာသတဲ့။ ဒါပေမဲ့ သုံးနှစ်သုံးမိုးကြာတဲ့တိုင်အောင် မြင်းရောင်းမယ့်လူတစ်ယောက်မှ ပေါ်မလာဘူးတဲ့။

တစ်နေ့မှာ ပညာရှိအမတ်ကြီးက မိမိကို ဆုတော်ငွေတစ်ထောင်ပေးပါ။ မိုင်တစ်ထောင်ပြေးတဲ့ မြင်းကို ရအောင်ဝယ်ပေးပါ့မယ်လို့ ပြောပြီး မင်းကြီးထံက ငွေတစ်ထောင်ကိုယူကာ မြင်းကို လိုက်ရှာတော့သတဲ့။

သုံးလလောက်ကြာတော့ မိုင်တစ်ထောင်ပြေးတဲ့ မြင်းရှိတဲ့အရပ်ကို ပညာရှိအမတ်ကြီး ရောက်သွားတော့သတဲ့။ ဒါပေမဲ့ ပညာရှိအမတ်ကြီး မရောက်မီ တစ်နေ့ကပဲ မိုင်တစ်ထောင်ပြေးတဲ့ မြင်းကြီးက သေသွားခဲ့သတဲ့။ ဒါနဲ့ ပညာရှိအမတ်ကြီးက မြင်းသေရဲ့အရိုးကို ငွေငါးရာပေးပြီး ဝယ်လာကာ ရှင်ဘုရင်ကြီးကို ဆက်သသတဲ့။ ဘုရင်ကြီးလည်း မြင်းရိုးကို ငွေငါးရာကြီးများတောင် ပေးပြီး ဝယ်လာရပါ့မလားလို့ အမတ်ကြီးကို စိတ်ဆိုးပြီး ကြိမ်းမောင်းတော့ အမတ်ကြီးက "မြင်းရဲ့အရိုးကိုတောင် ဘုရင်ကြီးက ငွေငါးရာပေးရင် မြင်းအရှင်ဆိုရင် ငွေတွေအများကြီး

ပေးမှာပဲလို့ မြင်းကုန်သည်တွေ မထင်သွားပေဘူးလား အရှင်ဘုရား”လို့ ပြန်လည်လျှောက်တင်လိုက်သတဲ့။

အဲဒီနှစ်အတောအတွင်းမှာပဲ ဘုရင်ကြီးဟာ မိုင်တစ်ထောင်ပြေးတဲ့ မြင်းကြီးသုံးကောင်ကို ဝယ်ယူရရှိသွားတော့တယ်တဲ့ကွယ်။ အမတ်ကြီး ပြောတဲ့ စကားက မမှန်ပေဘူးလား။

❑

## နွားဆွဲ၍ ကျောင်းထဲရောက်ရသည်

ရှေးအခါက ဘယ်ဘာသာတရားကိုမှ မကိုးကွယ်တဲ့ အဘွားအို တစ်ယောက်ရှိသတဲ့ကွယ်။ တစ်နေ့တော့ နွားကြီးတစ်ကောင်ဟာ အဘွားအိုရဲ့ အိမ်ဝင်းပေါက်မှာ လာရပ်နေသတဲ့။ ရက်အတော်ကြာလာတဲ့တိုင်အောင် အဲဒီနွားကြီးဟာ နေရာက မရွေ့ဘူးတဲ့။ ဒါနဲ့ အဘွားအိုလည်း အဲဒီနွားကြီးကို ကြိုးနဲ့ချည်ပြီး သူ့ခြံထဲကိုဆွဲသွင်းဖို့ ကြိုးစားတော့တာပေါ့။ နွားကြီးလည်း လန့်ပြီး အပြင်ဘက်ကို ရုန်းကန်ထွက်ပြေးတော့သတဲ့။ အဘွားကတော့မှ ကြိုးတန်းလန်းနဲ့ နွားကြီးနောက်က အပြေးလိုက်ပါသွားရရှာတယ်။ နောက်ဆုံးမှာတော့ အဘွားအိုနဲ့ နွားကြီးဟာ ဘုရားကျောင်းဝင်းကြီးထဲကို ရောက်သွားကြတော့တယ်တဲ့ကွယ်။ အဘွားအိုအဖို့ ဘုရားကျောင်းဝင်းထဲကို ရောက်ဖူးတာ ဒီအကြိမ်ဟာ ပထမဆုံးပဲတဲ့ကွဲ့။

အဲဒီအချိန်ကစပြီး အဘွားကြီးဟာ ဘုရားကျောင်းဝင်းထဲကို နေ့တိုင်း သွားလည်ရာကနေ ဘုရားတရား အလွန်ကိုင်းရှိုင်းတဲ့ အမျိုးသမီးကြီးတစ်ဦး ဖြစ်လာခဲ့တော့တာပါပဲတဲ့ကွယ်။ ဇင်ကောဂျီဆိုတဲ့ ဘုရားကျောင်းဟာ နဂါးနီမြို့မှာ ရှိတယ်ကွဲ့။

❑

## မုဂ္ဂျန်း (အနုလုံ ပဋိလုံ)

တစ်ခါတုန်းက မြို့တစ်မြို့မှာ ဒိုင်းနဲ့လုံရောင်းတဲ့ ကုန်သည်တစ်ယောက်ရှိသတဲ့။ အဲဒီကုန်သည်က ပထမဆုံး 'ဒိုင်း'တစ်ခုကို ထောင်ပြီး "ဝယ်ကြဦးမလား၊ ဒိုင်းအကောင်းစားတွေနော်၊ ဒီဒိုင်းတွေဟာ သိပ်ခိုင်တယ်၊ ဘယ်လိုလုံမျိုးနဲ့ထိုးထိုး မပေါက်ဘူး"လို့ အော်ရောင်းသတဲ့။

နောက်တစ်ခါ လုံတစ်ချောင်းကိုထောင်ပြီး...

"ဝယ်ကြဦးမလား၊ လုံအကောင်းစားတွေနော်၊ သိပ်ထက်တဲ့လုံတွေ၊ ဒီလုံတွေဟာ ဘယ်လောက်ခိုင်တဲ့ ဒိုင်းကိုဖြစ်ဖြစ် ပေါက်အောင်ထိုးနိုင်တယ်"လို့ အော်ရောင်းသတဲ့။

အဲဒီအခါမှာ ဘေးက နားထောင်နေတဲ့ လူတစ်ယောက်က ကုန်သည်ကြီးကို...

"ဒီလိုဆိုရင်ဗျာ၊ ဘယ်လိုဒိုင်းကိုဖြစ်ဖြစ် ထိုးရင်ပေါက်တဲ့ ဟောဒီလုံနဲ့ ဘယ်လိုမှ ထိုးလို့မပေါက်တဲ့ ဟောဒီဒိုင်းကို သုံးလိုက်ရင် ဘယ်လိုဖြစ်သွားမလဲ"

လို့ မေးလိုက်သတဲ့။ ကုန်သည်လည်း အဲဒီလူရဲ့မေးခွန်းကို ပြန်မဖြေနိုင်ဘဲ လုံနဲ့ဒိုင်းတွေကို သိမ်းကာ ဈေးထဲကနေ တစ်ချိုးတည်း လစ်ပြေးပါလေရောတဲ့။

❑

## ကျောဆန်း ဘောရှိ

"နံနက်သုံးလုံး ညလေးလုံး"

တစ်ခါတုန်းက ရွာတစ်ရွာမှာ တိရစ္ဆာန်တွေကို အလွန်ချစ်တဲ့ ဆောကောဆိုတဲ့ လူတစ်ယောက်ရှိသတဲ့။ ဒီလူဟာ အထူးသဖြင့် မျောက်တွေကို သဘောကျပြီး သူ့ခြံထဲမှာ မျောက်တွေ အများကြီး မွေးထားသတဲ့ကွယ်။ တစ်နေ့တစ်ခါ မျောက်တွေကို အစာကျွေးရတာနဲ့ ပိုက်ဆံအများကြီး ကုန်တာပေါ့။

ဒီလိုနဲ့ ကုန်ဈေးနှုန်းတွေက တက်လာတဲ့အခါ မျောက်တွေကို အစာကျွေးရာမှာ လျှော့ကျွေးဖို့ ဆုံးဖြတ်လိုက်သတဲ့။ ဒါနဲ့ သူက မျောက်တွေအားလုံးကိုခေါ်ပြီး

"မင်းတို့ကို ဒီနေ့ သစ်သီးနံနက်သုံးလုံးနဲ့ ညလေးလုံးပဲ ကျွေးတော့မယ်"လို့ ပြောသတဲ့။

အဲဒီအခါမှာ မျောက်တွေဟာ အကြီးအကျယ် ဒေါသပွပြီး ဆူပူသောင်းကျန်းသတဲ့။ ဆောကောလည်း ကြံရာမရ ဖြစ်သွားပြီး...

"အဲအဲ ငါမှားသွားတယ်၊ မင်းတို့ကို ငါနံနက်လေးလုံး ကျွေးပါ့မယ်ကွာ၊ ညကျတော့ သုံးလုံးပေါ့"လို့ စကားပြင်ပြောလိုက်တဲ့အခါမှ မျောက်တွေက သဘောကျပြီး ဆက်မသောင်းကျန်းတော့ဘဲ ငြိမ်သွားသတဲ့။

အမှန်တော့ ဘယ်လိုပဲကျွေးကျွေး တစ်နေ့တာအတွက် စုစုပေါင်းက ခုနစ်လုံးကုန်တာချင်း အတူတူပါပဲကွယ်။ ဒါပေမဲ့ စကားအလိမ္မာသုံးတတ်ရင် တစ်ဖက်သား ကျေနပ်တယ်ဆိုတဲ့သဘောနဲ့ "ကျော့ဆန်း ဘောရှို နံနက်သုံးလုံး ညလေးလုံးကို ကျောရှို ဘောဆန်း"လို့ လှည့်သုံးရတာပဲပေါ့ကွယ်။

❑

## ကျေးဇူးသိသော ခွေးကလေးဟာချီ

ဟိုးရှေးရှေးတုန်းက တောရွာတစ်ရွာမှာ အလွန်ချစ်စရာကောင်းတဲ့ ခွေးကလေးတစ်ကောင်ရှိသတဲ့။ အဲဒီခွေးကလေးရဲ့နာမည်ကို ဟာချီလို့ ခေါ်တယ်တဲ့။ ခွေးကလေးဟာချီကို မွေးပြီး မကြာခင်မှာ မြို့မှာအလုပ်လုပ်နေတဲ့ ကုန်သည်ကြီးတစ်ဦးက သူ့အိမ်ကိုယူပြီး မွေးစားထားခဲ့တယ်။ ကုန်သည်ကြီးဟာ ခွေးကလေးဟာချီကို သူ့ရဲ့သားသမီးလိုပဲ ချစ်ခင်မြတ်နိုးတဲ့အတွက် အစာကောင်းတွေကျွေးပြီး ပြုစုထားခဲ့သတဲ့ကွယ်။

တောကယူလာစတုန်းကတော့ ဟာချီကလေးဟာ ပိန်ပိန်ကလေးပဲကွဲ့။ ဒါပေမဲ့ ကုန်သည်ကြီးရဲ့အပြုအစု ကောင်းမှုကြောင့် မကြာခင်မှာပဲ ဟာချီကလေးဟာ အလွန်ထွားကျိုင်းတဲ့ ခွေးကြီးတစ်ကောင် ဖြစ်လာတော့တာပေါ့။

ဟာချီဟာ နံနက်ခင်းမှာ သူ့သခင် တခြားမြို့ကိုသွားပြီး အလုပ်လုပ်ဖို့ ဘူတာရုံကို ဆင်းတဲ့အခါတိုင်း လိုက်ပို့ပေးရှာသတဲ့။ ညနေစောင်းလို့ ရထားဆိုက်တဲ့အချိန်မှာလည်း အလုပ်က ပြန်လာတဲ့ သူ့သခင်ကို ဘူတာရုံအထိ သွားကြိုရှာသတဲ့။ ဒါကြောင့် သူ့သခင်ဟာ ခွေးကလေးဟာချီကို တစ်နေ့တခြား ပိုပြီးခင်မင်တွယ်တာလာခဲ့တာပေါ့ကွယ်။

ကံမကောင်းချင်တော့ တစ်နေ့မှာ ဟာကျီရဲ့သခင် ကုန်သည်ကြီးဟာ အလုပ်ရုံကနေ တခြားမြို့တစ်မြို့ကို အလုပ်ကိစ္စနဲ့အသွား သင်္ဘောမှောက်ပြီး ရေနစ်သေဆုံးသွားပါရောတဲ့ကွယ်။ ဟာကျီကလေးကတော့ ဒီအဖြစ်အပျက်ကို ဘာမှမသိရှာဘူးတဲ့။ ညနေခင်း ရထားဆိုက်တဲ့အခါမှာ သူ့သခင် ပြန်လာမယ်အထင်နဲ့ အမောတကောပြေးပြီး ကြိုရှာတာပေါ့ကွယ်။ သူ့သခင်ပါမလာတော့ ယောင်လည်လည်ဖြစ်ပြီး ဟာကျီကလေးဟာ တစ်ကောင်တည်း အိမ်ကိုပြန်လာခဲ့ရရှာတယ်။

နောက်တစ်နေ့ညနေရောက်လို့ ရထားဆိုက်တဲ့အချိန်မှာလည်း ဟာကျီကလေးဟာ ဘူတာရုံကိုပြေးပြီး သူ့သခင်ကို လူအုပ်ကြီးရဲ့ကြားမှာ ရှာနေပြန်သတဲ့။ ဟာကျီကလေးဟာ တစ်နေ့ပြီးတစ်နေ့ သူ့သခင်ပါလာလေနိုးနဲ့ ရထားဘူတာရုံကို သွားပြီး ကြိုလာခဲ့လိုက်တာ ရက်တွေ၊ လတွေ၊ နှစ်တွေ ကြာညောင်းလာခဲ့တော့တာပေါ့ကွယ်။

၁၀ နှစ်လောက်ကြာသွားတဲ့အထိ ဟာကျီဟာ နေ့စဉ်မပြတ် သခင်ကို သွားရှာနေလေတော့ ဘူတာရုံကလူတွေက ဟာကျီကို မှတ်မိလာကြတော့တယ်။ ဒီလိုနဲ့ပဲ ဟာကျီဟာ တဖြည်းဖြည်း ကြီးပြင်းလာရာက ခွေးအိုကြီးတစ်ကောင်ဖြစ်ပြီး သခင်ကိုရှာရင်းနဲ့ ဘူတာရုံမှာပဲ သေဆုံးသွားရှာသတဲ့ကွယ်။

❑

# မော်မော်တားရော

ဟိုးရှေးရှေးတုန်းက ရွာတစ်ရွာမှာ အလွန်ဆင်းရဲတဲ့ အဘိုးနဲ့ အဘွားအိုလင်မယား နေထိုင်ကြတယ်တဲ့။ အဘိုးအိုဟာ နေ့တိုင်း တောထဲကို သွားပြီး ထင်းခွေရရှာတယ်။ အဘွားအိုကတော့ မြစ်ထဲကိုသွားပြီး သူတစ်ပါးရဲ့ အဝတ်တွေလျှော်ရင်း အသက်မွေးရရှာသတဲ့ကွယ်။

တစ်နေ့မှာ အဘွားအိုက မြစ်ဘေးမှာ အဝတ်လျှော်နေတုန်း မြစ်ထဲမှာ အလွန်ကြီးမားတဲ့ မော်မော်လို့ခေါ်တဲ့ မက်မွန်သီးကြီးတစ်လုံးဟာ မြုပ်လိုက်ပေါ်လိုက်နဲ့ မျောပါလာသတဲ့။ အဘွားအိုဟာ မြစ်ထဲကမက်မွန်သီးကြီးကို ဆယ်ယူပြီး အိမ်ကိုပြန်လာခဲ့တယ်။ အဘိုးအို တောထဲက ထင်းခွေပြီးပြန်လာတော့ အဘွားအိုက အဲဒီမက်မွန်သီးကြီးကို ပြတာပေါ့။ အဘိုးအိုက "ဟယ်... မက်မွန်သီးကြီးက အကြီးကြီးပါပဲလား၊ ဒီလိုမက်မွန်သီးမျိုး ငါ တစ်ခါမှမတွေ့ဖူးဘူး"လို့ တအံ့တဩ ချီးမွမ်းရင်း ပျော်ရွှင်နေရှာသတဲ့။

အဘွားအိုက မက်မွန်သီးကြီးကို ခွဲစားမယ်လည်း ရွယ်လိုက်ရော မက်မွန်သီးကြီးဟာ သူ့အလိုလို ခွပ်ခနဲ ကွဲသွားပြီး အထဲထဲက ယောကျ်ားကလေးတစ်ယောက် "အူဝဲ အူဝဲ"လို့အော်ပြီး ထွက်လာတယ်တဲ့ကွယ်။ 'မော်မော်' လို့ခေါ်တဲ့ မက်မွန်သီးကနေ မွေးဖွားလာတဲ့အတွက် အဲဒီကလေး

ကို အဘိုးအို လင်မယားက “မော်မော်တားရော”လို့ အမည်ပေးလိုက်ကြသတဲ့ကွယ်။ မော်မော်တားရောလေး ကြီးပြင်းလာတော့ အင်မတန်အားကောင်းတဲ့ လူငယ်ကလေး ဖြစ်လာခဲ့တော့တယ်။

တစ်နေ့တော့ မော်မော်တားရောက အဘိုးအိုနဲ့ အဘွားအိုကို ဒီလိုပြောသတဲ့။

“ကျွန်တော် အော်နိဂရှီးမား (သရဲကျွန်း)ကို သွားပြီး အဲဒီမှာရှိတဲ့ သရဲကြီးကို တိုက်ခိုက်ချင်ပါတယ်၊ ဒါကြောင့် ကျွန်တော် လမ်းမှာ စားဖို့ ပေါက်ပေါက်ဆုပ်တွေ လုံးပေးလိုက်ပါ”

အဘွားအိုက မော်မော်တားရောကို အလွန်ချစ်ရှာတော့ သူပြောတဲ့အတိုင်း ပေါက်ပေါက်ဆုပ်တွေ အများကြီးလုပ်ပေးတယ်တဲ့ကွယ်။ မော်မော်တားရောဟာ အဲဒီပေါက်ပေါက်ဆုပ်တွေကို အဝတ်နဲ့ထုပ်ပြီး ခါးမှာ ချိတ်ကာ အိမ်ကနေ ရဲဝံ့စွာထွက်လာခဲ့တော့တယ်။ အတော်ကလေး လျှောက်လာမိတော့ လမ်းမှာ လိမ်ဖည်လိမ်ဖည်နဲ့ လျှောက်လာတဲ့ ခွေးတစ်ကောင်ကို တွေ့သတဲ့။

“ဘယ်ကိုသွားမလို့လဲ မော်မော်တားရော”

“အော်နိဂရှီးမားကို သွားပြီး သရဲကြီးကို တိုက်ခိုက်မလို့ကွ”

“ခင်ဗျားရဲ့ခါးမှာ ချိတ်ထားတဲ့ အထုပ်ကြီးက ဘာထုပ်ကြီးလဲဗျ”

“လမ်းမှာ ငါစားဖို့ အမေလုပ်ပေးလိုက်တဲ့ ပေါက်ပေါက်ဆုပ်တွေကွ၊ သိပ်စားလို့ကောင်းတယ်”

“ကျွန်တော့်ကို တစ်လုံးလောက် ကျွေးပါလားဗျာ၊ ကျွန်တော် ခင်ဗျားနဲ့ အဖော်လိုက်ခဲ့ပါ့မယ်”

ဒီတော့ မော်မော်တားရောဟာ ခွေးကလေးကို ပေါက်ပေါက်ဆုပ်တစ်လုံး ထုတ်ကျွေးလိုက်တယ်။ ခွေးကလေးဟာ ပေါက်ပေါက်ဆုပ်ကို ဝမ်းသာအားရစားသောက်ပြီး မော်မော်တားရောရဲ့တပည့်အဖြစ် လိုက်လာခဲ့သတဲ့။

အဲဒီကနေ မော်မော်တားရောနဲ့ ခွေးကလေးဟာ အတန်ငယ် လျှောက်လာတဲ့အခါ လမ်းမှာ ခါငှက်တစ်ကောင်ကို တွေ့ကြပြန်ရောတဲ့။ ခါငှက်ကလည်း ခွေးကလေးမေးတဲ့ မေးခွန်းမျိုးကိုပဲ မော်မော်တားရောကို မေးပြန်သတဲ့။ ဒီတော့ မော်မော်တားရောက နောက်ထပ် ပေါက်ပေါက် ဆုပ်တစ်လုံးကို ထုတ်ပြီး ခါငှက်ကိုကျွေးပြန်တယ်။ ခါငှက်ကလေးလည်း ပေါက်ပေါက်ဆုပ်ကို ပျော်ရွှင်စွာ စားသောက်ပြီး မော်မော်တားရောရဲ့ တပည့်အဖြစ် လိုက်လာခဲ့ပြန်သတဲ့။ ဒီလိုနဲ့ ခရီးဆက်လာတော့ လမ်းမှာ မျောက်တစ်ကောင်ကို တွေ့ရပြန်တယ်။ မျောက်ကလည်း ခွေးနဲ့ခါငှက် လိုပဲ မေးတဲ့အတွက် မော်မော်တားရောက နောက်ထပ်ပေါက်ပေါက်ဆုပ် တစ်လုံးကို ထုတ်ပြီးကျွေးရတာပေါ့။ မျောက်လည်း ပျော်ရွှင်စွာ စားသောက် ပြီး မော်မော်တားရောရဲ့တပည့်အဖြစ် လိုက်လာခဲ့ပြန်တယ်။ နောက်ဆုံးမှာ မော်မော်တားရောဟာ ခွေး၊ ခါ၊ မျောက် အစရှိတဲ့ တပည့်သုံးကောင်နဲ့ အတူ သရဲကြီးနေတဲ့ အော်နိဂရှီးမားကို ဆိုက်ရောက်သွားကြတော့တယ်။

သရဲကြီးက သူ့ရဲ့ခြံဝင်းကြီးကို သံတံခါးကြီးတွေနဲ့ ခိုင်ခိုင်ခန့်ခန့် ပိတ်ထားတော့ မော်မော်တားရောတို့တတွေအဖို့ ခြံထဲကို ဝင်ဖို့မလွယ်လှ ဘူးပေါ့။ ဒါနဲ့ ခါငှက်ဟာ ကောင်းကင်ကနေ ပျံဝဲပြီး အထဲက ရန်သူ သရဲကြီးရဲ့အခြေအနေကို လေ့လာထောက်လှမ်းပေးတယ်။ မျောက်ကလည်း တံခါးပေါ်တွယ်တက်သွားပြီး အတွင်းဘက်ကနေ တံခါးမင်းတုပ်ကို ဖွင့်ပေးပြန်တယ်။ အဲဒီတော့ မော်မော်တားရောနဲ့ သူ့တပည့်ခွေးကလေးဟာ သရဲကြီးရဲ့ခြံထဲကို ဝင်လာနိုင်ခဲ့ကြတော့တယ်။ သရဲကြီးနဲ့ ရင်ဆိုင်တိုက်ခိုက် ကြတဲ့အခါမှာ ခါငှက်ကလေးက ကောင်းကင်ကနေ ပျံဝဲပြီး သရဲကြီးရဲ့ မျက်လုံးတွေကို သူ့နှုတ်သီးချွန်ချွန်ကလေးနဲ့ တအား ထိုးဖောက်ပစ်တာ ပေါ့။ မျောက်ကလေးကလည်း သရဲကြီးအပေါ် တွယ်တက်ပြီး မျက်နှာကို သူ့လက်သည်းတွေနဲ့ တအားကုတ်ခြစ်တယ်။ ခွေးကလေးကလည်း သရဲကြီး ရဲ့ ခြေသလုံးသားတွေကို တအားကိုက်ခဲပြန်တယ်။ မော်မော်တားရော ကလည်း သူ့မှာရှိတဲ့ စွမ်းအားအကုန်ထုတ်ပြီး သရဲကြီးကို နပန်းလုံးတော့

တာပေါ့။ မော်မော်တားရောက အားသန်လွန်းတော့ နောက်ဆုံးမှာ သရဲကြီးအောက်ကို လန်ကျသွားပြီး အရှုံးပေးတော့တယ်။ ပါးစပ်ကလည်း

"နောက်ဆိုရင် ခင်ဗျားတို့ လူတွေနေတဲ့ ရွာကိုလာပြီး ဒုက္ခမပေးတော့ပါဘူးဗျာ၊ ကျွန်တော့်အသက်ကို ချမ်းသာပေးပါ"လို့ တောင်းပန်ရှာသတဲ့။

ဒီတော့မှ မော်မော်တားရောက သရဲကြီးကို အသက်ချမ်းသာပေးပြီး

"နောက်တစ်ခါ ခင်ဗျားရော၊ ခင်ဗျားတပည့်တွေရော ကျုပ်တို့ရွာကိုလာပြီး ဒုက္ခပေးရင် ခင်ဗျားတို့ကို အသေသတ်ပစ်မယ်"လို့ ကြိမ်းမောင်းကာ လွှတ်ပေးလိုက်တယ်တဲ့။ သရဲကြီးဟာ သူ့အသက်ကို ချမ်းသာပေးတဲ့အတွက် ကျေးဇူးတုံ့ပြန်တဲ့အနေနဲ့ မော်မော်တားရောကို ရတနာသေတ္တာကြီးတစ်ခု လက်ဆောင်ပေးလိုက်တယ်။ မော်မော်တားရောဟာ အဲဒီရတနာသေတ္တာကြီးကို လှည်းကြီးတစ်ခုပေါ်မှာ တင်လိုက်တယ်။ အဲဒီရတနာလှည်းကြီးကို ခွေးက ရှေ့ကနေဆွဲတယ်။ မျောက်က နောက်ဘက်ကနေပြီး တွန်းတယ်။ ခါငှက်ကလေးကတော့ လှည်းမောင်းတဲ့ကြိုးကို ကိုင်ပြီး မောင်းတယ်။ ဒီလိုနဲ့ မော်မော်တားရောတို့တတွေဟာ ရွာကို ခပ်မြန်မြန်မောင်းပြီး ပြန်လာခဲ့ကြတော့တယ်။ အိမ်ကိုပြန်ရောက်လာတဲ့ မော်မော်တားရော တို့တတွေကိုလည်း တွေ့ရော အဘိုးကြီးနဲ့ အဘွားကြီးဟာ အလွန်ပျော်ရွှင်ဝမ်းမြောက်သွားကြတာပေါ့။

အဲဒီအချိန်ကစပြီး အလွန်ဆင်းရဲတဲ့ အဘိုးအိုနဲ့ အဘွားအိုတို့ဟာ သူတို့သားကလေး မော်မော်တားရောနဲ့အတူ ချမ်းသာကြွယ်ဝစွာ နေထိုင်သွားကြသတဲ့ကွယ်။

❑

**ရဲမြလွင်**



သမီးလေး

မှာရှား ရဲ့ (၁) နှစ်ပြည့်မွေးနေ့

(၁၉၊ နိုဝင်ဘာ၊ ၂၀၀၄) အတွက် . . .





ဂျပန်ဘာသာမှ

တိုက်ရိုက်ပြန်ဆိုထားသော

ရှားပါးပုံပြင်များ . . .